# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်၊ တနင်္ဂနွေနေ့။ Sunday, 3 November 2024 ၁၁၆၃၀


**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဥာဏ်အမြင်နှင့်လည်း ပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ -၂၁၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟိန္ဒူဘာသာဝင်များ၏ ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**ဟိန္ဒူဘာသာဝင်များ၏ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် ဆီမီးထွန်းညှိပူဇော်ခြင်းပွဲတော်ကာလမှစပြီး မိမိတို့နိုင်ငံသားအားလုံးက တစ်ဦးအပေါ်တစ်ဦး ချစ်ခင်လေးစားမှု၊ နားလည်ခွင့်လွှတ်မှုများမျှဝေပေးပြီး နိုင်ငံတော်နှင့်ကမ္ဘာကြီးတွင် ငြိမ်းချမ်းသာယာမှုများဖြစ်ပေါ်လာအောင် ဝိုင်းဝန်းကြိုးစား**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂**

မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် ဟိန္ဒူဘာသာဝင်များ စုပေါင်းကျင်းပသည့် ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစောနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဟိန္ဒူမျိုးနွယ်စုများ၊ ဟိန္ဒူရိုးရာယဉ်ကျေးမှု အဖွဲ့များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

**ယနေ့ ဖတ်စရာ**

**ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ပါဝင်ယှဉ်ပြိုင်ကြမည့် ကရင်ပြည်နယ်ကိုယ်စားပြု အားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများ၏ ရင်တွင်းစကားသံများ**

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၆

**အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အလွတ်ခုန်လေထီးစစ်သည်များ ပွဲတော်အလံသယ်ဆောင်၍ ကွင်းအတွင်း ဆင်းသက်မည့်အစီအစဉ် ကြိုတင်လေ့ကျင့်**

စာမျက်နှာ » ၇

**နေ့စဉ်ပြုနေကြတဲ့ ဆက်ဆံရေးကောင်းဖို့**

ဆောင်းပါး စာမျက်နှာ » ၁၈

# နိုင်ငံတော်နှင့် ပြည်သူအကျိုးပြု မီဒီယာဖွံ့ဖြိုးတိုးတက်မှုရေးရှု

အမေရိကန်နိုင်ငံ မစ်ဇော်ရီ (Missouri) တက္ကသိုလ်သတင်းစာသင်တန်းကျောင်းကို စတင်တည်ထောင်ခဲ့သူ မစ္စတာဝေါလတာဝီလျံက သတင်းစာဆရာလက်သုံးဝါဒများကို ပြောကြားခဲ့သည့်အနက် "လူတိုင်းကိုလည်း အခွင့်အလမ်းပေးစေ၊ တရားဥပဒေအရသော်လည်းကောင်း၊ တော်သင့်သော လုပ်ခအရသော်လည်းကောင်း၊ လူလျှင်လူချင်း ညီရင်းအစ်ကိုကဲ့သို့ ဆက်ဆံပေါင်းသင်းသည့်အချက်ကို အသိအမှတ်ပြု၍သော်လည်းကောင်း ညီမျှသော အခွင့်အလမ်းပေးနိုင်စေ၊ ကမ္ဘာသူ ကမ္ဘာသားချင်း ရင်းနှီးမှုကို မြဲမြံစေ၍ နိုင်ငံအချင်းချင်း ချစ်ကြည်မှုကို စေတနာရင်းနှင့် ဆောင်ကြဉ်းစေလျက် မိမိနိုင်ငံကိုလည်း ချစ်မြတ်နိုးသောစိတ်ရှိစေ" ဟူသည့်အချက်ပါရှိသည်။

အဆိုပါအချက်သည် သတင်းစာဆရာများအားလုံး သိမှတ်သင့်သည့် အချက်ပင်ဖြစ်သည်။ နိုင်ငံတကာမှ ရှေးဦးသတင်းစာဆရာကြီးများသည် သတင်းစာလွတ်လပ်ခွင့်၊ အမှန်တရားထုတ်ဖော်ခွင့်၊ လူတိုင်းသတင်းသိပိုင်ခွင့်တို့ကို ပြောကြားခဲ့သလို မှန်ကန်မှု၊ မျှတမှု၊ မြန်ဆန်မှု၊ ဘက်မလိုက်မှု၊ ပြည်သူနှင့် နိုင်ငံအကျိုးစီးပွားအလေးထားမှုစသည့် သတင်းစာဆရာတိုင်း လိုက်နာကျင့်သုံးအပ်သည့် ကျင့်ဝတ်များကို အသိပေးထားသည်။ အနှစ်ချုပ်မှာ သတင်းသိပိုင်ခွင့်ကို သတင်းစာပညာဖြင့် ကမ္ဘာသူ ကမ္ဘာသားများနှင့် နိုင်ငံအချင်းချင်း အကျိုးပြုရေးဖြစ်သည်။ သို့သော် မျက်မှောက်ကာလ၌ အချို့သတင်းစာဆရာများသည် ကျင့်ဝတ်များကို ဖောက်ဖျက်လျက် နိုင်ငံနှင့်ပြည်သူများ ပျက်စီးရာပျက်စီးကြောင်းကိုသာ ရှေးရှုလုပ်ဆောင်နေသည်ကိုတွေ့ရသည်။

အောက်တိုဘာလ၏ နောက်ဆုံးသီတင်းပတ်က ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု ရက်သတ္တပတ်အခမ်းအနားများကို ကမ္ဘာပေါ်ရှိ နိုင်ငံအများစုတွင် ကျင်းပခဲ့သည်။ အဆိုပါ အခမ်းအနားကို နိုင်ငံများတွင် နှစ်စဉ်နှစ်တိုင်းကျင်းပကြသည်။ ယခုနှစ်အတွက် အဓိကဖော်ညွှန်းချက်မှာ "သတင်းအချက်အလက်များ၏ ဒစ်ဂျစ်တယ်နယ်ပယ်သစ်၊ ပြည်သူ့အကျိုးပြုသတင်းအချက်အလက်များအတွက် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာသိနားလည်မှု" ဟူ၍ဖြစ်သည်။ မျက်မှောက်ကာလတွင် ဒစ်ဂျစ်တယ်အခင်းအကျင်းသစ် ပေါ်ထွန်းလာမှုကြောင့် သတင်းသိပိုင်ခွင့် အခွင့်အလမ်းများ များပြားလာမှုနှင့်အတူ စိန်ခေါ်မှုများကို ဖော်ထုတ်နိုင်ရေး အသိပေးနှိုးဆော်လာကြသည်။

၂၀၂၄ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု ရက်သတ္တပတ်အတွက် သတ်မှတ်ပေးခဲ့သည့် အချက်(၅)ချက်တွင် ပထမဦးစားပေးအချက်၌ သတင်းတု၊ သတင်းမှားများ၊ အမုန်းစကားများ၊ အွန်လိုင်းအရင်းအမြစ်များနှင့် ပုဂ္ဂိုလ်ရေးချိုးဖောက်မှုများအပါအဝင် အွန်လိုင်းစိန်ခေါ်မှုများနှင့် ခြိမ်းခြောက်မှုများကြောင့် လူအများစုရင်ဆိုင်နေရသော အခက်အခဲများကို ဖော်ထုတ်ရန်ဆိုသည့် အချက်ပါရှိသည်။ မျက်မှောက်ကာလ အလျင်အမြန်တိုးတက်နေသော နည်းပညာခေတ်၌ ပြည်သူအများစုသည် အွန်လိုင်းပေါ်တွင် သတင်းစားသုံးလျက်ရှိသည်။ သတင်းစားသုံးကြရာ၌ မီဒီယာအချို့၏ သတင်းစာကျင့်ဝတ်များကိုဖောက်ဖျက်လုပ်ကိုင်လာကြသောကြောင့် သတင်းအဆိပ်သင့်မှုများဖြစ်လာသည်။

သတင်းအဆိပ်သင့်မှု၊ မမှန်သတင်းများ လွှမ်းမိုးမှုကြောင့် နိုင်ငံနှင့်ပြည်သူများ ထိခိုက်နစ်နာမှုများ ဖြစ်ကြရသည်။ နိုင်ငံကြီးအချို့၏ မီဒီယာကို လက်နက်သဖွယ်အသုံးချမှု၊ မီဒီယာလွှမ်းမိုးချုပ်ကိုင်ထားမှုများကြောင့် အဆိုပါနိုင်ငံကြီးများအလိုကျ ဘက်လိုက်သတင်းများ၊ မမှန်သတင်းများကို စဉ်ဆက်မပြတ် ထုတ်ပြန်နေကြသည်။ အစဉ်အဆက်လိုက်နာကျင့်သုံးရန် ထုတ်ပြန်အသိပေးထားသော သတင်းစာဆရာကျင့်ဝတ်များကိုသိလျက်နှင့် မျက်ကွယ်ပြုပြီး သတင်းအဆိပ်ခတ်မှုများကြောင့် ဖြစ်ပေါ်လာသော စိန်ခေါ်မှုများကို ဝိုင်းဝန်းတိုက်ဖျက်နိုင်ရန် နိုင်ငံအများက စုပေါင်းကြိုးပမ်းနေကြသည်။ မီဒီယာများအနေဖြင့် အွန်လိုင်းပေါ်တွင် ရေးသားဖော်ပြချက်များကို တာဝန်ယူမှု တာဝန်ခံမှုရှိစွာဖြင့် လုပ်ကိုင်နိုင်ကြစေရန်၊ ပြည်သူများအနေဖြင့် ဝေဖန်သုံးသပ်စဉ်းစားနိုင်ကြစေရန်၊ သတင်းအချက်အလက်များကို အကဲဖြတ်နိုင်ရန်နှင့် သတင်းတုများ၊ ဖန်တီးသတင်းများကို သတိမူတတ်စေရန် လိုအပ်လာသည်။

အဖျက်မီဒီယာများအနေဖြင့် ၎င်းတို့အကျိုးစီးပွားအတွက် အဖျက်သတင်းများကို ဆက်လက်လုပ်ကိုင်နေမည်ဖြစ်ရာ နိုင်ငံနှင့်ပြည်သူအကျိုးပြုမီဒီယာများ ခိုင်မာအားကောင်းရေး၊ ပြည်သူများအနေဖြင့် အမှားအမှန်၊ အကျိုးပြု/မပြု ခွဲခြားဆင်ခြင်သုံးသပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ကမ္ဘာတစ်ခွင်မှ အကြောင်းအရာများ ဖန်တီးပုံဖော်သူများ၊ လူငယ်များနှင့် ပြည်သူများအား ဆန်းသစ်သည့်မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုကို ဦးစီးဦးဆောင်ပြုကာ အကောင်းဆုံးကျင့်သုံးနိုင်သူများဖြစ်စေရန်ရည်ရွယ်၍ အသိအမြင်များ မြှင့်တင်ပေးရန်လိုအပ်သည်။ မျက်မှောက်ခေတ် ဒစ်ဂျစ်တယ်စနစ်၏အရေးပါမှုနှင့် သတင်းတု၊ သတင်းမှားများ၏အန္တရာယ်ကို ပိုမိုကျယ်ပြန့်စွာ အသိပေးလှုံ့ဆော်ရမည်ဖြစ်သည်။

သတင်းစာဆရာများ၏ မူလကျင့်ဝတ်များသည် အလွန်မွန်မြတ်မှန်ကန်သည့် ကျင့်ဝတ်များဖြစ်သည်။ သို့သော် နိုင်ငံရေးအရ အသုံးချမှုများရှိလာခြင်းကြောင့် သတင်းစာဆရာကျင့်ဝတ်များကို ဖောက်ဖျက်ပြီး နိုင်ငံနှင့် ပြည်သူများ အကျိုးစီးပွားပျက်ပြားစေရန် သတင်းတု၊ သတင်းမှား၊ ဘက်လိုက်သတင်းများနှင့် အခါပေးသတင်းများဖြင့် ဖန်တီးပုံဖော်မှုများရှိလာရာ နိုင်ငံနှင့်ပြည်သူအကျိုးကို ရှေးရှုသည့် မီဒီယာအသိုင်းအဝိုင်းအားလုံးက သတင်းအဆိပ်မသင့်စေရေး၊ အေးချမ်းသာယာဝပြောသည့် လူ့ဘောင်လောကကို တည်ဆောက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။




## သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီးတွင် မသိုးသင်္ကန်းယှဉ်ပြိုင်ရက်လုပ်ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီးတွင် (၂၄)ကြိမ်မြောက် မသိုးသင်္ကန်း ယှဉ်ပြိုင်ရက်လုပ် ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲကို စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကပ်လှူပူဇော်မည်**

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်၌ ၁၃၈၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက် (နိုဝင်ဘာ ၁၄ ရက်၊ ကြာသပတေးနေ့) ညနေ ၄ နာရီခွဲတွင် ဖွင့်ပွဲအခမ်းအနား ကျင်းပ၍ မသိုးသင်္ကန်းတော်များ ရက်လုပ်ကာ တန်ဆောင်မုန်းလပြည့် (နိုဝင်ဘာ ၁၅ ရက်၊ သောကြာနေ့) နံနက်အရုဏ်မတက်မီ နံနက် ၄ နာရီခွဲတွင် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ကပ်လှူပူဇော်သွားမည်ဖြစ်သည်။

ယင်းနောက် နံနက် ၅ နာရီ ၁၅ မိနစ်တွင် ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ပြီး နံနက် ၆ နာရီတွင် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ လှူဒါန်းမှု အစုစုအတွက် အနုမောဒနာတရားနာကြားကာ ကုသိုလ်အမျှပေးဝေကြမည်ဖြစ်သည်။ ထို့ကြောင့် သဒ္ဓါကြည်လင်ပါရမီရှင်များအနေဖြင့် မသိုးသင်္ကန်းယှဉ်ပြိုင်ရက်လုပ် ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းတော်ကြီး ကပ်လှူပူဇော်ပွဲသို့ ကြွရောက်၍ ကြည်ညိုသဒ္ဓါပွားများပြီး တတ်အားသရွေ့ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက ဂေါပကအဖွဲ့ရုံးသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ဇော်မင်းလတ်(MNA)

## ဘုတလင်မြို့နယ်၌ မိုးသီးနှံနှမ်း လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်

မုံရွာ နိုဝင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်၌ မိုးသီးနှံနှမ်း ၅၃၁၀၂ ဧက စိုက်ပျိုးပြီးစီး၍ လျာထားကေထက် ၁၀၃၂ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ပူးပေါင်းဆောင်ရွက်**

မိုးနှမ်းများ စိုက်ပျိုးရာတွင် နှမ်းမျိုးများဖြစ်သည့် ဆင်းရတနာ-၃၊ သိပ္ပံနှမ်းနက်၊ ရိုးစိမ်း၊ ရုပ်ကလေးမျိုးများကို အထွက်နှုန်းကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေးတို့အတွက် စံကွက်များ၊ စမ်းသပ်ကွက်များကို စိုက်ပျိုးထားရှိပြီး တောင်သူများ မိုးနှမ်းစိုက်ပျိုးရာသီတွင် သီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် လိုအပ်သော စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ၊ သွင်းအားစုများ၊ သီးနှံမျိုးစေ့များ သက်ဆိုင်ရာခရိုင်၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဝန်ထမ်းများက ကူညီထောက်ပံ့ပေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ပိုးမွှားရောဂါများ ကျရောက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးဆိုင်ရာ နည်းလမ်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မိုးနှမ်းများကို အောက်တိုဘာ ၁ ရက်မှစတင် ရိတ်သိမ်းလျက်ရှိရာ ယနေ့အချိန်အထိ စိုက်ဧက၏ ၆၃ ရာခိုင်နှုန်း ရိတ်သိမ်းပြီးစီးကာ တစ်ဧကပျမ်းမျှအထွက်နှုန်း ၅ ဒသမ ၅၄ တင်း ထွက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၂

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| ခေတ္တ စာတည်းမှူး | - ဦးအေဝမ်းစိုး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးတို့ ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြစဉ်။

❂ ရွှေဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များအား တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ဟိန္ဒူရိုးရာ ဒီပါဝလီအထိမ်းအမှတ် အခမ်းအနား မင်္ဂလာမုခ်ဦးကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဟိန္ဒူရိုးရာကဘူးများမှုတ်ခြင်း၊ မိုးပျံပူဖောင်းများ လွှတ်တင်ခြင်းများကို ဆောင်ရွက်ကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား ဟိန္ဒူရိုးရာ ဆီမီးနံ့သာဖြင့် ကြိုဆိုကြသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးတို့က ဒီပါဝလီအထိမ်းအမှတ် အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ဟိန္ဒူအသင်းအဖွဲ့ပြခန်းများ၊ ဟိန္ဒူမျိုးနွယ်စုပြခန်းများကို ပြခန်းတစ်ခုချင်းစီ အလိုက် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အခမ်းအနား အစီအစဉ်ဒုတိယပိုင်းကို ပြဇာတ်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် ဇနီး၊ တာဝန်ရှိသူများက ဒီပါဝလီအထိမ်းအမှတ် ဆီမီးထွန်းညှိပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် ဇနီးတို့က မင်္ဂလာဂုဏ်ပြုပဝါနှင့် ပန်းကုံးကို ဂါရဝပြုဆင်မြန်းပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် ဒီပါဝလီနေ့နှင့် ဆီမီးထွန်းညှိခြင်းတို့နှင့်ပတ်သက်၍ အခမ်းအနားမှူးက ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ တစ်ကိုယ်တော်အကဖြင့် ဖျော်ဖြေမှု၊ Ganesha ဓမ္မတေးဖြင့် ပူဇော်မှု၊ ဆီမီးခွက်အကဖြင့် ဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

**အလွန်အဓိပ္ပာယ်ရှိ**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဟိန္ဒူရိုးရာ ဒီပါဝလီအထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ခြင်းနှင့်ပတ်သက်၍ ပြောကြားရာတွင် ဒီပါဝလီပွဲတော်သည် ဟိန္ဒူ



ဟိန္ဒူရိုးရာ ဒီပါဝလီအထိမ်းအမှတ်အခမ်းအနားမင်္ဂလာမုခ်ဦးကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

ဘာသာဝင်တို့၏ ရိုးရာမီးထွန်းပွဲတော်ဖြစ်ပြီး "ဒီပ" ဟူသည့် မီးအလင်းရောင်နှင့် "အာဝလိ" ဟူသည့် စီတန်းခြင်းဟူသော အဓိပ္ပာယ်တို့ကိုပေါင်းစပ်၍ ဆီမီးအလင်းရောင်များဖြင့် စီတန်းထွန်းညှိပူဇော်ခြင်း အဓိပ္ပာယ်ရသည်ဟု သိရှိရပါကြောင်း၊ ထိုသို့ ဆီမီးပူဇော်ခြင်းအားဖြင့် အလင်းမှ အမှောင်ကို ခွင်းနိုင်သကဲ့သို့ မကောင်းသည့် အခြေအနေဆိုးမှ ကောင်းခြင်းတရားများ ရောက်ရှိလာစေရန်၊ မျှော်လင့်ချက်ရောင်ခြည်များ ပေါ်ထွန်းလာစေရန်ဟူသည့် ယုံကြည်ချက်များဖြင့် ယခုကဲ့သို့ ဆီမီးပူဇော်ကြသည်ဟု သိရပါကြောင်း၊ စာပေ၌ "အမှောင်ခွင်း၍ အလင်းဆောင်အံ့" ဟုဆိုကြပြီး အလင်းရောင်သည် လူသားတို့အားလုံးအတွက် ကောင်းကျိုးဖြစ်စေမည့် အဓိကခွန်အားစွမ်းအားဖြစ်ကာ အလွန်ပင် အဓိပ္ပာယ်ရှိပါကြောင်း၊

စာမျက်နှာ ၄ သို့ ❂





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟိန္ဒူရိုးရာဒီပါဝလီအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ခြင်းနှင့်ပတ်သက်၍ ပြောကြားစဉ်။

❂ စာမျက်နှာ ၃ မှ

ထို့ကြောင့် ဟိန္ဒူဘာသာဝင်များ အနေဖြင့် ယခုကဲ့သို့ ပွဲတော်ကျင်းပသည့် အခါသမယတွင် ရိုးရာဝလေ့ထုံးတမ်းများနှင့်အညီ ဘုရားကျောင်းများ၊ မိမိတို့၏ နေအိမ်များတွင် ဆီမီးများကို လှပစွာ ထွန်းညှိပူဇော်ကြခြင်းသည် ဘဝ၏တိုးတက်မှုခွန်အားများကို အားလုံးရစေမည်ဟု ယုံကြည်ပါကြောင်း။

ယခုနှစ်ကျင်းပသည့် ဒီပါဝလီနေ့အထိမ်းအမှတ် အခမ်းအနားသည်လည်း ယခင်နှစ်များနှင့်မတူဘဲ မြန်မာနိုင်ငံအတွင်း၌ရှိသည့် ဟိန္ဒူဘာသာရေးအဖွဲ့အစည်းများအပါအဝင် လူမှုရေးအဖွဲ့အစည်းများအားလုံးနှင့် ဘာသာဝင်များ၊ အခြားသော ဘာသာဝင်များ စုပေါင်းပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်သွားခြင်းဖြစ်ကြောင်း၊ ယင်းသည် မိမိတို့နိုင်ငံအတွင်း၌ရှိသည့် မတူကွဲပြားသည့် ဘာသာဝင်များအကြား သင့်မြတ်ညီညွတ်မှုကို ပြသနေခြင်းဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ ဟိန္ဒူဘာသာဝင်များအားလုံး စုစုစည်းစည်း ပါဝင်ဆင်နွှဲခြင်းသည် မှတ်တိုင်တစ်ခုဖြစ်သည့်အတွက် မိမိအနေဖြင့် အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်းကို ပြောကြားလိုပါကြောင်း။

မိမိတို့ မြန်မာနိုင်ငံသားများသည် လူမျိုးအရဖြစ်စေ၊ ဘာသာတရားအရဖြစ်စေ ကွဲပြားမှုများရှိကြောင်း၊ သို့သော်လည်း အမိမြေပေါ်တွင် အတူတကွကြီးပြင်းလာကြသူများဖြစ်ကြသည်မှာ တူညီသည့်အတွက် တစ်ဦး၏ယုံကြည်ရာဘာသာတရားကို အခြားတစ်ဦးက လေးစားကြရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုများမှတစ်ဆင့် မြန်မာနိုင်ငံ၏အကျိုးကို ဝိုင်းဝန်းသယ်ပိုးသွားကြစေလိုကြောင်း၊ သို့သော်လည်း ယနေ့အချိန်တွင် မိမိတို့နိုင်ငံ၌ ဖြစ်ပေါ်နေသည့် ပဋိပက္ခများသည် နိုင်ငံရေးအရ ဖြစ်ပေါ်လာသည့် ပြဿနာကို နိုင်ငံရေးအရ ဖြေရှင်းမှုမရှိခြင်းကြောင့် ဖြစ်ကြောင်း၊ ပြည်ပမှ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး စသည့်လှုံ့ဆော်မှု အမျိုးမျိုးကို အခြေခံနေတာတွေ့ရကြောင်း၊ ယင်းသို့သွေးထိုးလှုံ့ဆော်မှုများမှတစ်ဆင့် နိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များကို မိုက်မဲစွာ ကျူးလွန်နေကြခြင်းပင်ဖြစ်ကြောင်း၊ သွေးကွဲနေပါက သွေးထိုးခံနေရမည်ပင် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း ဒီမြေ၊ ဒီရေ၊ ဒီလေကို တူညီစွာသုံးစွဲနေထိုင်ကြသည့် မည်သည့်လူမျိုး၊ မည်သည့် ဘာသာဝင်ပင်ဖြစ်ပါစေ မြန်မာနိုင်ငံကိုချစ်သည့်စိတ်၊

စာမျက်နှာ ၅ သို့ ❃



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက မင်္ဂလာဂုဏ်ပြုပဝါ ဂါရဝပြုဆင်မြန်းပေးစဉ်။

☆ **မိမိတို့မြန်မာနိုင်ငံသားများသည် လူမျိုးအရဖြစ်စေ၊ ဘာသာတရားအရဖြစ်စေ ကွဲပြားမှုများရှိကြောင်း၊ သို့သော်လည်း အမိမြေပေါ်တွင် အတူတကွကြီးပြင်းလာကြသူများဖြစ်ကြသည်မှာ တူညီသည့်အတွက် တစ်ဦး၏ယုံကြည်ရာဘာသာတရားကို အခြားတစ်ဦးက လေးစားကြရမည်**

☆ **ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုများမှတစ်ဆင့် မြန်မာနိုင်ငံ၏ အကျိုးကို ဝိုင်းဝန်းသယ်ပိုးသွားကြစေလို**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ ဆီမီးခွက်အကဖြင့်ဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

✻ စာမျက်နှာ ၄ မှ
ပြည်ထောင်စုစိတ်ဓာတ် မွေးပြီး နေကြရန်လိုကြောင်း၊ ယနေ့အချိန်တွင် မိမိအနေဖြင့် နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည် လျှောက်လှမ်းနိုင်ရန်အတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ အတိုင်း အကောင်အထည် ဖော်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ဖြစ်ပေါ်နေသည့် ပဋိပက္ခများ ချုပ်ငြိမ်းပြီး မိမိတို့အားလုံး သွားလိုသည့် လမ်းကြောင်းပေါ် အမြန်ဆုံး ပြန်လည်ရောက်ရှိစေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း။

**အဖြေရှာဆောင်ရွက်ပေးခဲ့**

မိမိတို့နိုင်ငံတွင် မတူညီမှုများ ကွဲပြားမှုများရှိနေသည် မှန်သော်လည်း အဆိုပါ မတူကွဲပြားမှုများကို စုစုစည်းစည်း စည်းရုံးနိုင်ခြင်းကသာ အင်အားကို ဖြစ်စေပါကြောင်း၊ ထိုကဲ့သို့ စုစည်းသည့် အင်အားရရှိစေရေး မိမိကိုယ်တိုင် ဦးဆောင်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိအနေဖြင့် မြန်မာပြည်ဖွား အိန္ဒိယလူမျိုးစု အဖွဲ့အစည်းများ၊ တရုတ်လူမျိုးစု အဖွဲ့အစည်းများနှင့် မိမိ၏ ကိုယ်စားလှယ်များ တွေ့ဆုံစေခဲ့ကြောင်း၊ အဆိုပါအဖွဲ့အစည်းများ၏ လိုအပ်ချက်များကို မေးမြန်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ ယဉ်ကျေးမှုအဖွဲ့များအား အမှတ်တရဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်စဉ်။

သည့်အပြင် ၎င်းတို့၏ သုံးသပ်ချက်များအပေါ် အဖြေရှာဆောင်ရွက်ပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ရှိသည့် ဘာသာပေါင်းစုံ၏ ဘာသာရေးဆိုင်ရာ အခမ်းအနားများ၊ လူမျိုးစုများဆိုင်ရာ အထိမ်းအမှတ်နေ့များနှင့် အခမ်းအနားများကို မိမိတို့အစိုးရအနေဖြင့် တတ်နိုင်သမျှ အားပေးကူညီနေသည်ကိုလည်း အားလုံးက မျက်မြင်ကိုယ်တွေ့ပင် ဖြစ်ကြောင်း၊ ယနေ့တွင်လည်း ဒီပါဝလီပွဲတော် အထိမ်းအမှတ် အခမ်းအနားကို တက်ရောက်သူများ အားလုံးနှင့် အတူ စည်းလုံးမှု၊ စုစည်းမှုအားကို မြင်တွေ့ရသည့်နေ့ပင် ဖြစ်ပါကြောင်း၊ မိမိတို့ ယခုထက် ပိုခိုင်မြဲအောင် ဆက်လက်တည်ဆောက်သွားကြရန် လိုပါကြောင်း။

ထို့ကြောင့် ယခုကဲ့သို့ ဟိန္ဒူဘာသာဝင်များ၏ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် ဆီမီးထွန်းညှိ ပူဇော်ခြင်း ပွဲတော်ကာလမှစပြီး မိမိတို့ နိုင်ငံသားအားလုံးက တစ်ဦးအပေါ်တစ်ဦး ချစ်ခင်လေးစားမှု၊ နားလည်ခွင့်လွှတ်မှုများ မျှဝေပေးပြီး နိုင်ငံတော်နှင့် ကမ္ဘာကြီးတွင် ငြိမ်းချမ်းသာယာမှုများ ဖြစ်ပေါ်လာအောင် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြု ဆုမွန်ကောင်းစကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။




မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက အမှတ်တရ စကားပြောကြားစဉ်။

**ကျေးဇူးတင်စကားပြောကြား**

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက အမှတ်တရစကားနှင့် ဒီပါဝလီ အထိမ်းအမှတ်ပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကား အသီးသီးပြောကြားကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများအား ဟိန္ဒူရိုးရာယဉ်ကျေးမှုအဖွဲ့နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ယဉ်ကျေးမှုအဖွဲ့များက ဟိန္ဒူရိုးရာယဉ်ကျေးမှု အကပဒေသာများ၊ လူမျိုးစုများ၏ ရိုးရာအကများ၊ မြန်မာရိုးရာအကများဖြင့် သီဆိုကပြ ဖျော်ဖြေကြသည်။ ဖျော်ဖြေမှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် ဇနီးတို့သည် ယဉ်ကျေးမှု အဖွဲ့များအား အမှတ်တရ ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဟိန္ဒူမျိုးနွယ်စုများ၊ ဟိန္ဒူရိုးရာယဉ်ကျေးမှု အဖွဲ့များအားရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ဒီပါဝလီအထိမ်းအမှတ်အခမ်းအနား ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်သို့ ပါဝင်ယှဉ်ပြိုင်ကြမည့် ကရင်ပြည်နယ်ကိုယ်စားပြု အားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများ၏ ရင်တွင်းစကားသံများ

**တွေ့ဆုံမေးမြန်း- စိုးစိုးအေး(IPRD)၊ စောသိန်းထွေး (NRC)**

၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ကရင်ပြည်နယ်ကိုယ်စားပြုအားကစားသမားများ စေလွှတ်ယှဉ်ပြိုင်နိုင်စေရေးနှင့် အောင်မြင်မှုများရရှိနိုင်ရေး အားကစားနည်းများအလိုက် ဘားအံမြို့ပေါ်ရှိ အားကစားကွင်း၊ အားကစားရုံးများတွင် စခန်းသွင်းလေ့ကျင့်လျက်ရှိရာ အားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများ၏ ရင်တွင်းစကားသံများကို ဖော်ပြပေးလိုက်ပါသည်-


မထက်ဝေဝေအောင်


မောင်ခိုင်ခန့်ကြည်


နန်းနှင်းဝေ


စောအောင်ထွန်းနေ


စောပြည့်ဖြိုးဦး


ဦးဇော်ဇော်မင်း

**မထက်ဝေဝေအောင်**
**(ဗိုဗီနမ်အားကစားသမား၊ ဘားအံမြို့)**

ကျွန်မကတော့ မထက်ဝေဝေအောင် ဖြစ်ပါတယ်။ ကရင်ပြည်နယ် ဘားအံမြို့နယ်က ဖြစ်ပြီး ဗိုဗီနမ်အားကစားနည်းနဲ့ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်မှာ ဝင်ရောက်ယှည်ပြိုင်မှာ ဖြစ်ပါတယ်။ ဗိုဗီနမ်အားကစားနည်းမှာ အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး သိုဗန်ညိုလို့ခေါ်တဲ့ အားကစားနည်းရယ်၊ ဆောင်းလွှေကီးလို့ခေါ်တဲ့ အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦး ဓားချင်းခုတ်တဲ့ အားကစားနည်းရယ်၊ တစ်ကိုယ်တော် လောင်းဝါဝေ့လို့ခေါ်တဲ့ အားကစားနည်းရယ် သုံးမျိုးပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ စခန်းသွင်းလေ့ကျင့်တဲ့အချိန်မှာတော့ နံနက် ၆ နာရီကနေ ၇ နာရီအထိ Physical ပိုင်းကို နည်းပြတွေနဲ့ အတူတူလေ့ကျင့်ပါတယ်။ နံနက် ၉ နာရီကနေ ၁၁နာရီအထိကတော့ နည်းစနစ်ပိုင်းကို နည်းပြတွေနဲ့ အတူ လေ့ကျင့်ပါတယ်။ ညနေ ၃နာရီခွဲကနေ ၅ နာရီအထိက နည်းပြတွေနဲ့အတူတူ နည်းစနစ်ပိုင်းကို ထပ်ပြီးတော့ လေ့ကျင့်ပါတယ်။ သမီးအနေနဲ့ ကရင်ပြည်နယ်အတွက် ပါဝင်ယှဉ်ပြိုင်မယ့် အားကစာနည်းသုံးမျိုးလုံးကို ရွှေတံဆိပ်ဆုရယူဖို့ မျှော်လင့်ထားပါတယ်။

**မောင်ခိုင်ခန့်ကြည်**
**(ပိုက်ကျော်ခြင်းအားကစားသမား၊ ဖာပွန်မြို့နယ်)**

ကျွန်တော်ကတော့ ကရင်ပြည်နယ် ဖာပွန်မြို့နယ်က မောင်ခိုင်ခန့်ကြည်ဖြစ်ပါတယ်။ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်မှာ ပိုက်ကျော်ခြင်း အားကစားနည်းနဲ့ ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ကျွန်တော်ကတော့ ဒီပိုက်ကျော်ခြင်း အားကစားနည်းကို ဒီတစ်ကြိမ်နဲ့ပါဆို လေးကြိမ်ယှဉ်ပြိုင်ခဲ့ပြီးဖြစ်ပါတယ်။ ကရင်ပြည်နယ်အတွက် ပထမဆုရရှိဖို့ မျှော်မှန်းထားပါတယ်။ ကျေးဇူးတင်ပါတယ်။

**နန်းနှင်းဝေ**
**(အမျိုးသမီးဘော်လီဘောအသင်း၊ ဘားအံမြို့)**

ကျွန်မကတော့ နန်းနှင်းဝေဖြစ်ပါတယ်။ ကရင်ပြည်နယ် ဘားအံမြို့က ဖြစ်ပါတယ်။ ကရင်ပြည်နယ်ကိုယ်စားပြု အမျိုးသမီးဘော်လီဘောအသင်းမှာ ပါဝင်ယှဉ်ပြိုင်သွားမှာပါ။ ဒီဘော်လီဘောအားကစားနည်းကို တိုင်းဒေသကြီးနှင့်ပြည်နယ်မှာ နှစ်ကြိမ်ကစားဖူးပါတယ်။ ငယ်စဉ်ကတည်းက ဝါသနာပါတာဖြစ်လို့ တက္ကသိုလ်ရောက်တဲ့အထိ ဒီကစားနည်းကို ကစားခဲ့ပါတယ်။ ကရင်ပြည်နယ် အမျိုးသမီးဘော်လီဘောအသင်းအနေနဲ့ ကရင်ပြည်နယ်အတွက် ရွှေတံဆိပ်ဆုရယူဖို့ ကြိုးစားသွားပါမယ်။

**စောအောင်ထွန်းနေ**
**(ဗိုဗီနမ်အားကစားသမား၊ သံတောင်ကြီးမြို့နယ်)**

ကျွန်တော်ကတော့ ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်မှ စောအောင်ထွန်းနေဖြစ်ပါတယ်။ ကရင်ပြည်နယ် ပညာရေးဒီဂရီကောလိပ် (ဘားအံ) က ဒုတိယနှစ်ကျောင်းသားဖြစ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားအားကစားပွဲတော်မှာ ဗိုဗီနမ် အားကစားနည်းထဲက နှစ်ယောက်တွဲ မာတောင် အားကစားနည်းရယ်၊ လေးယောက်တွဲ တင်းတောင်း အားကစားနည်းရယ် နှစ်မျိုးယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ စခန်းသွင်းလေ့ကျင့်တဲ့ အချိန်မှာလည်း နည်းပြတွေနဲ့အတူ စနစ်တကျလေ့ကျင့်ပါတယ်။ ကျွန်တော်တို့ရဲ့ အဓိကရည်မှန်းချက်ကတော့ အားကစားနည်းတိုင်းမှာ ရွှေတံဆိပ်ဆု ရရှိဖို့နဲ့ ပြည်နယ်အတွက် ဗိုဗီနမ်အားကစားနည်းနဲ့ ရွှေတံဆိပ်ဆုရရှိဖို့ ကြိုးစားယှဉ်ပြိုင်သွားမှာပါ။

**စောပြည့်ဖြိုးဦး**
**(ဘော်လီဘောအားကစားသမား၊ ရသေ့ပျံကျေးရွာ)**

ကျွန်တော်ကတော့ ကရင်ပြည်နယ် ရသေ့ပျံကျေးရွာက စောပြည့်ဖြိုးဦးဖြစ်ပါတယ်။ အမျိုးသားအားကစားပွဲတော်မှာ ဘော်လီဘောအားကစားနည်းနဲ့ ပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော် ဒီဘော်လီဘောအားကစားနည်းကို ပထမအကြိမ် ပါဝင်ယှဉ်ပြိုင်ခြင်း ဖြစ်ပါတယ်။ နည်းပြတွေနဲ့ စနစ်တကျလေ့ကျင့်ပြီး ဘော်လီဘောအားကစားနည်းနဲ့ ရွှေတံဆိပ်ဆုရရှိအောင် ကြိုးစားသွားမှာပါ။

**ဦးဇော်ဇော်မင်း**
**(ဘော်လီဘောနည်းပြချုပ်)**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ကရင်ပြည်နယ်အနေနဲ့ အားကစားနည်း ၂၃ နည်းနဲ့ ဝင်ရောက်ယှဉ်ပြိုင်ပြီး လူဦးရေ ၄၉၃ ဦးနဲ့ ဝင်ရောက်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ ဘော်လီဘောအားကစားနည်းကိုတော့ အောက်တိုဘာ ၁ ရက်က စပြီးတော့ စခန်းသွင်းလေ့ကျင့်ခဲ့ပြီး အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း၂၄ ဦး၊ အုပ်ချုပ်သူနည်းပြ ခြောက်ဦး စုစုပေါင်း ၃၀ နဲ့ ဝင်ရောက်ယှဉ်ပြိုင်မှာပါ။ ကရင်ပြည်နယ်ကိုယ်စားပြု အမျိုးသားဘော်လီဘောအသင်းအနေနဲ့ ၂၀၂၄ ခုနှစ် အသက် ၂၅ နှစ်အောက် ပြည်နယ်/တိုင်းဒေသကြီးဘော်လီဘောပြိုင်ပွဲမှာတော့ ဖိုင်နယ်အဆင့်ကို တက်ရောက်ခဲ့ပြီး ဒုတိယဆုကိုသာ ရရှိခဲ့ပါတယ်။ ယခုအသက် ၂၀ အောက် အမျိုးသားဘော်လီဘောအသင်းအနေနဲ့ ဖိုင်နယ်အဆင့်ကို တက်ရောက်ပြီး ရွှေဆံဆိပ်ဆုကို ဆွတ်ခူးနိုင်မယ်လို့ မျှော်မှန်းထားပါတယ်။ အမျိုးသမီးအသင်းအနေနဲ့ ပြီးခဲ့တဲ့နှစ်မှာ အုပ်စုအဆင့်ကိုသာ တက်ရောက်နိုင်ခဲ့ပြီး ယခုအချိန်မှာ တတိယအဆင့်လောက်ကို ရရှိနိုင်မယ်လို့ မျှော်မှန်းထားပါတယ်။ ကရင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်မှာ ကရင်ပြည်နယ်အားကစားအသင်းတွေ အောင်မြင်မှုရရှိဖို့အတွက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်ပြီးတော့ ပြည်နယ်ဝန်ကြီးတွေနဲ့ ဌာနဆိုင်ရာတွေ၊ အားကစားသမားတွေ၊ အားကစားဝါသနာရှင်တွေအားလုံးကလည်း ရွှေတံဆိပ် ဆုရရှိအောင် ကြိုးစားဆောင်ရွက်သွားကြမယ်လို့ ရည်မှန်းချက်နှင့်အတူ လုပ်ကိုင်ဆောင်ရွက်ရင်းနဲ့ ပြည်နယ်အစိုးရအဖွဲ့ကို အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။


ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု စားပွဲတင်တင်းနစ်အားကစားသမားများ လေ့ကျင့်နေစဉ်။

## ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးက အားကစားနည်း ၂၄ နည်း ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် နိုဝင်ဘာ ၂**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးက အားကစားနည်း၂၄ နည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

"ရန်ကုန်တိုင်း ဒေသကြီးအနေနဲ့ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၄ ရက်မှ ၂၄ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးအားကစားပွဲတော် ကျင်းပခဲ့ပြီး ထူးချွန်တဲ့ကစားသမားတွေကို ရွေးချယ်ကာ စခန်းသွင်း လေ့ကျင့်နေပါတယ်။ အားကစားနည်းအားလုံးကို ဆုရရှိဖို့ အကောင်းဆုံးပြင်ဆင်ထားပါတယ်။ လေ့ကျင့်တဲ့နေရာ ၁၅ နေရာမှာ ကစားနည်း ၂၄ မျိုးကို စနေ၊ တနင်္ဂနွေကလွဲပြီး ပုံမှန်လေ့ကျင့်နေပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းက ပြောသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးမှ အုပ်ချုပ်သူ၊ နည်းပြ၊ ကစားသမားစုစုပေါင်း ၆၂၀ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် ဝန်ကြီးဌာနအားကစားနည်းခြောက်နည်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ မျိုးနှင့် မသန်စွမ်းအားကစားနည်း ထည့်သွင်းသွားမည်ဖြစ်ပြီး ဆုတံဆိပ်၂၀၀ ကျော် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လင်းရာမ**

# အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အလွတ်ခုန်လေထီးစစ်သည်များ ပွဲတော်အလံသယ်ဆောင်၍ ကွင်းအတွင်း ဆင်းသက်မည့်အစီအစဉ် ကြိုတင်လေ့ကျင့်

ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အလွတ်ခုန် လေထီးစစ်သည်များက တိုင်းဒေသကြီး၊ ပြည်နယ်အလံများနှင့် အမျိုးသားအားကစားပွဲတော်အလံ သယ်ဆောင်၍ ကွင်းအတွင်းဆင်းသက်မည့်အစီအစဉ်အတွက် စက်တင်ဘာ ၄ ရက်မှစ၍ ကြိုတင်လေ့ကျင့်လျက်ရှိရာ နိုဝင်ဘာ ၂ ရက်က အကြိမ် (၃၀) မြောက်အဖြစ် လေ့ကျင့်နေမှုများကို တွေ့ရစဉ်။



ကချင်ပြည်နယ်အလံ



ကရင်ပြည်နယ်အလံ


စစ်ကိုင်းတိုင်းဒေသကြီးအလံ


ပဲခူးတိုင်းဒေသကြီးအလံ


မန္တလေးတိုင်းဒေသကြီးအလံ



ရခိုင်ပြည်နယ်အလံ



ရှမ်းပြည်နယ်အလံ



# ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်နိုင်ခဲ့သည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှ ပထမဆုရရှိသူများ၏ ယှဉ်ပြိုင်ခဲ့မှုမှတ်တမ်း




အိုးစည်အတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ကယားပြည်နယ်မှ မောင်ခင်မောင်လတ်နှင့်အဖွဲ့ ဤသို့ မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ခဲ့ကြသည်။




တယောအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ် အတွင်း) ၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ကောင်းခန့်ဝဿန် "မှန်ရဝေ" (ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသမီး) ၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ချစ်ဆုဝေစတင်း "မော်တင်လယ်" (ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်ဟန်။




ပတ္တလားအတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဝေယံဂျက် "ရှစ်စုံရွက်ကြာ" (ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။




မယ်ဒလင်အတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)၌ ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မောင်အောင်ဘုန်းဇံ "ဆန်းနွေဦး" (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေး အဆိုပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသား) ၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဦးရဲဝင့်လှိုင် "ဥမကွဲသိုက်မပျက်" သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။



နှဲအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မောင်သိန်းတိုးအောင် "မြန်ခန်းကျွန်းတွင်း" (ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေး အဆိုပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်စိုးပြည့်ငြိမ်း "ကျေးရွာဝါဒ" သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။



ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) ၌ ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မမိုးပြည့်ပြည့်နိုင် "ဝေဇယန္တာ" (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။




မယ်ဒလင်အတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)၌ ပထမဆုရရှိသည့် မွန်ပြည်နယ်မှ မဆုပြည့်သူ "ဂုဏ်တော်ဖွင့်" (ကာလပေါ်) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




တယောအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မဝင့်ဝါဖူးပွင့်အောင် "မှန်ရဝေ" (ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်ဟန်။




ဂီတာအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီးမှ မအိမ့်ဆည်းဆာ (ခ) သွန်းဆည်းဆာ "စံရာတောင်ကျွန်း"(ကြိုး) သီချင်းဖြင့် ဤသို့ တီးခတ်ယှဉ်ပြိုင်ခဲ့သည်။




ပလွေအတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်စောငြိမ်းဇော်မင်း "ကျွန်းကျွန်းပိုင်သ" (ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။

# ပန်းယွန်းလေးများ ပွင့်လန်းစေဖို့ ယွန်းပညာကောလိပ်သို့ တက်ရောက်ကြပါစို့

မောင်ကျော်မိုး (SSID)

(ယမန်နေ့မှအဆက်)

**ယွန်းပညာကောလိပ်သို့ တက်ရောက်မည့် သင်တန်းသားများ ရရှိနိုင်သော အခွင့်အရေးများနှင့် အခွင့်အလမ်းများ**

ယွန်းပညာကောလိပ်သို့ တက်ရောက်မည့် သင်တန်းသားများရရှိနိုင်သော အခွင့်အရေးများနှင့် အခွင့်အလမ်းများမှာ အဆောင်အခမဲ့ နေထိုင်ခွင့်ရရှိခြင်း (ရေ၊ မီး အခမဲ့သုံးစွဲခွင့်)၊ ကျောင်းသားများအား လစဉ်ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်း၊ ကျောင်းသားများ လုံခြုံစိတ်ချစွာဖြင့် အေးချမ်းစွာ ပညာသင်ကြားနိုင်ခြင်း၊ သင်ကြားမှုအထောက်အကူဖြစ်စေရန် ကျောင်းဝင်းအတွင်း Fiber Internet နှင့် Multi–media Room တို့ကို အခမဲ့အသုံးပြုခွင့်ရရှိခြင်း၊ စားသောက်ရေးအတွက် စားရိပ်သာကော်မတီမှ စီစဉ်ဆောင်ရွက်ပေးခြင်း၊ ကိုယ်ခန္ဓာကျန်းမာ၊ ကြံ့ခိုင်ခြင်းအတွက် အားကစားပစ္စည်းများ ထားရှိပေးခြင်း၊ ပျော်ပွဲ၊ ရွှင်ပွဲ၊ အားကစားပွဲနှင့် ရာသီပွဲတော်များ ကျင်းပပြုလုပ်ပေးခြင်း၊ ပညာရေးဆုံးခန်းတိုင် သင်ကြားခြင်း မပြုနိုင်သော လူငယ်များအတွက် အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်ယူနိုင်သည့် အခွင့်အလမ်းများရရှိခြင်း၊ ပုဂ္ဂလိကယွန်းထည်အလုပ်ရုံများတွင် ကျွမ်းကျင်လုပ်သားများအဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်ခြင်း၊ တစ်ပိုင်တစ်နိုင် လက်မှုလုပ်ငန်းငယ်များ ထူထောင်လာနိုင်ခြင်းနှင့် National Skills Standard Authority (NSSA) အသိအမှတ်ပြုကျွမ်းကျင်မှု(အဆင့်–၁) နှင့် (အဆင့်–၂)သို့ ဝင်ရောက်ဖြေဆိုနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည် ဖြစ်ပါသည်။

**သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း**

ယွန်းပညာကောလိပ်သည် ယွန်းထည်ပညာရပ်အား ရိုးရာအမွေအနှစ် ထိန်းသိမ်းရုံမျှမကဘဲ ခေတ်မီနည်းပညာရပ်များဖြင့် ပေါင်းစပ်ဖန်တီးနိုင်ရန် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာနှစ်တွင် သစ်စေးနှင့် ရောင်ခြယ်ဆေးမှုန့်များတွင် ပါဝင်သော ဓာတုဒြပ်ပေါင်းများ ရှာဖွေခြင်း၊ ရွှေး (ဟင်္သပဒါး) ထုတ်လုပ်မှုနည်းစနစ် စမ်းသပ်ဖော်ထုတ်ခြင်း၊ ဂျပန်ဆိုးဆေးမှုန့်များဖြင့် အစားထိုးစမ်းသပ်ခြင်း၊ သစ်စေးခြောက်သွေ့မှုကို တိုင်းတာခြင်းနှင့် ရွှေဇဝါယွန်းထည်များတွင် ပွတ်တိုက်မှုဒဏ်ကို ခံနိုင်ရန်အတွက် စမ်းသပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၇ – ၂၀၁၈ ဘဏ္ဍာနှစ်တွင် ယွန်းထည်ပစ္စည်းများ၌ အသုံးပြုသော မြန်မာဆိုးဆေးမှုန့်များနှင့် ဂျပန်ဆိုးဆေးမှုန့်များ၏ ဓာတုဒြပ်ပေါင်းပါဝင်မှုပမာဏကို တိုင်းတာရှာဖွေခြင်း၊ ဒေသအလိုက်ထွက်ရှိသော သစ်စေးများ၏ လှိုင်းအလျား (Wavelength)ကို ရှာဖွေတိုင်းတာခြင်းနှင့် ဆေးဒါန်းထုတ်လုပ်သည့် နည်းစနစ်ကို ရှာဖွေစမ်းသပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။




ယွန်းပညာကောလိပ်(ပုဂံ)။

> **ပညာရေးဆုံးခန်းတိုင် သင်ကြားခြင်းမပြုနိုင်သော လူငယ်များအတွက် အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်ယူနိုင်သည့် အခွင့်အလမ်းများရရှိခြင်း၊ ပုဂ္ဂလိကယွန်းထည်အလုပ်ရုံများတွင် ကျွမ်းကျင်လုပ်သားများအဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်ခြင်း၊ တစ်ပိုင်တစ်နိုင် လက်မှုလုပ်ငန်းငယ်များ ထူထောင်လာနိုင်ခြင်းနှင့် National Skills Standard Authority (NSSA) အသိအမှတ်ပြုကျွမ်းကျင်မှု(အဆင့်-၁)နှင့် (အဆင့်-၂)သို့ ဝင်ရောက်ဖြေဆိုနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိ**

၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်တွင် ယွန်းထည်ပစ္စည်းများအတွင်း မာကျူရီ (Hg)နှင့် အာဆင်းနစ်(As) ဓာတုဒြပ်ပေါင်းများပါဝင်မှုကို စမ်းသပ်တိုင်းတာခြင်း၊ သစ်စေးများ၏ စေးပျစ်မှု (Viscosity)ကို စမ်းသပ်တိုင်းတာခြင်း၊ သစ်စေးများကို သန့်စင်မှုရှိစေရန် ချက်လုပ်ရာတွင် လိုအပ်သောအပူချိန် (Temperature)၊ ကြာမြင့်ချိန်(Time Hour)နှင့် ရေဓာတ်ပါဝင်မှုများကို တိုင်းတာမှတ်သားခြင်းများ ဆောင်ရွက်ခြင်း၊ ယွန်းထည်ပစ္စည်းများအတွင်း ရေသန့်၊ မြစ်ရေ၊ တွင်းရေများ ထည့်သွင်း၍ အာဆင်းနစ် (As)၊ ဆိုဒီယမ်(Na)၊ သံဓာတ်(Fe)၊ ခဲဓာတ်(Pb) ပါဝင်မှုပမာဏများကို တိုင်းတာခြင်း၊ ယွန်းထည်ပစ္စည်းများအတွင်း သစ်သီးဖျော်ရည် (Fruit Juice)များ ထည့်၍ သံဓာတ်(Fe)၊ ပိုတက်ဆီယမ်(K)၊ ဇင့်ဓာတ် (Zn) ပါဝင်မှုပမာဏများကို တိုင်းတာခြင်း၊ သစ်စေးများ၏ စေးပျစ်မှု (Viscosity)နှင့် လှိုင်းအလျား(Wavelength) ရှာဖွေခြင်း၊ ဂျပန်ဆိုးဆေးမှုန့်များနှင့် မြန်မာဆိုးဆေးမှုန့်များတွင် ပါဝင်သော အာဆင်းနစ်(As)ပမာဏကို တိုင်းတာခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်တွင် အစားအစာများတွင် ပါဝင်သည့် ခဲဓာတ် (Pb)၊ အာဆင်းနစ် (As)နှင့် မာကျူရီ(Hg) ပါဝင်မှုပမာဏတိုင်းတာခြင်းနှင့် အဆိုပါ အစားအစာများကို ယွန်းထည်များတွင် ထည့်၍ ပါဝင်မှုပမာဏပြောင်းလဲမှုအား တိုင်းတာခြင်း၊ အလှကုန် (Cosmetics) များနှင့် လိမ်းဆေး (Liniment) များတွင် ပါဝင်သော ခဲဓာတ်(Pb)၊ အာဆင်းနစ်(As) နှင့် မာကျူရီ(Hg) ပါဝင်မှုပမာဏ တိုင်းတာခြင်း၊ အရောင်ခံခြင်းအဆင့်နှင့် ယွန်းထပ်ခြင်းအဆင့်များတွင် သစ်စေးခြောက်သွေ့မှုအား လေ့လာရန် အပူချိန် (Temperature)နှင့် စိုထိုင်းဆ (Humidity)အမျိုးမျိုးထား၍ တိုင်းတာမှတ်သားခြင်းတို့ကို စမ်းသပ်ဆောင်ရွက်ခဲ့ပါသည်။

၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ်တွင် ယွန်းထည်များအတွင်း အန္တရာယ်ရှိ ဓာတုဒြပ်ပေါင်းများ ပါဝင်မှုလျှော့ချရန် စမ်းသပ်ခြင်းများကို ဆောင်ရွက်ခဲ့ပြီး ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်တွင် ယွန်းထည်ပစ္စည်းများတွင် သစ်စေးအနံ့ပျောက်စေရန်၊ သစ်စေးအခြောက်မြန်စေရန်အတွက် Humidifier နှင့် Heater များအား အသုံးပြု၍ စမ်းသပ်ဆောင်ရွက်ခြင်း၊ စားသောက်ကုန်နှင့် အလှကုန်ပစ္စည်းများတွင် ပါဝင်သော ဓာတုဒြပ်စင်များ ပါဝင်မှုပမာဏကို တိုင်းတာခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၃ – ၂၀၂၄ ဘဏ္ဍာနှစ်တွင် နှံ့အစား အခြားအစားထိုးပစ္စည်း စမ်းသပ်ဆောင်ရွက်ခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ ထိုကဲ့သို့ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်များမှ စမ်းသပ်တွေ့ရှိသည့် နည်းပညာသစ်များအား မြန်မာ့ယွန်းထည်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များသို့ ဖြန့်ဝေလွှဲပြောင်းပေးခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

**နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ**

ယွန်းပညာကောလိပ် (ပုဂံ) သည် ယွန်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၁၉၅၃ ခုနှစ်ကတည်းက နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ပါသည်။ ၁၉၅၃ ခုနှစ် ဂျပန်နိုင်ငံနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်းရှိ ယွန်းထည်ထုတ်လုပ်သည့် ဒေသများမှ ယွန်းပညာရှင်များအား ဂျပန်ယွန်းပညာရပ်များကို လာရောက်ပို့ချခဲ့ပါသည်။ ၂၀၀၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ဂျပန်နိုင်ငံ Asian Lacquer Craft Exchange Research Project နှင့် ပူးပေါင်း၍ နိုင်ငံတကာ ယွန်းပြပွဲများကျင်းပခြင်းနှင့် နည်းပညာဖလှယ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ယွန်းပညာကောလိပ်နှင့် ဂျပန်နိုင်ငံ Tokyo National Research Institute for Cultural Properties (TNRICP) တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး၍ ယွန်းပြတိုက်အတွင်းမှ ရှေးဟောင်းယွန်းထည်ပစ္စည်းများ သုတေသနပြုလုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၅ ခုနှစ်တွင် ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့ (UNIDO) နှင့် ပူးပေါင်း၍ အီတလီနိုင်ငံမှ ဒီဇိုင်းပညာရှင် Ms. Doniela Bulgarelli က ယွန်းဒီဇိုင်းနှင့် ထုတ်ကုန်ဖွံ့ဖြိုးမှုသင်တန်းကို ယွန်းပညာကောလိပ်မှ ဝန်ထမ်းများနှင့် ပုဂံဒေသမှ ယွန်းလုပ်ငန်းရှင်များအတွက် ဖွင့်လှစ်ပို့ချပေးခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင် ယွန်းပညာကောလိပ်(ပုဂံ)နှင့် အီတလီနိုင်ငံ Accademia of Fine Arts (Turin) အနုပညာတက္ကသိုလ်တို့သည် လက်မှုအနုပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့ပါသည်။ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ ဂျပန်နိုင်ငံ တိုကျိုအနုပညာတက္ကသိုလ်နှင့် ပူးပေါင်း၍ နှစ်နိုင်ငံ ယွန်းအနုပညာဖလှယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ယနေ့အထိ ယွန်းပညာကောလိပ်မှ ဆရာ ဆရာမများအား နိုင်ငံတကာသို့ ယွန်းပညာရပ်ဆိုင်ရာ ပညာသင်များစေလွှတ်ခြင်း၊ လေ့လာရေးခရီး စေလွှတ်ခြင်းနှင့် နှစ်နိုင်ငံအလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

**ပန်းယွန်းလေးများ ပွင့်လန်းစေဖို့ဆိုရာဝယ်**

ယွန်းအတတ်ပညာရပ်များ မိမိတို့နိုင်ငံတွင် မတိမ်ကော မပပျောက်စေရန်ဆိုပါက အဆိုပါအတတ်ပညာရပ်အား လက်ဆင့်ကမ်းရယူကြမည့် မျိုးဆက်သစ်လူငယ်များသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ထိုသို့ဆိုပါက ယွန်းပညာရပ်များအား စာတွေ့၊ လက်တွေ့ စနစ်တကျ သင်ကြားပေးလျက်ရှိသော ယွန်းပညာကောလိပ်သို့ လူငယ်မျိုးဆက်သစ်များ တက်ရောက်ပညာသင်ကြားရန် များစွာလိုအပ်လျက်ရှိပါသည်။ ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်၏တာဝန်ကို စတင်ထမ်းဆောင်သည့် အချိန်မှစ၍ လူငယ်များ၏ ပညာရည်မြင့်မားရေးဆိုင်ရာကိစ္စရပ်များကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

“မိမိတို့နိုင်ငံတော်၏ အနာဂတ်အတွက် ပညာရည်ပြည့်ဝသည့် လူသားအရင်းအမြစ်များစွာ လိုအပ်လျက်ရှိသဖြင့် အနာဂတ်အတွက် ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များမွေးထုတ်ပေးနိုင်ရေး ဆရာ ဆရာမများသာမက မိဘများနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း အလေးထားဆောင်ရွက်ပေးကြစေလိုကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဩဂုတ်လ ၉ ရက်နေ့က တွေ့ဆုံစဉ်ပြောကြားခဲ့ပါသည်။

ထို့ပြင် နိုင်ငံတော်အကြီးအကဲ၏ ပုဂံ၊ ညောင်ဦးဒေသ ဖွံ့ဖြိုးရေးခရီးစဉ်တွင် ယွန်းပညာကောလိပ်သို့ ကိုယ်တိုင်ရောက်ရှိ၍ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံအားပေးခဲ့ပြီး ကျောင်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ပါသည်။ သို့ဖြစ်ရာ နိုင်ငံတော်က အားပေးမြှင့်တင်ပေးနေသည့် ယခုလို အချိန်အခါသမယတွင် မြန်မာတို့၏ဂုဏ်ယူဖွယ် ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်သည့် ပန်းယွန်းအတတ်ပညာရပ်အား ပုဂံဘုရားများဖူးမြော်ရင်း **“ပန်းယွန်းလေးများ ပွင့်လန်းစေဖို့ယွန်းပညာကောလိပ်သို့တက်ရောက်ကြပါစို့”** လို့ အနာဂတ်လူငယ်မျိုးဆက်များဆီသို့ တိုက်တွန်းရေးသားဖော်ပြအပ်ပါသည်။ ။

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ A.G.T.I ဒီပလိုမာသင်တန်းအမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂**

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ A.G.T.I ဒီပလိုမာသင်တန်းအမှတ်စဉ် (၂၀) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဒီဂရီကောလိပ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။






အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အထူးဖိတ်ကြားထားသည့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဧည့်သည်တော်များ၊ အလုပ်ခန့်အပ်လွှာပေးအပ်မည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)မှ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်းကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏မိဘားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)ကို စတင်တည်ထောင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့အထိ ဝိဇ္ဇာဘွဲ့ ၆၂၀၊ သိပ္ပံဘွဲ့ ၁၃၈၀ နှင့် အင်ဂျင်နီယာဒီပလိုမာ ၉၅၉ ဦး စုစုပေါင်း ၂၉၅၉ ဦးတို့ကို ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက်မှ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အားပေးထောက်ပံ့လေ့ကျင့်သင်ကြားပေးမှု၊ ကျောင်းသား ကျောင်းသူများ၏ စဉ်ဆက်မပြတ် ကြိုးစားအားထုတ်မှုများကြောင့် ယခုအခါတွင် မဟာဝိဇ္ဇာဘွဲ့ ၇၁ ဦး၊ မဟာသိပ္ပံဘွဲ့ ၁၄၆ ဦး၊ M.Res ၅၅ ဦး၊ ပါရဂူဘွဲ့ ၁၅ ဦး၊ B.E ဘွဲ့ ၃၀၁ ဦး၊ M.E ဘွဲ့ ၁၅ ဦး၊ B.Tech ၄၅၂ ဦး အသီးသီး အောင်မြင်မှုရရှိခဲ့သဖြင့် အားရကျေနပ်ဖွယ် ဖြစ်ပါကြောင်းနှင့် ကျောင်းဆင်း ကျောင်းသားကျောင်းသူများအနေဖြင့် အားကျအတုယူ ကြိုးစားအားထုတ်သွားကြရန် အထူးမှာကြားလိုကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **"ဒီဂရီကောလိပ်များမှ ကျောင်းဆင်းကျောင်းသား၊ ကျောင်းသူများအား မိမိဒေသအုပ်ချုပ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် MSME လုပ်ငန်းများတွင် ဦးဆောင်ပါဝင် ဆောင်ရွက်စေရန်"** ဟုလမ်းညွှန်မှာကြားချက်အရ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ရကျောင်းသားကျောင်းသူများကို ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့တွင် လည်းကောင်း၊ A.G.T.I ဒီပလိုမာရကျောင်းသားကျောင်းသူများကို နယ်စပ်ရေးရာဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့တွင်လည်းကောင်း အချိုးကျခွဲဝေတာဝန်ပေးခန့်အပ်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ **"ရှေ့သို့ချီမည် ပန်းတိုင်ဆီ (Keep Moving Forward to Achieve Our Goal)"** ဆိုသည့်ဆောင်ပုဒ်အတိုင်း နိုင်ငံတော်ကို တည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို မမေ့မလျော့နှလုံးသွင်း၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်လမ်းပြနိုင်မည့် ခေါင်းဆောင်ကောင်းများ၊ နိုင်ငံတော်က အားကိုးအားထားပြုရသည့် သားကောင်း၊ သမီးမွန်များ ဖြစ်လာအောင် ကြိုးစားသွားကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝိဇ္ဇာဘာသာရပ်နှင့် သိပ္ပံဘာသာရပ် ထူးချွန်ဆုရရှိသူ နှစ်ဦးအား လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က A.G.T.I ဒီပလိုမာထူးချွန်ဆုရရှိသူ တစ်ဦးအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးမှ ကိုယ်စားလှယ်များက အလုပ်တာဝန် ခန့်အပ်လွှာများ ပေးအပ်ကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ထူးချွန်ကျောင်းသားများနှင့် ၎င်းတို့၏မိဘများအားတွေ့ဆုံ၍ ဂုဏ်ပြုအားပေးစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ထူးချွန်ကျောင်းသား သုံးဦးနှင့် ဒီဂရီကောလိပ်ဘက်စုံဖွံ့ဖြိုးရေးအတွက် ချီးမြှင့်ငွေများပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒီဂရီကောလိပ်ဝင်း အတွင်း မိုးလုံလေလုံအားကစားခန်းမဆောက်လုပ်နေမှု၊ လေးထပ်အင်ဂျင်နီယာ စာသင်ဆောင်အသစ်တွင် ဘာသာရပ်အလိုက် သင်ထောက်ကူပစ္စည်းများ ထပ်မံဖြည့်တင်း ဆောင်ရွက်မည့်အခြေအနေ၊ ဘောလုံးကွင်းနှင့် ပွဲကြည့်စင်၊ ဖူဆယ်အားကစားကွင်း၊ စိမ်းလန်းစိုပြေသာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းဆင်းကျောင်းသား ကျောင်းသူများကို ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေရေး အစီအစဉ်များကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ကြံခင်းမြို့မဈေး၌ မီးဘေးကာကွယ်ရေးအသိပညာပေး

**ကြံခင်း နိုဝင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်မီးသတ်ဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့များက ယနေ့နံနက် ၁၀ နာရီတွင် မြို့မဈေး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်းကို ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာန ဦးစီးအရာရှိဦးကိုကိုနိုင်နှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆောင်ရွက်ရမည့်အချက်များကို အသိပညာပေးခြင်းနှင့် မီးဘေးကြိုတင်ကာကွယ်ရမည့်အချက်များကို ဈေးရောင်းသူပြည်သူများအား လက်တွေ့သရုပ်ပြသသည်။

ယင်းနောက် မြို့မဈေးအတွင်းရှိ ရေသိုလှောင်ကန်များ၊ DCP မီးသတ်ဆေးဘူးများ၊ မီးချိတ်၊ မီးကပ်၊ သဲအိတ်များထားရှိခြင်းနှင့် မီးပေါ့ဆမှုမရှိစေရန် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စဉ်ဆက်ပညာရေး အကောင်အထည်ဖော်မှုအနေဖြင့် စာသင်ဝိုင်းပေါင်း ၄၅ ဝိုင်း စုဖွဲ့သင်ကြားပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂**

စာဖတ်ရှိန် မြှင့်တင်ပေးခြင်း၊ ဝင်ငွေတိုးပွားရေးအတွက် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းနှင့် ဘဝသာယာရေးအတွက် အသိပညာပေးခြင်း စသည့်အစီအစဉ် သုံးခုပါဝင်သော စဉ်ဆက်ပညာရေးကို ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ သတ်မှတ်မြို့နယ်များတွင် ဆောင်ရွက်လျက်ရှိသည်။



ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း စဉ်ဆက်ပညာရေး အကောင်အထည်ဖော်မှုအနေဖြင့် ပညာရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့ ပူးပေါင်းကာ စာသင်သားပေါင်း ၄၄၉ ဦးကို စာသင်ဝိုင်းပေါင်း ၄၅ ဝိုင်းစုဖွဲ့၍ စေတနာလုပ်အားပေး နည်းပြ/ကြီးကြပ်ပေါင်း ၁၀၇ ဦးတို့က တစ်ရက်လျှင် ပျမ်းမျှ သုံးနာရီဖြင့် အောက်တိုဘာ ၂၁ ရက်မှ စတင်ကာ သုံးလကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စဉ်ဆက်ပညာရေး အကောင်အထည်ဖော်မှုအနေဖြင့် ဒက္ခိဏသီရိမြို့နယ် အုန်းတောကျေးရွာ ရန်အောင်မြင် ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်သည့် ရန်အောင်မြင် စာသင်ဝိုင်းနှင့် လယ်ဝေးမြို့နယ် စည်ပိုင်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာ အထက (ခွဲ) ၌ ဖွင့်လှစ်သည့် သာယာကုန်းစာသင်ဝိုင်းတို့သို့ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးပြီး စာသင်သားပြည်သူများနှင့် စေတနာလုပ်အားပေး နည်းပြ/ကြီးကြပ်များအား စာရေးကိရိယာနှင့် ပံ့ပိုးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဇေယျာသီရိမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်ရေး၊ နေပြည်တော်အတွင်း သောက်သုံးရေ လုံလောက်စွာပေးဝေနိုင်ရေးနှင့် သုခတော်ဝင်အိမ်ရာစီမံကိန်းအပိုင်း(၂) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၂

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာအနီး ပင်လောင်းလမ်းဆုံမှ ကျောက်ချက်ကျေးရွာအထိ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး လမ်းဘေးဝဲ/ယာရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်သည် ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရေပေးရေး စက်ရုံသို့သွားရောက်၍ နေပြည်တော်အတွင်း သောက်သုံးရေ လုံလောက်စွာပေးဝေနိုင်ရေးအတွက် ချောင်းမငယ်ဆည်မှရေကို ဆင်အုံကန်မှတစ်ဆင့် ထပ်တိုးရယူရန် အကောင်အထည်ဖော်တည်ဆောက်မည့် စီမံကိန်းလုပ်ငန်းလျာထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူးက လက်ရှိသောက်သုံးရေ ပေးဝေနေမှုအခြေအနေကို ထပ်မံတိုးချဲ့ပြီး ချောင်းမငယ်ဆည်မှရေကို ဆင်အုံကန်မှ တစ်ဆင့် ရယူ၍ မူလရေပေးရေးစနစ်အတွင်းသို့ ပေးပို့နိုင်မည့် အခြေအနေများနှင့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်က လုပ်ငန်းအစီအမံများကို ရေရှည် မျှော်မှန်းပြီး စနစ်တကျရေးဆွဲဆောင်ရွက်ထားရှိရန်နှင့် ယခုတိုးချဲ့ရေပေးရေးစီမံကိန်းသည် စိုက်ပျိုးရေးအတွက် အဓိကတည်ဆောက်ထားသော ချောင်းမငယ်ဆည်မှ ရေအားမျှဝေသုံးစွဲရသည့်အတွက် မိုးနည်းပါးသည့်နှစ်များတွင် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး သက်ဆိုင်ရာဌာနများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားရန် မှာကြားခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်နှင့်အဖွဲ့သည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် သုခတော်ဝင်အိမ်ရာစီမံကိန်းအပိုင်း(၂) တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ကာလအတွင်းပြီးစီးရေးနှင့် လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

ထွန်းထွန်းဝင်း(ပြန်/ဆက်)

# နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း တပ်ကုန်းမြို့နယ်အတွင်း ရာဂီမုန်တိုင်းအရှိန်ကြောင့် ပျက်စီးခဲ့သည့် လယ်ယာမြေများပြန်လည်ကုစားနိုင်ရေး ခရိုင်၊ မြို့နယ်တာဝန်ရှိသူများနှင့် တွေ့ဆုံ




တပ်ကုန်း နိုဝင်ဘာ ၂

နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းသည် တပ်ကုန်းမြို့နယ်အတွင်း ရာဂီမုန်တိုင်းအရှိန်ကြောင့် ပျက်စီးခဲ့သည့် လယ်ယာမြေများ ပြန်လည်ကုစားရေး ခရိုင်၊ မြို့နယ်တာဝန်ရှိသူများနှင့် တွေ့ဆုံခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းညွန့်နှင့် မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးမှူး ဦးကျော်သူရှိန်၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးမှူး ဦးမြင့်ဇော်တို့က ဌာနအလိုက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ရာ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက ရေနစ်မြုပ်မှုကြောင့် လယ်ယာမြေများ အမြန်ဆုံး ပြန်လည်ပြုပြင်စိုက်ပျိုးနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ညောင်ပင်သာနှင့် လက်ပံတော ကျေးရွာချင်းဆက် ကုန်ထုတ်လမ်း အရှည် ၄၃၂၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မ ရိုစာခင်းလမ်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများအား ရှင်းလင်းမှာကြားခဲ့ပြီး ရှောက်ကုန်း ကျေးရွာအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(VDP) ခွင့်ပြုရန်ပုံငွေဖြင့် လမ်းပြုပြင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တောင်တွင်းကြီးမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

တောင်တွင်းကြီး နိုဝင်ဘာ ၂

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဝက္ကသေးကျေးရွာ၌ တောင်သူ ဦးမျိုးမင်းထွန်း၏ လယ်မြေကွင်းအမှတ်(၂၆၀၀) ဦးပိုင်အမှတ်(၁၁၀)ရှိ စိုက်ဧက တစ်ဧကတွင် ယနေ့နံနက်ပိုင်းက ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စပါးမျိုး YSR-1 မိုးစပါးစံကွက် စုပေါင်းရိတ်သိမ်းခဲ့ကြသည်။

## ကြည့်ရှုအားပေး

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ခင်မိုးအေးနှင့် ဝန်ထမ်းများ၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးစီးမှူး ဦးခင်မောင်အေးနှင့် မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးကြီးကြပ်မှုကော်မတီဝင်များက ကြည့်ရှုအားပေးခဲ့ကြပြီး စပါးမျိုး YSR -1 တစ်ဧကလျှင် ပျမ်းမျှအစိုထွက် ၁၃၅ ဒသမ ၄၃ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မန္တလေးဈေးကွက်အတွင်း၌ မြန်မာ့လယ်ယာထွက်ကုန် ပဲစင်းငုံများ အရောင်းအဝယ်သွက်လျက်ရှိ



မန္တလေး နိုဝင်ဘာ ၂

မန္တလေး ဈေးကွက်အတွင်း မြန်မာ့ လယ်ယာထွက်ကုန် ပဲစင်းငုံများ အရောင်းအဝယ် သွက်လျက်ရှိနေကြောင်း မန္တလေး ပဲကုန်သည်များထံမှ သိရသည်။

## အရောင်းအဝယ်ကောင်းနေ

လာမည့် ဒီဇင်ဘာလတွင်လည်း ပဲစင်းငုံအသစ်များ ထွက်ရှိလာတော့မည်ဖြစ်ပြီး၊ လက်ရှိအချိန်တွင် မန္တလေးဈေးကွက်အတွင်း လက်ကျန် ပဲစင်းငုံများကို ပြည်ပနိုင်ငံများ၏ ဝယ်ယူမှုများကြောင့် ဈေးကောင်းရရှိကာ အရောင်းအဝယ်သွက်နေကြောင်း၊ ယခုဈေးကွက်အတွင်း ပဲစင်းငုံဈေးနှုန်းအနေဖြင့် သုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ် ၄၂၀၀၀၀ နှုန်းဖြင့် ဈေးကောင်းရရှိကာ အရောင်းအဝယ် ကောင်းနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

"ဈေးကွက်အတွင်းမှာလက်ကျန် ပဲစင်းငုံတွေ ဈေးကောင်းရရှိနေပါတယ်။ တောင်သူတွေအနေနဲ့ လက်ရှိအချိန်မှာ ပဲစင်းငုံတွေ စိုက်ပျိုးပြီးနေပါပြီ။ မကြာမီကာလမှာ ပဲစင်းငုံအသစ်တွေ ထွက်ရှိလာတော့မှာပါ။ မြေပြန့်အနေနဲ့ ပခုက္ကူဒေသထွက် ပဲစင်းငုံက အကောင်းဆုံးပါ။ တောင်ပေါ်ဒေသအနေနဲ့ ကယားပြည်နယ်ထွက် ပဲစင်းငုံက အကောင်းဆုံးပါ။ ယခုနှစ်ထွက်ရှိလာတော့မယ့် ပဲစင်းငုံတွေဟာဆိုရင် ရာသီဥတု ကောင်းမွန်တာကြောင့် အပင်ဖြစ်ထွန်းမှုကောင်းမယ်။ အလုံးအဖန်များလည်း ကောင်းမွန်မှာပါ။ ထွက်ရှိတဲ့ ပဲစင်းငုံရာခိုင်နှုန်းပြည့်က ပြည်ပပို့ကုန်အနေနဲ့ နှစ်စဉ်တင်ပို့ရပါတယ်။ ဈေးကွက်ကလည်း အခိုင်အမာရရှိပြီးသားပါ။ ပဲစင်းငုံက ပြည်ပပို့ကုန်အနေနဲ့ အိန္ဒိယတင် မဟုတ်ပါဘူး။ နီပေါ၊ ဘင်္ဂလားဒေ့ရှ်နဲ့ ပါကစ္စတန်နိုင်ငံတို့ကလည်း နှစ်စဉ်ပုံမှန်ဝယ်ယူနေကြပါတယ်။ အဓိကဖောက်သည်ကတော့ အိန္ဒိယနိုင်ငံ ဖြစ်ပါတယ်။ ဒီပဲစင်းငုံက ဆောင်းသီးနှံအနေနဲ့ တစ်ရာသီသာ စိုက်ပျိုးကြပါတယ်။ ပဲစင်းငုံတွေဟာ မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ လာမယ့် ၂၀၂၅ မှာ ပဲစင်းငုံ စိုက်ဧကတွေ တိုးပြီး ဈေးကောင်းမယ်လို့ ခန့်မှန်းထားပါတယ်။ ပဲမျိုးစုံတွေထဲမှာ ဒီပဲက တတိယအနေနဲ့ ပြည်ပဝင်ငွေရှာဖွေပေးတဲ့ ပဲတစ်မျိုးလည်းဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပဲစင်းငုံမှာ ပဲစင်းငုံအနီ၊ ပဲစင်းငုံအဖြူနှင့် ပဲစင်းငုံအကြားဟူ၍ အမျိုးအစား သုံးမျိုးရှိကြောင်း၊ မြန်မာပြည်အလယ်ပိုင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ပဲစင်းငုံများကို စိုက်ပျိုးကြကြောင်း၊ ယခုနောက်ပိုင်း တိုးချဲ့စိုက်ပျိုးလာကြရာ ကယားပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် မြောက်ပိုင်း)၊ ချင်းပြည်နယ်တို့တွင် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလာကြောင်း၊ ထို့ကြောင့် ပြည်ပဈေးကွက် အခိုင်အမာရှိနေသည့်အတွက် ပဲစင်းငုံကို တောင်သူများအနေဖြင့် ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

## လက်ဘနွန်နိုင်ငံအတွင်း အပစ်အခတ်ရပ်စဲရေးအတွက် အစ္စရေးနိုင်ငံအနေဖြင့် အားထုတ်မှုတစ်စုံတစ်ရာမရှိကြောင်း လက်ဘနွန်ဝန်ကြီးချုပ် ပြောကြား



လက်ဘနွန်ဝန်ကြီးချုပ် နာဂျစ်မီကာတီ။

**ဘေရွတ် နိုဝင်ဘာ ၂**

လက်ဘနွန်နိုင်ငံအတွင်း အပစ်အခတ်ရပ်စဲရေးအတွက် အစ္စရေးနိုင်ငံအနေဖြင့် အားထုတ်မှုတစ်စုံတစ်ရာ မရှိကြောင်း လက်ဘနွန်ဝန်ကြီးချုပ် နာဂျစ်မီကာတီက ယမန်နေ့တွင် ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့ဝင်များက ဘေရွတ်မြို့တောင်ပိုင်း ဆင်ခြေဖုံးဒေသများအား လေကြောင်းမှ တိုက်ခိုက်ခဲ့ပြီးနောက် ယခုကဲ့သို့သော လက်ဘနွန်ဝန်ကြီးချုပ်၏ ပြောကြားချက်များ ထွက်ပေါ်လာခြင်းဖြစ်သည်။ အစ္စရေးသည် လက်ရှိအချိန်တွင် လက်ဘနွန်နိုင်ငံရှိဒေသများကို တိုက်ခိုက်နေသည့်အတွက် လက်ဘနွန်နိုင်ငံနှင့် အပစ်အခတ်ရပ်စဲရေး ကြိုးပမ်းရန် စိတ်ပါဝင်စားမှုမရှိခြင်းကို ပြသနေကြောင်း လက်ဘနွန်ဝန်ကြီးချုပ် မီကာတီက လက်ဘနွန်နိုင်ငံရှိ ကုလသမဂ္ဂယာယီတပ်ဖွဲ့ တာဝန်ရှိသူ အာဒိုလာဇာယိုဆန်နှင့် တွေ့ဆုံဆွေးနွေးရာတွင် ပြောကြားသည်။

အစ္စရေးက လက်ဘနွန်နိုင်ငံအား တိုက်ခိုက်နေခြင်းကို ရပ်တန့်ရန်အတွက် ကမ္ဘာ့နိုင်ငံများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးရန် တာဝန်ရှိကြောင်းလည်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။

လက်ရှိအချိန်အထိ လက်ဘနွန်နိုင်ငံအတွင်း အစ္စရေး၏လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးသူ ၂၈၆၇ ဦးအထိ ရှိပြီး ဒဏ်ရာရရှိသူ ၁၃၀၄၇ ဦး ရှိကြောင်း လက်ဘနွန်ကျန်းမာရေးဝန်ကြီးဌာနက အောက်တိုဘာ ၃၁ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ **ကိုးကား – ဆင်ဟွာ ဘာသာပြန် – စိုးသူရ**

## ဂါဇာကမ်းမြောင် မြောက်ပိုင်း၌ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးမှု တတိယအဆင့် ပြန်လည်စတင်

**ဂါဇာစီးတီး နိုဝင်ဘာ ၂**

ဂါဇာကမ်းမြောင် မြောက်ပိုင်း၌ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးမှု တတိယအဆင့်ကို နိုဝင်ဘာ ၁ ရက်တွင် ပြန်လည်စတင်ခဲ့ကြောင်း ကုလသမဂ္ဂအဖွဲ့က ပြောကြားသည်။



ပိုလီယို ကာကွယ်ဆေး တိုက်ကျွေးမည့် နေရာများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ခေတ္တရပ်နားမှုကို အစ္စရေးနှင့် ဟားမတ်စ်အဖွဲ့တို့က သဘောတူညီကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) တို့၏ ပူးတွဲကြေညာချက်အရ သိရသည်။

စက်တင်ဘာလတွင် ဂါဇာမြောက်ပိုင်း၌ ပထမအကြိမ် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးမှုလုပ်ငန်းစဉ်ကို ဆောင်ရွက်ခဲ့ပြီး ဒုတိယအကြိမ် ကာကွယ်ဆေး တိုက်ကျွေးမှုကို အောက်တိုဘာ ၁၄ ရက်တွင် လုပ်ဆောင်ခဲ့သည်။ တတိယအကြိမ် ကာကွယ်ဆေး တိုက်ကျွေးမှုကို အောက်တိုဘာ ၂၃ ရက်တွင် ဆောင်ရွက်ရန် စီစဉ်ထားသော်လည်း အစ္စရေး–ဟားမတ်စ် အပြန်အလှန် တိုက်ခိုက်မှုများ ရပ်တန့်ခြင်းမရှိသည့်အတွက် ရက်ရွှေ့ဆိုင်းခဲ့ရသည်။

တတိယအကြိမ် ကာကွယ်ဆေး တိုက်ကျွေးမှု အစီအစဉ်တွင် အသက် ၁၀ နှစ်အောက် ကလေး ငယ်ပေါင်း ၁၁၉၀၀၀ ခန့်ကို ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရန် ရည်ရွယ်ထားသည်။ သို့သော် ဂျာဘာယာ၊ ဘိတ်လာဟီယာနှင့် ဘိတ်ဟာနောင်မြို့တို့ အပါအဝင် ဂါဇာမြောက်ပိုင်းရှိ အချို့သော ဒေသများ၌ အသက် ၁၀ နှစ်အောက် ကလေး ၁၅၀၀၀ ခန့်သည် တတိယအကြိမ် ကာကွယ်ဆေးတိုက်ကျွေးမှုကို လက်လှမ်းမီနိုင်ခြင်းမရှိကြောင်း သိရသည်။

ကာကွယ်ဆေး တိုက်ကျွေးမှု လုပ်ငန်းစဉ်အထမြောက်အောင်မြင်စေရန်အတွက် ကာကွယ်ဆေး တိုက်ကျွေးသည့် လုပ်ငန်းစဉ်တွင် ပါဝင်သော အဖွဲ့ပေါင်း ၂၁၆ ဖွဲ့သည် သတ်မှတ်ထားသောနေရာ ၁၀၆ ခုသို့ ကာကွယ်ဆေးများ ပေးပို့မည်ဖြစ်သည်။

ကာကွယ်ဆေး တိုက်ကျွေးမှု နောက်ဆုံးအဆင့် ဆောင်ရွက်ရာတွင် ကြန့်ကြာမှုများ ရှိမည်ဆိုပါက ဂါဇာဒေသ၌ ပိုလီယိုရောဂါ ပြန့်ပွားမှုအန္တရာယ်နှင့် ရင်ဆိုင်ရမည်ဟု ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီ (UNRWA) မှ ပြောရေးဆိုခွင့်ရှိသူ လွိုင်စီဝါတီရတ်က သတိပေးပြောကြားကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန်** – အောင်ကျော်ကျော်

## အီရန်က လာမည့်ရက်များအတွင်း အစ္စရေးနိုင်ငံကို စစ်ဆင်ရေးဆင်နွှဲရန် ပြင်ဆင်လျက်ရှိကြောင်း အစ္စရေးသတင်းရင်းမြစ်များ ပြောကြား

**တီဟီရန် နိုဝင်ဘာ ၂**

အီရန်သည် လာမည့်ရက်များအတွင်း အစ္စရေးနိုင်ငံကို စစ်ဆင်ရေးဆင်နွှဲရန် ပြင်ဆင်လျက်ရှိကြောင်း အစ္စရေးသတင်းရင်းမြစ်များက ယနေ့သတင်းဖော်ပြသည်။ အီရန်နှင့် အစ္စရေးတို့သည် မကြာသေးမီက အပြန်အလှန် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြသည်။

အီရန်တပ်မတော်သည် အိမ်နီးချင်း အီရတ်နိုင်ငံရှိ အီရန်လိုလားသော ပြည်သူ့စစ်များမှတစ်ဆင့် တိုက်ခိုက်မှု ပြုလုပ်နိုင်ကြောင်း အမေရိကန်သတင်းဝက်ဘ်ဆိုက် Axios က အောက်တိုဘာ ၃၁ ရက်တွင် သတင်းဖော်ပြသည်။ အဆိုပါတိုက်ခိုက်မှုတွင် ဒရုန်းများနှင့် ပဲ့ထိန်းဒုံးကျည်များ ပါဝင်ဖွယ်ရှိကြောင်းလည်း သိရသည်။

နိုဝင်ဘာ ၅ ရက် အမေရိကန်သမ္မတရွေးကောက်ပွဲအပြီးတွင် အီရန်က အစ္စရေးနိုင်ငံကို စစ်ဆင်ရေးဆင်နွှဲနိုင်ကြောင်း အီရန်အရာရှိများ၏ပြောကြားချက်ကို ကိုးကားပြီး နယူးယောက်တိုင်းမ်စ်သတင်းစာက သတင်းဖော်ပြသည်။

အဆိုပါ လုပ်ရပ်သည် ပြီးခဲ့သည့် သီတင်းပတ်က အီရန် စစ်ဘက်ဆိုင်ရာ အဆောက်အအုံများကို အစ္စရေးက လေကြောင်းတိုက်ခိုက်မှု လုပ်ဆောင်ခြင်းအပေါ် တုံ့ပြန်ခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုမဖြစ်မီ အီရန်က အစ္စရေးကို အကြီးစားဒုံးကျည်နှင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

အီရန်၏ အစ္စလာမ့်စ် တော်လှန်ရေး အစောင့်တပ်၏ အကြီးအကဲ ဗိုလ်ချုပ် ဟိုစိန်ဆာလာမီက အစ္စရေးသည် ကြီးမားသော တန်ပြန်တုံ့ပြန်မှုကို ရရှိမည်ဖြစ်ကြောင်း အောက်တိုဘာ ၃၁ ရက်တွင် ပြောကြားသည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ၎င်း၏ ကာကွယ်ရေးစွမ်းပကားသည် အီရန်၏ မည်သည့် အစိတ်အပိုင်းကိုမဆို တိုက်ခိုက်ရေးဆင်နွှဲနိုင်ကြောင်း သတိပေးချက် ထုတ်ပြန်ခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ဘာသာပြန် – အောင်ကျော်ကျော်**

## ဆားဘီးယားနိုင်ငံ နိုဗီဆက်မြို့ရှိ မီးရထားဘူတာရုံ၌ ကွန်ကရစ်ပလက်ဖောင်းပေါ်ရှိ အမိုးတစ်ခု ပြိုကျ၊ ၁၃ ဦးသေဆုံး

**ဘယ်ဂရိတ် နိုဝင်ဘာ ၂**

ဆားဘီးယားနိုင်ငံ နိုဗီဆက်မြို့ရှိ မီးရထားဘူတာရုံ၌ ကွန်ကရစ်ပလက်ဖောင်းပေါ်ရှိ အမိုးတစ်ခု ယမန်နေ့က ပြိုကျခဲ့ရာ ၁၃ ဦး အနည်းဆုံးသေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဆားဘီးယားပြည်ထဲရေးဝန်ကြီး အိုင်ဗီကာဒါစီက ပြောကြားသည်။

အခင်းဖြစ်ပွားပြီးနောက် မိနစ်ပိုင်းအတွင်း ကယ်ဆယ်ရေးလုပ်သားများ ရောက်ရှိလာပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ လူသုံးဦးကို ကယ်ဆယ်ပြီး ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း အိုင်ဗီကာဒါစီက ပြောကြားသည်။ အပျက်အစီးများအတွင်း ပိတ်မိနေသူများကို အမြန်ဆုံးကယ်ဆယ်နိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အခင်းဖြစ်ပွားမှုကြောင့် သေဆုံးသူ ရှစ်ဦးရှိကြောင်း ဆားဘီးယားအစိုးရက နိုဝင်ဘာ ၁ ရက်တွင် ကနဦး သတင်းထုတ်ပြန်ခဲ့သည်။ သို့သော် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ် အလောင်း ငါးလောင်း ထပ်မံတွေ့ရှိခဲ့ကြောင်း ကယ်ဆယ်ရေးသမားများက ပြောသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဆားဘီးယားပြည်ထဲရေးဝန်ကြီး အိုင်ဗီကာဒါစီက ပြောသည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

## အစ္စရေးပါလီမန်က ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီအား တားမြစ်ပိတ်ပင်ပြီးနောက် ဂါဇာရှိ ပြည်သူများ စိုးရိမ်ပူပန်မှုမြင့်တက်

**ဘေရွတ် နိုဝင်ဘာ ၂**

အစ္စရေးနိုင်ငံအတွင်း ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာကုလသမဂ္ဂအေဂျင်စီ (UNRWA) ၏ လုပ်ငန်း ဆောင်ရွက်မှုများကို တားမြစ်ပိတ်ပင်သည့် ဥပဒေတစ်ရပ်ကို အစ္စရေးပါလီမန်က အောက်တိုဘာ ၂၈ ရက်တွင် အတည်ပြုခဲ့ပြီးနောက် ဂါဇာကမ်းမြောင်ဒေသရှိ ပြည်သူများအကြား စိုးရိမ်ပူပန်မှုများ မြင့်တက်လျက်ရှိကြောင်း သိရသည်။




အဆိုပါ ဆုံးဖြတ်ချက်သည် ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီ၏လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးလုပ်ငန်းများကို အဟန့်အတားဖြစ်စေကြောင်း သိရသည်။

ဂါဇာတောင်ပိုင်း ခန်ယွန်းနစ်မြို့ရှိ ကျန်းမာရေးစင်တာတစ်ခုတွင် ဆေးကုသမှုခံယူရန် ဒေသခံပြည်သူအများအပြား စောင့်ဆိုင်းနေမှုကို အောက်တိုဘာ ၃၀ ရက်တွင် အင်န်အိတ်ချ်ကေသတင်းအေဂျင်စီ၏ မှတ်တမ်းတင်ဗီဒီယိုဖိုင်တစ်ခုတွင် တွေ့မြင်နိုင်သည်။

တစ်ကိုယ်ရေ သန့်ရှင်းမှုနှင့် ဒေသအတွင်း သန့်ရှင်းရေးစနစ်များ ပိုမိုဆိုးရွားလာခြင်းကြောင့် ပြည်သူအများအပြား ကူးစက်ရောဂါကူးစက်ခံရကြောင်း UNRWA တာဝန်ရှိသူများက ပြောကြားသည်။ ဆေးဝါးများ ဝယ်လိုအားတိုးလာသော်လည်း ပို့ဆောင်မှု နှောင့်နှေးနေကြောင်း ၎င်းတို့က ဆက်လက်ပြောသည်။

ဆေးဝါးအမျိုးအစား ၅၀ ကျော်သည် ယခုလအစောပိုင်းတွင် ပြတ်လပ်သွားနိုင်ကြောင်းလည်း ၎င်းတို့က ပြောကြားသည်။

၎င်း၏ အသက်တစ်နှစ်အရွယ် ကလေးငယ်တစ်ဦး အာဟာရချို့တဲ့မှု ခံစားနေရကြောင်းနှင့် ပါလက်စတိုင်း ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီ၏ ကူညီပံ့ပိုးမှုများကိုလိုအပ်ကြောင်း ဆေးခန်းသို့ လာရောက်သည့် အမျိုးသမီးတစ်ဦးက ပြောကြားသည်။

အစားအသောက်နှင့် ဆေးဝါးများ ဆက်လက်စီးဆင်းနိုင်စေရန် နိုင်ငံတကာ အသိုင်းအဝိုင်းက ပါလက်စတိုင်း ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီကို ဆက်လက် ပံ့ပိုးပေးရမည်ဖြစ်ကြောင်း အခြားအမျိုးသမီးတစ်ဦးက ပြောကြားသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင်ဟားမတ်စ်အဖွဲ့ကအစ္စရေးအား တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်တွင် ပါလက်စတိုင်း ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီမှ ဝန်ထမ်းများ ပါဝင်ပတ်သက်ကြောင်း အစ္စရေးလွှတ်တော်အမတ်များက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန်** – အောင်ကျော်ကျော်

# သာစည်၊ ကျိုင်းတုံနှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၂

သာစည်၊ ကျိုင်းတုံနှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၃၁ ရက် ည ၁၀ နာရီ ၁၀ မိနစ်တွင် သာစည်မြို့နယ် လှိုင်းတက်ကျေးရွာအုပ်စု စိုက်ပျိုးရေးကျေးရွာအနီးတွင် စည်သူထိုက်၊ သီဟအောင်နှင့် မျိုးမင်းဦးတို့ သုံးဦးအား Light Truck ယာဉ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀ ကို လည်းကောင်း၊ အလားတူ နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု ပန်ဟုန်းကျေးရွာအနီးတွင် အားဂျိုမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း၊ ထို့အတူ နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ဟွေရှန်းကျေးရွာအနီးတွင် မြလှ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



မျိုးမင်းဦး၊ စည်သူထိုက်နှင့် သီဟအောင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

# ဇေယျာသီရိမြို့နယ်၌ ဓားဦးချွန်ကိုင်ဆောင်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထား

နေပြည်တော် နိုဝင်ဘာ ၂

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၌ နိုဝင်ဘာ ၁ ရက်က ဓားဦးချွန်ကိုင်ဆောင်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် ဇေယျာသီရိမြို့နယ် ညောင်ပင်ကြီးကျေးရွာအတွင်း၌ အမျိုးသားတစ်ဦး အရက်မူး၍ ဓားကိုင်သောင်းကျန်းနေကြောင်းသတင်းအရ ရေဆင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ ရပ်ကွက်နေ ဦးစိုးလွင်(၄၈)နှစ်အား ကျေးရွာလမ်းမပေါ်တွင် အရိုးအသွား ၁၄ လက်မခန့်ရှိ ဓားဦးချွန်ကို ကိုင်ဆောင်ရမ်းကားနေသည်ကို တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် စိုးလွင်အား ရေဆင်းနယ်မြေရဲစခန်း (ပ)၁၀၅/၂၀၂၄၊ လက်နက်ဥပဒေပုဒ်မ ၂၃(က) ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၃၀ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၆ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၈၄၉၅၁၂၀) ကို လည်းကောင်း၊ ရွာသာကြီး Dry Port ၌ တာချီလိတ်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ယာဉ်အပိုပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကို လည်းကောင်း၊ နိုဝင်ဘာ ၁ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Express Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကို လည်းကောင်း (**စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၀၄၉၅၁၂၀**)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုဝင်ဘာ ၁ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truk တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) (**စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၇၀၀၀၀၀**)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးမြို့ အင်းဝင်(၂)လမ်း နန်းတော်ရာ ရပ်ကွက်အနီး၌ ရပ်တန့်ထားသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၆၀၆ တန်၊ သစ်မာ ၄ ဒသမ ၃၅၇ တန်၊ အခြားသစ် ၁ ဒသမ ၀၀၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၃၉၈၉၅)ကို သစ်တောဥပဒေအရ လည်းကောင်း (**စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၂၃၉၈၉၅**)ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

အောက်တိုဘာ ၃၀ ရက်နှင့် နိုဝင်ဘာ ၁ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၆ မှု (**ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၈၄၃၅၀၁၅**) ကို သိမ်းဆည်းရမိခဲ့သည်။ ယနေ့သိမ်းဆည်းရမိမှုများတွင် လုပ်ငန်းသုံးပစ္စည်းများ တရားမဝင် တင်သွင်းလာသည်ကိုတွေ့ရှိရပြီး ထိုကဲ့သို့ တရားမဝင်ပစ္စည်းများ တင်သွင်းလာမှုကြောင့် တရားဝင်တင်သွင်းသည့် လုပ်ငန်းရှင်များအပေါ် ထိခိုက်နစ်နာမှုဖြစ်စေခြင်းနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းစေခြင်းတို့ ဖြစ်ပေါ်စေနိုင်ပါသဖြင့် ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၁၁-၂၀၂၄ တနင်္ဂနွေနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ဓဇဂ္ဂသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၅ သံဃဝေနိယလေးဌာန (နေပြည်တော်)
- ၀၉:၂၅ ကာတွန်းအစီအစဉ် '**တိရစ္ဆာန်မြို့တော်၏ဇာတ်လမ်း**' (အပိုင်း-၁၄)
- ၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၀:၂၀ '**ပျော်စရာဘုံကထိန်**' တေးဂီတပျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
- ၁၁:၄၀ အသိပညာနှင့်အမှန်တရား
- ၁၂:၃၀ This Week's Special Interest
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာ့ဂန္ထဝင်ရုပ်ရှင် '**မုန်းစကားမဆိုနဲ့ချစ်သည်း**' (ကောလိပ်ဂျင်နေဝင်း၊ ကျော်ဟိန်း၊ နွဲ့နွဲ့မူ)
- ၁၆:၅၀ Sports Diary
- ၁၇:၀၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၇:၂၀ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ) (တတိယပိုင်း)
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ '**သူတောင်းမြည်ကြယ်တာရာစတာလာ**' (အပိုင်း-၄)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဘဝနှင့်အနုပညာ '**ချိုသံသာတေးအလှဝေဖြာ**' (အပိုင်း-၁) '**တေးသံရှင် - စည်သူထား**'
- ၂၁:၂၀ ဆေးရောင်စုံရုပ်ရှင် '**ကျောက်စက်ရေ**' (မြင့်မြတ်၊ စိုးမြတ်သူဇာ၊ မေသန်းနု၊ ထွန်းအိန္ဒြာဗို)

### mitv

- 07:01 Evergreen Classic: Zeyatu Sabba Mingalan (Takkatho Lae Lae)
- 07:12 Mushroom Farming
- 07:36 Myanmar Childhood Games (Episode-1)
- 07:46 BE. FALLS PARK
- 08:01 News
- 08:26 Global Updates: Mental health - How can you improve it
- 09:01 ASEAN - We are One
- 09:15 Today Myanmar
- 09:29 Healthy Soil, Healthy Food, Healthy People
- 09:48 Myanmar's Entrepreneurs: Soe Moe Aung
- 10:01 News
- 10:27 Topics Potpourri; Balancing Access and Preservation
- 10:32 Tour around Kyaukse
- 10:48 Perspectives; Opportunities in x border E commerce

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
ကျိုင်းတုံမြို့ရဲ့အထင်ကရင်နေရာများသို့ (အပိုင်း-၁)

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
သဘာဝရဲ့လက်ဆောင်

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
အစာသည်ဆေး ဆေးသည်အစာ အစားမှားရင်တော့ဘေး

**ဝကေကရင် (၁၂:၀၀ မှ ၁၃:၀၀)**
တလေဒူးခုန်ခြင်း

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
သဘာဝမိကျောင်းများ ပျော်စံရာမိန်းမလှကျွန်း

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
ကရင်ရိုးရာဘဲသားဆန်ပြုတ်

**ချင်း (လိုင်ဇို) (၁၅:၀၀ မှ ၁၆:၀၀)**
သင်မယ်၊ ရေးမယ်တို့ 'ချင်း'စာ (အပိုင်း-၂၂)

**ချင်း (ချို) (၁၆:၀၀ မှ ၁၇:၀၀)**
ချင်း(ချို)ရိုးရာကြက်သားသုပ်

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
မော်လမြိုင်မြို့ရဲ့အထင်ကရင်နေရာများ

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင် (အပိုင်း-၉)

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
ထိန်းသိမ်းအစဉ်အလာတို့ဝလေ့ရိုးရာ (တိုင်းအာဟုမ်၊ တိုင်းလမ်၊ တိုင်းလောမ်၊ တိုင်းထိုင်း)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၉:၄၅ Save Our Planet Program
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၄:၁၅ News Desk
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၄၅ Football Highlights
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ '**ကိုရီးယားနိုင်ငံ**'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**ကျောင်းမှန်မှန်တက်စာမခက်**'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ '**စင်ကာပူနိုင်ငံ**'
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း '**ဆွစ်ဇာလန်နိုင်ငံ**'
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၃၉)

### MRTV FARMERS' Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၂၀ တန်ဖိုးမြင့်ထုတ်ကုန် ဖွဲနုဆီအစွမ်း
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ Yoga
- ၁၈:၄၀ Rose Tour
- ၁၉:၁၀ Seven Success Stories From Northeastern Thailand
- ၁၉:၄၅ International Music Hits
- ၂၂:၀၀ Hachi-A Dog's Tale

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ Weekly Sports Info
- ၀၇:၄၅ Weekend News
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ E Sports

Scan Here — MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ကန့်ဘလူမြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ပြီး ဒေသခံပြည်သူများအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း မဟုတ်မမှန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂

ကန့်ဘလူမြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ပြီး ဒေသခံပြည်သူများအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက်ရှိသည်။

ဖြစ်စဉ်အမှန်မှာ ကန့်ဘလူမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သည့် ကျီစု၊ ကျောက်တိုင်၊ ဝက်တိုးရွာများရှိ ဘုန်းကြီးကျောင်းများမှ သံဃာတော်များအား PDF အမည်ခံ အကြမ်းဖက်သမားများက နှင်ထုတ်၍ သာသနာ့နယ်မြေဖြစ်သော ကျောင်းဝင်းအတွင်းနှင့် စာသင်ကျောင်းများ၌ ခိုအောင်းစခန်းချကာ လက်လုပ်သေနတ်များ၊ လက်လုပ်စိန်ပြောင်းများနှင့် လက်လုပ်မိုင်းမျိုးစုံတို့အား ပြုလုပ်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အဆိုပါရွာများအတွင်း PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားခဲ့သည့် မိုင်းများ၊ ဘာသာရေးအဆောက်အအုံများနှင့် စာသင်ကျောင်းများအတွင်း ကင်းစောင့်ခဲ့သည့်နေရာများ၊ ဘန်ကာ/ပစ်ကတုတ်များ၊ လက်လုပ်သေနတ်၊ စိန်ပြောင်း၊ မိုင်းများနှင့် လက်လုပ်များ ပြုလုပ်ရာတွင်သုံးသည့် လက်သုံးကိရိယာမျိုးစုံတို့အား ဖော်ထုတ်သိမ်းဆည်းရရှိခဲ့သည်။

ထိုသို့ ရပ်ကွက်၊ ကျေးရွာများအတွင်း အကြမ်းဖက်သမားများ ခိုအောင်းမှုမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအပေါ် အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက ပြည်သူလူထုအထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိပြီး အကြမ်းဖက်သမားများ၏ လုပ်ရပ်များအား ပြည်သူများသိရှိစေရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်









အကြမ်းဖက်သမားများ ခိုအောင်းစခန်းချခဲ့သည့် ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းနေရာများအား တွေ့ရစဉ်။







လက်လုပ်သေနတ်များ၊ လက်လုပ်စိန်ပြောင်းများ၊ လက်လုပ်မိုင်းများ သိမ်းဆည်းထားသည့် နေရာများအား တွေ့ရစဉ်။





အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရရှိခဲ့သည့် လက်လုပ်သေနတ်များ၊ လက်လုပ်စိန်ပြောင်းများ၊ လက်လုပ်မိုင်းများနှင့် ဆက်စပ်ပစ္စည်းများအား တွေ့ရစဉ်။

## ■ ကျောဖုံးမှ

သွေးလင်းထက်သည် ONE နှင့် လက်တွဲအပြီး ဒုတိယမြောက်ပွဲအဖြစ် ထိုးသတ်ရခြင်းဖြစ်ပြီး ပထမပွဲတွင် အမှတ်ဖြင့် အနိုင်ရသော်လည်း ယခုပွဲတွင် အမှတ်ဖြင့် အရေးနိမ့်ခဲ့သည်။ သွေးလင်းထက်သည် နည်းဗျူဟာနှင့် ထိုးသတ်ပုံများအရ ပြိုင်ဘက်ကစားသမားကို အသာမရဘဲ ဘရာဇီးအာချက်ကသာ ပွဲကို ဦးဆောင်ထိုးသတ်ခဲ့သဖြင့် အမှတ်ဖြင့် ဆုံးဖြတ်ရာတွင် အသာရခဲ့ခြင်းဖြစ်သည်။

သတင်း – ရှိုင်းထက်ဇော်

ဓာတ်ပုံ – ONE Championship

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

## ❂ AFC မှ

ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုပထမပွဲအဖြစ် လာအိုကလပ်နှင့်ကစားခဲ့သည့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး တိုင်နန်စီးတီးအသင်းကို ရင်ဆိုင်ခဲ့သည်။ ပွဲအစတွင် တိုင်နန်စီးတီးအသင်းက တိုက်စစ်အားပြုကစားခဲ့ပြီး ၁၂ မိနစ်တွင် မက်သယူးပေါ်တိုက ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ချေပဂိုးရရန် တောက်လျှောက်ကြိုးပမ်းခဲ့ပြီး ၄၂ မိနစ်တွင် စအောင်ပြည့်ကိုက ချေပဂိုးပြန်သွင်းခဲ့သဖြင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေသည်။

ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ဂိုးထပ်ရရန် ကစားသမားများပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့ပြီး မိနစ် ၇၀ တွင် ရဲရင့်အောင်က ဒုတိယဂိုးသွင်းယူပေးခဲ့သည်။ သို့သော် ရှမ်းယူနိုက်တက်အသင်းသည် အနိုင်ရလဒ်ကို မထိန်းနိုင်ဘဲ ၈၇ မိနစ်တွင် ဂိုးပြန်ပေးခဲ့ရကာ တိုင်နန်စီးတီးအသင်းအတွက် ချေပဂိုးကို တိုနင်ဟိုက သွင်းယူခဲ့သည်။

အုပ်စု(D)ပွဲစဉ်များအပြီးတွင် ရှမ်းယူနိုက်တက်နှင့် တိုင်နန်စီးတီးအသင်းတို့ တစ်ပွဲနိုင်၊ တစ်ပွဲသရေ ရမှတ်လေးမှတ်စီ တူညီသော်လည်း ရှမ်းယူနိုက်တက်အသင်းက ဂိုးကွာခြားချက်အသာဖြင့် အုပ်စုပထမ၊ တိုင်နန်စီးတီးအသင်းက အုပ်စုဒုတိယရရှိသည်။

AFC Challenge League ပြိုင်ပွဲ အုပ်စုပွဲများအားလုံး ပြီးဆုံးသွားပြီဖြစ်ရာ အရှေ့အာရှဇုန် အုပ်စု(D)တွင် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းက အုပ်စုပထမ၊ တရုတ်(တိုင်ပေ)ကလပ် တိုင်နန်စီးတီးအသင်းက အုပ်စုဒုတိယ၊ အုပ်စု(E)တွင် အင်ဒိုနီးရှားကလပ် မာဒူရာအသင်းက အုပ်စုပထမ၊ ကမ္ဘောဒီးယားကလပ် Preah Khan Reach Svay Rieng အသင်းက အုပ်စုဒုတိယရရှိကာ ကွာတားဖိုင်နယ်တက်ရောက်ခဲ့သည်။

အနောက်အာရှဇုန် အုပ်စု(A)တွင် အိန္ဒိကလပ် အရှေ့ဘင်ဂေါအသင်းက အုပ်စုပထမ၊ အုပ်စု(B)တွင် တာ့ခ်မင်နစ္စတန်ကလပ် အာကာဘတ်အသင်းက အုပ်စုပထမ၊ အုပ်စု(C)တွင် အိုမန်ကလပ် အယ်လ်ဆီဘ်အသင်းက အုပ်စုပထမ၊ အကောင်းဆုံးအုပ်စုဒုတိယအဖြစ် အုပ်စု(B)မှ ကူဝိတ်ကလပ် အယ်လ်အာရာဘီအသင်းတို့ ကွာတားဖိုင်နယ်တက်ရောက်ခဲ့သည်။

ကွာတားဖိုင်နယ်တွင် ဇုန်အလိုက်အသင်းအချင်းချင်းသာ တွေ့ဆုံမည်ဖြစ်ပြီး အရှေ့အာရှဇုန်တွင် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းနှင့် ကမ္ဘောဒီးယားကလပ် Preah Khan Reach Svay Rieng အသင်း၊ အင်ဒိုနီးရှားကလပ် မာဒူရာအသင်းနှင့် တရုတ်(တိုင်ပေ)ကလပ် တိုင်နန်စီးတီးအသင်း၊ အနောက်အာရှဇုန်တွင် ကူဝိတ်ကလပ် အယ်လ်အာရာဘီအသင်းနှင့် အိုမန်ကလပ် အယ်လ်ဆီဘ်အသင်း၊ တာ့ခ်မင်နစ္စတန်ကလပ် အာကာဘတ်အသင်းနှင့် အိန္ဒိယကလပ် အရှေ့ဘင်ဂေါအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ကွာတားဖိုင်နယ်ပွဲစဉ်များကို ၂၀၂၅ ခုနှစ် မတ်လတွင် ကျင်းပမည်ဖြစ်သည်။

သတင်း – ကိုညီလေး၊ ဓာတ်ပုံ – သော်ကြီး

# (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိဇံမွေးမြူရေးဇုန် ကျောက်ချောလမ်းသစ်များဖွင့်



ဘားအံ နိုဝင်ဘာ ၂

(၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကရင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မိဇံမွေးမြူရေးဇုန်ကျောက်ချောလမ်းသစ်များဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီက အဆိုပါကျောက်ချောလမ်းသစ်များ မုခ်ဦး၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၅၇၁ ဒသမ ၄၅၂ သန်းဖြင့် ဖွဲ့ကပင်မေမေကုမ္ပဏီ၊ ငွေကမ္ဘာအောင်ကုမ္ပဏီ၊ သပြေသုခကုမ္ပဏီ၊ ကောင်းမြတ်အောင်ကျော်ကုမ္ပဏီတို့မှ တာဝန်ယူဆောင်ရွက်သော မိဇံမွေးမြူရေးဇုန်ပင်မအဝင်လမ်း၊ ဇုန်အတွင်းလမ်း၊ ဇုန်ပတ်လမ်း ကျောက်ချောလမ်းသစ်များ ၄ မိုင် ၅ ဒသမ ၄ ဖာလုံနှင့် ကွန်ကရစ်တံတားတစ်စင်း အကျယ်ချဲ့ခြင်းတို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် လမ်းဖွင့်ပွဲတွင် ပါဝင်အားဖြည့်ကူညီပေးကြသော ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ကူးကာ မိဇံမွေးမြူရေးဇုန်အတွင်း ကျောက်ချောလမ်းသစ်များကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် မိဇံမွေးမြူရေးဇုန်အတွင်း တောင်သူဦးစောကပေါ်ထူး၏ ဝက်ကောင်ရေ ၁၀၀ မွေးမြူရေးခြံ၊ Yoon Sa Lin Goat MZ-Farm ၏ ဆိတ်ကောင်ရေ ၁၅၀ မွေးမြူရေးခြံတို့ကို ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

**ထောက်ပံ့ပေးအပ်**

ဆက်လက်၍ ကရင်ပြည်နယ်အစိုးရအဖွဲ့က ဆီထွက်နေကြာမျိုးစေ့ ထောက်ပံ့ပေးအပ်ခြင်းနှင့် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်းမှ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့သို့ ထောက်ပံ့လှူဒါန်းသည့် မတ်ပဲနှင့်ပဲတီစိမ်းမျိုးစေ့များ ပေးအပ်သည့်အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ဖွဲ့ကပင်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်းမှ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့သို့ ထောက်ပံ့လှူဒါန်းသည့် မတ်ပဲမျိုးစေ့တင်း ၁၀၀၊ ပဲတီစိမ်းမျိုးစေ့တင်း ၁၀၀ နှင့် ပြည်နယ်အစိုးရအဖွဲ့က ဘားအံ၊ လှိုင်းဘွဲ့၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ မြဝတီ၊ ဖာပွန်မြို့နယ်များတွင် နေကြာစံပြကွက်ဧက ၅၀၀ စိုက်ပျိုးမည့် အကျိုးဆောင်တောင်သူများအား နေကြာမျိုးစေ့အခမဲ့နှင့် ပုံမှန်နေကြာစိုက်ပျိုးမည့် တောင်သူများအား မျိုးစေ့တန်ဖိုး၏တစ်ဝက်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

# တပ်ကုန်းမြို့နယ် တန်ဆောင်တိုင်ပွဲတော်တွင် မြန်မာ့ရိုးရာ နွားအလှနှင့် ဒုန်းစိုင်းပြိုင်ပွဲ ထည့်သွင်းကျင်းပမည်



တပ်ကုန်း နိုဝင်ဘာ ၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် တန်ဆောင်တိုင်ပွဲတော်ကြီးတွင် မြန်မာ့ရိုးရာ နွားအလှနှင့် ဒုန်းစိုင်းပြိုင်ပွဲ ထည့်သွင်းကျင်းပယှဉ်ပြိုင်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးတွင် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးဇေယျာလင်းတို့က မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းသည့်အနေဖြင့် မြန်မာ့ရိုးရာ နွားအလှပြိုင်ပွဲ၊ ဒုန်းစိုင်းပြိုင်ပွဲများ ကျင်းပဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းမှာကြား**

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးနှင့် တက်ရောက်လာသည့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ နေပြည်တော်အသေးစား၊ အငယ်စားနှင့်အလတ်စား (MSME) အသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုးလွင်တို့က တန်ဆောင်တိုင်ပွဲတော်နှင့် မြန်မာ့ရိုးရာနွားအလှပြိုင်ပွဲ၊ ဒုန်းစိုင်းပြိုင်ပွဲ၊ MSME ဈေးရောင်းပွဲကျင်းပရေး အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးဇေယျာလင်းတို့က တန်ဆောင်တိုင်ပွဲတော်ကြီးကျင်းပရေးနှင့် ပတ်သက်၍ လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။

တင်စိုးလွင်

# ညောင်လေးပင်မြို့နယ်၌ မိုးစပါးစံကွက် ရိတ်သိမ်းပွဲ ကျင်းပ

ညောင်လေးပင် နိုဝင်ဘာ ၂

လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးထားသော တစ်ကွင်းတစ်ဆက်တည်း ၁၈၄ ဧက မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် စံဖဲကျေးရွာ တောင်သူဒေါ်စန်းရီကြီး၏ ဆင်းသုခမိုးစပါး စိုက်ဧက ၁၀ ဧက၌ ရိတ်သိမ်းကြသည်။

မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်က မိုးစပါးစံကွက်ရိတ်သိမ်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တောင်သူများကစံကွက်များကို စုပေါင်းရိတ်သိမ်းကြသည်။

အဆိုပါစံကွက်ရိတ်သိမ်းပွဲသို့ ညောင်လေးပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုး၊ ညောင်လေးပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဘုန်းမောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်၊ မြို့နယ်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးကျော်နိုင်ထက်နှင့် မြို့နယ်စိုက်ပျိုးမွေးမြူရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက တက်ရောက်ကြည့်ရှုအားပေးကြပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ တောင်သူများစုပေါင်း၍ စံကွက် ကောင်း/သင့်/ညံ့ အကွက်များကို ရိတ်သိမ်းကြရာ တစ်ဧကလျှင် ပျမ်းမျှအစိုအထွက်နှုန်း ၁၄၀ ဒသမ ၆၃ တင်း ထွက်ရှိပြီး အခြောက်အထွက်နှုန်း ၁၃၁ ဒသမ ဝ၄ တင်း ထွက်ရှိကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၁၁-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၈၀ | ၃၁၆၀ | ၃၁၃၅ | ၃၀၉၀ | ၃၁၆၅ | ၃၁၇၅ | ၃၁၉၀ | ၃၁၄၅ | ၄၄၀၅ | ၃၃၀၀ | ၃၁၅၀ | ၃၁၆၅ | ၃၂၀၀ | ၃၁၈၅ | ၃၂၀၀ | ၃၆၀၅ | ၄၁၀၀ |
| 95 Ron | ၃၂၉၀ | ၃၃၇၀ | ၃၃၄၅ | ၃၃၀၀ | ၃၃၇၅ | ၃၃၈၅ | ၃၄၀၀ | ၃၃၅၅ | ၄၄၅၅ | ၃၅၁၀ | ၃၃၆၀ | ၃၃၇၅ | ၃၄၁၀ | ၃၃၉၅ | ၃၄၁၀ | ၃၈၀၅ | ၄၂၅၀ |
| HSD (500 ppm) | ၂၆၁၅ | ၂၆၉၅ | ၂၆၇၀ | ၂၆၂၅ | ၂၆၉၅ | ၂၇၁၀ | ၂၇၂၀ | ၂၆၇၅ | - | ၂၈၃၀ | ၂၆၈၅ | ၂၇၀၀ | ၂၇၃၀ | ၂၇၂၀ | ၂၇၃၀ | ၃၁၃၅ | ၄၁၀၀ |
| HSD (50 ppm) | ၃၂၆၀ | ၃၃၄၀ | ၃၃၂၀ | ၃၂၇၀ | ၃၃၄၅ | ၃၃၅၅ | ၃၃၇၀ | ၃၃၂၅ | ၄၇၂၀ | ၃၄၈၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၈၀ | ၃၃၆၅ | ၃၃၈၀ | ၃၇၈၅ | - |
| HSD (10 ppm) | ၃၂၆၀ | ၃၃၄၀ | ၃၃၂၀ | ၃၂၇၀ | ၃၃၄၅ | ၃၃၅၅ | ၃၃၇၀ | ၃၃၂၅ | - | ၃၄၈၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၈၀ | ၃၃၆၅ | ၃၃၈၀ | ၃၇၈၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၂၂ | ၃၀၁၄ |
| 95 Ron | ၃၁၂၅ | ၃၂၂၀ |
| HSD (500 ppm) | ၂၄၆၉ | ၂၅၄၈ |
| HSD (50 ppm) | ၃၀၉၇ | ၃၁၈၈ |
| HSD (10 ppm) | ၃၀၉၇ | ၃၁၈၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ဝ၆၇- ၄၁၁၃၇၃၊ ဝ၉-၂၅၄၆၂၅၄၇၇

ဝ၆၇- ၄၁၁၂၈၂၊ ဝ၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၂

ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ မိုး/ဇလ

# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

**ဒေါက်တာထွန်းတင့်**

## ဗျည်း ၃၃ လုံး၏ အနက်နှင့်အဓိပ္ပာယ်

(၂၈-၁၀-၂၀၁၉ ရက်နေ့မှအဆက်)

### ဝ

ဝ၏အနက်လည်း 'ပေါင်းစည်းခြင်း' ပင်ဖြစ်သည်။ မြန်မာအဘိဓာန်တွင် ဝကို နာမဝိသေသနအဖြစ်လည်းကောင်း၊ ကြိယာအဖြစ်လည်းကောင်းပြထားသည်။ နာမဝိသေသနအဖြစ် "ဖွံ့သော၊ ပြည့်ဖြိုးသော"ဟူ၍အဓိပ္ပာယ် ဖွင့်ထားပါသည်။ ကြိယာအဖြစ် "လုံလောက်သည်။ အားရကျေနပ်သည်"ဟု အဓိပ္ပာယ်ဖွင့်ထားပါသည်။ "ထမင်းဝသည်။ အိပ်ရေးဝသည်"ဟူသော အသုံးသာဓက အကိုးပြထားပါသည်။

ဝ အက္ခရာ၏ အသွင်သဏ္ဌာန်သည်ပင် ပေါင်းစည်းခြင်း သရုပ်ကို ဖော်ပြနေပါသည်။ ဝ အက္ခရာသည် စုတ်ချက်တစ်ချက်ဆွဲ အက္ခရာဖြစ်သည်။ ဝအက္ခရာကိုရေးရာ၌ စ၍ဆွဲသောနေရာသို့ရောက်၍ တစ်ပတ်လည်မှ ဝ အက္ခရာဖြစ်သည်။ အစနှင့်အဆုံး ပေါင်းစည်းမိသဖြင့် ဝအက္ခရာ အသွင်သဏ္ဌာန်သည် ပေါင်းစည်းခြင်းကို ဖော်ပြနေပါသည်။ အနက်အဓိပ္ပာယ်အားဖြင့်လည်း ပြည့်ဝသော၊ ပြည့်ဖြိုးသောဟုဆိုသဖြင့် ပေါင်းစည်းခြင်း အနက်ပင်ဖြစ်သည်။ ပေါင်းစည်းခြင်းသည် ဝသောအဖြစ်၊ ပြည့်ဖြိုးသောအဖြစ်ကို ရောက်စေပါသည်။

ဤတွင် ဝဖီး၊ ဝဖိုင့်၊ ဝဖြိုး၊ ဝတုတ်တို့သည် ခန္ဓာကိုယ်ဖွံ့ဖြိုးသည့် အနက်ကို ဖော်ပြပါသည်။ ကြွယ်ဝ၊ ပြည့်ဝ၊ ဝပြော၊ ဝလင် စသည်တို့သည် ပစ္စည်းဥစ္စာပေါများပြည့်စုံသည့်အနက်ကို ဖော်ပြပါသည်။ ခန္ဓာကိုယ်ဖွံ့ဖြိုးသည့်အနက်၊ ပစ္စည်းဥစ္စာပေါများပြည်စုံသည့်အနက် နှစ်နက်စလုံးပင်ပေါင်းစည်းခြင်းအနက်ဖြစ်ပါသည်။

ထမင်းဝသည်၊ ထမင်းဝပြီ စသည်ပြောဆိုကြသည်မှာစားသော ထမင်းသည် စားသူ၏ ဝမ်းဗိုက်နှင့်ပေါင်းစည်းမိသည်၊ ပေါင်းစည်းမိပြီဟူသော အဓိပ္ပာယ်ဖြစ်သည်။ ဝတ္ထုဒြပ် ပေါင်းစည်းမိခြင်းဖြစ်သည်။ အိပ်ရေးဝသည်၊ ပြောလို့ဝပြီ စသည်တို့မှ ဝ၏ အဓိပ္ပာယ်မှာလည်း တကယ်တမ်း ဝမ်းဝသည်၊ ဗိုက်ဝသည်ကဲ့သို့ မဟုတ်ဘဲ အိပ်ရသည်ကို တင်းတိမ်ကျေနပ်သည်၊ ပြောရသည်ကို တင်းတိမ်ကျေနပ်သည်ဟု ဆိုလိုသည်။အိပ်ခြင်းနှင့် အိပ်လိုသည့်အချိန် ကိုက်ညီပေါင်းစည်းမိခြင်း၊ ပြောရခြင်းနှင့် ပြောလိုသည့် အလိုဆန္ဒ ကိုက်ညီပေါင်းစည်းမိခြင်းပင်ဖြစ်သည်။

ဝ၏အနက်ကို ဝ၏တိုင်သံများဖြစ်သော ဝက်၊ ဝတ်၊ ဝပ် တို့၏ အနက်နှင့် ဆက်စပ်လေ့လာသင့်ပေသည်။ (ဝ၏ တိုင်သံများဖြစ်သော **ဝက်**၊ **ဝတ်**၊ **ဝပ်**တို့ကို ယောဒေသိယအသံ၊ ရခိုင်ဒေသိယအသံအတိုင်း ရွတ်ဆိုသင့်ပါသည်။)

**ဝက်**၏အနက်ကို လေ့လာသင့်ပါသည်။ ထိုသတ္တဝါကို အဘယ်ကြောင့် ဝက်ဟု ခေါ်ပါသနည်း။ အဖြေမှာ ဝသောကြောင့် ဝက်ဟု ခေါ်ခြင်းဖြစ်ပါသည်။ အဘယ်ကြောင့် ဝသနည်း။ ထိုသတ္တဝါသည် အဆီများ ပေါင်းစည်းနေသောကြောင့် ဝပါသည်။ ဝနေသောသတ္တဝါ ဖြစ်၍ ဝက်ဟု ခေါ်ခြင်း ဖြစ်ပါသည်။ (ဝက်=ဝ့ါက်)။ မြန်မာအဘိဓာန်တွင် ဝက်ကို "အဆီများ၍ အခေါက်ထူသော ခြေလေးချောင်း နို့တိုက်သတ္တဝါ တစ်မျိုး" ဟု အဓိပ္ပာယ်ဖွင့်ထားပါသည်။

**ဝတ်** သည်လည်း **ဝ**၏တိုင်သံတစ်မျိုးဖြစ်သည်။ **ဝတ်**၏ အဓိပ္ပာယ်ကို မြန်မာအဘိဓာန်တွင် "ကိုယ်၌ အဝတ်ဆင်ယင်သည်။ အဆင်တန်ဆာ ဆင်ယင်သည်"ဟူ၍ ဖွင့်ဆိုထားပါသည်။ ဤ၌ ဆင်ယင်သည်ဆိုသည်မှာ ဆက်စပ်ခြင်းပင်ဖြစ်သည်။ (ဆက် = ဆင်) အဝတ်အစား၊ အဆင်တန်ဆာ ဆင်ယင်သည်ဆိုသည့် အဝတ်အစား၊ အဆင်တန်ဆာကို ကိုယ်နှင့်ဆက်စပ်ခြင်းပင်ဖြစ်၍ ပေါင်းစည်းနက်ပင်ဖြစ်သည်။

**ဝ**၏ တိုင်သံတစ်လုံးမှာ **ဝပ်**ဖြစ်သည်။ **ဝပ်**ကို မြန်မာအဘိဓာန်တွင် "**ဝပ်**၊ ကြိ-၁၊ ကိုယ်ကို ကျုံ့ကျုံ့မှောက်လျက် အခင်းပြင်နှင့်နီးကပ်အောင် ပြုသည်။ ၂၊ ကြောက်ရွံ့၍ သိုသိပ်စွာနေသည်။ ၃၊ ထကြွလှုပ်ရှားမှု ငြိမ်သက်တန့်ရပ်သည်။ ၄၊ ကြက်၊ ငှက် စသည်တို့ ဥပေါ်တွင် ငြိမ်သက်စွာနေသည်။ ၅၊ ချိုင့်စသည်တွင် ရေတင်နေသည်"ဟု အဓိပ္ပာယ်ဖွင့်ထားပါသည်။ အဓိပ္ပာယ်အားလုံးသည် အပေါ်ပိုင်းကိုယ်လုံး၊ အရာဝတ္ထုနှင့် အောက်ပိုင်း အခံတို့ ဆက်စပ်ပေါင်းစည်းကြသည်ချည်း ဖြစ်၍ အားလုံးပေါင်းစည်းနက်ထင်ရှားသည်။

ချုပ်၍ဆိုရသော် **ဝ** ၏ အနက်လည်း ပေါင်းစည်းခြင်းပင်ဖြစ်သည်။

### သ

**သ**၏အနက်လည်း "ပေါင်းစည်းခြင်း" ပင်ဖြစ်သည်။ **သ**၏ အဓိပ္ပာယ်ကို မြန်မာအဘိဓာန်တွင် "**သ**၊ ကြိ- ၁၊ မွမ်းမံပြင်ဆင်သည်။ ၂၊ ခား၊ လုံစသည်ကို ပြန်လည်ပြုပြင်သည်။" ဟု ဖွင့်ပြထားပါသည်။

ဤတွင် မွမ်းမံပြင်ဆင်သည်ဆိုသည်မှာ ပိုမိုကောင်းမွန်အောင် လုပ်သည်။ ပိုမိုလှပအောင် လုပ်သည်ကို ဆိုလိုသည်။ ဤသူငယ်သည် တစ်မနက်လုံး သူ့ကိုယ်သူ **သ**နေသည်ဆိုသည်မှာ တစ်မနက်လုံး သူ့ကိုယ်သူ မွမ်းမံပြင်ဆင်နေသည်ဟု ဆိုလိုပါသည်။ အမောက်ကလေး တသသနှင့်ဟု ဆိုသည်မှာ အမောက်ကလေး မတိမ်းမစောင်းအောင်၊ မပြားအောင် ဂရုတစိုက်နှင့် ပြုပြင်နေသည်ကို ဖော်ညွှန်းသည်။

ခား**သ**သည်၊ လုံ**သ**သည် ဆိုသည်မှာ အသွားမထက်တော့သော၊ အသွားပေလိပ်နေသော ခား၊ လုံကို အသွားထက်မြက်အောင် ပြုပြင်မွမ်းမံသည်ဟုဆိုလိုသည်။

ဤတွင် **သ**သည်၏ အဓိပ္ပာယ်ကို **သ**၏တိုင်သံဖြစ်သော **သပ်**နှင့် အနက်ဆက်နွှယ် ဖော်ထုတ်သင့်ပါသည်။ **သပ်**၏ အဓိပ္ပာယ်ကို မြန်မာအဘိဓာန်တွင် "ကြိ-၁၊ လက်ဖြင့်အသာအယာဖိ၍ ပွတ်တိုက်သည်။ ၂၊တစ်စုံတစ်ရာ၏ အပေါ်ယံကို ချောမွတ်အောင် ထက်သောအသွားဖြင့် ပွတ်ဆွဲသည်"ဟု ဖွင့်ဆိုထားပါသည်။ ခား**သ**သည် ဆိုသည်မှာ ခားအသွားထက်အောင် သပ်သည့်သဘော၊ လုံ**သ**သည် ဆိုသည်မှာ လုံအသွားထက်အောင် သပ်သည့်သဘောဖြစ်သည်။ **သပ်**၏အနက်သည် ပေါင်းစည်းသည့် အနက်ဖြစ်သည်။ ပွတ်**သပ်**သည်၊ အချော**သပ်**သည်၊ စမ်း**သပ်**သည် စသည်တို့မှ **သပ်** ၏ အနက်သည် တစ်ခုနှင့် တစ်ခု ထိတွေ့ဆက်စပ် ပေါင်းစည်းသည့် အနက်ဖြစ်သည်။

**သ** ကို မြန်မာအဘိဓာန်တွင် ပစ္စည်းအဖြစ်လည်း အဓိပ္ပာယ်ဖွင့်ထားပါသည်။ "ကြိယာ၏အနက်ကို လေးနက်စေသော စကားလုံး" ဟုဆိုပါသည်။ ကု**သ**၊ ပို့**သ**၊ ပိုင်**သ** ဟူသော ဝေါဟာရတို့ကိုအကိုးသာဓက ပြထားပါသည်။ ဤ၌လည်း **သ**၏ အနက်ကို **သ**၏ တိုင်သံပင်ဖြစ်သော သက်၏အနက်နှင့် ဆက်စပ်ဆင်ခြင်သင့်ပေသည်။ **သက်**ကို မြန်မာအဘိဓာန်က "ဆင်းသည်၊ ဆိုက်ရောက်သည်" ဟု အဓိပ္ပာယ်ဖွင့်ထားပါသည်။ စင်စစ်အားဖြင့် သက်နှင့် ဆက် အနက်ရင်းတူသည်ကို ထည့်သွင်းစဉ်းစားရပေမည်။ ထိုအခါ **သ**သည် **သက်**နှင့်လည်းကောင်း၊ ဆက်နှင့်လည်းကောင်း အနက်တူသည်ကိုတွေ့ရသည်။ **ဆက်**ကို မြန်မာအဘိဓာန်တွင် ကြိယာအဖြစ် "၁၊ တစ်ခုနှင့်တစ်ခု ပူးစပ်သည်။ ၂၊ ယင်းသို့ ပူးစပ်စေသည်။ ၃၊ ဆက်သွယ်သည်။ ၄၊ မြင့်မြတ်သူအားပေးသည်။ ၅၊ ရှေ့သို့တိုး၍ ပြုလုပ်ဆောင်ရွက်သည်" ဟု အဓိပ္ပာယ်ဖွင့်ပြထားပါသည်။ ထိုတွင် **ဆက်**၏ အနက်တစ်ခုမှာ**ပေး**ဖြစ်သည်။ ထို့ကြောင့်လည်း **ဆက်**နှင့် **ပေး**အနက်တူတွဲ၍ ပေးဆက်သည်ဟု သုံးနှုန်းကြသည်။ ထို့အတူ **ဆက်**နှင့် **သ**အနက်တူတွဲ၍ ဆက်သဟုလည်း သုံးနှုန်းကြသည်။ **သ**တစ်လုံးတည်းကိုလည်း ပေးသည့်အနက်ဖြင့် အသုံးပြုကြသည်။ စာလွှာ**သ**သည်၊ သဝဏ်စာ**သ**သည်၊ လက်ဆောင်**သ**သည်၊ ပဏ္ဏာ**သ**သည်တို့မှ **သ**၏အနက်မှာ **ပေး**ဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

---

## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များမှ ဦးစီးအရာရှိများ နေပြည်တော်ရှိ ပြန်ကြားရေးလုပ်ငန်းဆိုင်ရာများ ကြည့်ရှုလေ့လာ

နေပြည်တော် နိုဝင်ဘာ ၂

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များမှ ဦးစီးအရာရှိ ၂၀ တို့သည် ယနေ့မွန်းလွဲပိုင်းက နေပြည်တော်တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ သတင်းစာတိုက်များနှင့် နေပြည်တော် ပုံနှိပ်စက်ရုံတို့၌ ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက သတင်းစာလုပ်ငန်းများနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**



## မုံရွာမြို့ရှိ အောင်ချမ်းသာဈေးရုံ အဆောက်အအုံသစ်များ ပြုပြင်တည်ဆောက်

မုံရွာ နိုဝင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် မုံရွာမြို့ အောင်ချမ်းသာရပ်ကွက်ရှိ အောင်ချမ်းသာဈေးသို့ ရောက်ရှိရာ မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းက အောင်ချမ်းသာဈေးရှိ ဈေးဆိုင်ခန်းများ ရောင်းချနေမှု အခြေအနေများနှင့် သစ်သားဈေးရုံ ခြောက်ရုံ၊ သားငါးတန်း၊ သစ်သီးတန်းဈေးရုံများ ပြန်လည်ပြုပြင်တည်ဆောက်နေမှု အခြေအနေများနှင့် ဈေးအတွင်း ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြုပြင်တည်ဆောက်နေသည့် ဈေးဆိုင်ခန်းများ အမြန်တည်ဆောက်ပြီးစီးရေးနှင့် ဈေးအတွင်းသန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ရေစီးရေလာကောင်းမွန်စေရေး၊ ဈေးရုံအဆောက်အအုံများကို သတ်မှတ်အရည်အသွေးများနှင့် အညီ ရေရှည်ကြံ့ခိုင်မှုရှိအောင် တည်ဆောက်သွားရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားရေးတို့ကိုမှာကြားကာ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အောင်ချမ်းသာဈေးအတွင်း ဈေးရုံအဆောက်အအုံများ ပြုပြင်တည်ဆောက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကာ ဈေးရောင်းချသူများအား ဈေး၏လိုအပ်ချက်များကို ရင်းရင်းနှီးနှီး မေးမြန်းပြီး ဈေးဝယ်လာရောက်ကြသည့် ရပ်ကွက်နေပြည်သူများအား နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

# နေ့စဉ်ပြုနေကြတဲ့ ဆက်ဆံရေးကောင်းဖို့

ကိုယဉ်ချစ် (မန္တလေး)

မနက်အိပ်ရာထချိန်မှ အိပ်ရာဝင်ချိန်အထိ လူတွေ မဖြစ်မနေလုပ်ကိုင်နေကြရတာက လူအချင်းချင်းဆက်ဆံရေးနဲ့ လူနဲ့ပတ်ဝန်းကျင်တွေရဲ့ဆက်ဆံရေးဖြစ်ပါတယ်။ ဆက်ဆံတယ်ဆိုတာ ဆက်သွယ်တာ၊ ပေါင်းသင်းတာလို့ အဓိပ္ပာယ်ရပါတယ်။ လူတိုင်းနဲ့ဘယ်လိုမှ ကင်းကွာမရနိုင်တဲ့ အလုပ်ဖြစ်ပါတယ်။ လူတွေအားလုံး ဘဝရပ်တည်ရေးအတွက် နေ့စဉ်မဖြစ်မနေလုပ်ကိုင်နေရတဲ့ အလုပ်တစ်ခု၊ နေ့စဉ်သုံးစွဲနေကြတဲ့ အသုံးအဆောင်ဖြစ်ပါတယ်။

လူတွေအချင်းချင်း ဆက်ဆံကြတဲ့အခါ တစ်ဦးနဲ့ တစ်ဦးချင်းဆက်ဆံတာ၊ တစ်ဦးနဲ့ အများဆက်ဆံတာတွေရှိပါတယ်။ တစ်ဦးချင်းဆက်ဆံရေးမှ မိသားစုတွေ၊ ရပ်ရွာတွေ၊ လုပ်ငန်းခွင်တွေ၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့တွေ ဆက်ဆံရေးကနေ နိုင်ငံတကာဆက်ဆံရေးအထိ နယ်ပယ်ကျယ်ပြန့်ပါတယ်။ ဆက်ဆံရေးကို အသုံးချလုပ်ကိုင်နေကြရတာဖြစ်ပေမယ့် သာမန်သဘောထားနေကြသူတွေ အချို့ရှိသလို အလေးအနက်ထား ဆောင်ရွက်ကြသူတွေလည်း ရှိပါတယ်။

### နှုတ်မှုဖြစ်တဲ့ အပြောအဆိုက အရေးကြီး

ဆက်ဆံရေးနယ်ပယ်တိုင်းမှာ အပြောအဆို (ဝစီကံ)နဲ့ ကိုယ်ဖြင့်ပြုလုပ်မှု (ကာယကံ)တွေကို အသုံးပြုကြရပါတယ်။ ဆက်ဆံရေးနယ်ပယ်မှာ နှုတ်မှုဖြစ်တဲ့ အပြောအဆိုက အရေးကြီးပါတယ်။ စကားတစ်ခွန်းကြောင့် လုပ်ငန်းအောင်မြင်မှုတွေ ရနိုင်သလို၊ ဆုံးရှုံးမှုတွေကိုလည်း ဖြစ်ပေါ်သွားနိုင်ပါတယ်။ ရန်သူက မိတ်ဆွေဖြစ်နိုင်သလို၊ မိတ်ဆွေက ရန်သူအသွင်လည်း ဖြစ်သွားတတ်ပါတယ်။ စကားတစ်ခွန်းကြောင့် ကောင်းကျိုးတွေ ရရှိနိုင်သလို ဆိုးကျိုးတွေလည်းဖြစ်ပေါ်သွားနိုင်ပါတယ်။

ဆက်သွယ်မှု ပညာရှင်တစ်ယောက်ရဲ့ သုတေသနပြုချက်အရ သာမန်လူတစ်ယောက်ရဲ့ ဆက်သွယ်ဆက်ဆံကြတဲ့ အချိုးအစားတွေကို လေ့လာကြည့်ရင် တစ်ရက်မှာ စာရေးခြင်းက ကိုးရာခိုင်နှုန်း၊ စာဖတ်ခြင်းက ၁၆ ရာခိုင်နှုန်း၊ စကားပြောခြင်းက ၃၀ ရာခိုင်နှုန်းနဲ့ နားထောင်ခြင်းက ၄၅ ရာခိုင်နှုန်းဖြစ်တယ်လို့ လေ့လာမှတ်သားဖူးပါတယ်။ နှုတ်မှုအပြောအဆိုနဲ့ ဆက်ဆံမှုဟာ ဒုတိယအများဆုံးဖြစ်နေပါတယ်။

နှုတ်ကထွက်လာတဲ့ စကားတစ်ခွန်းဆိုပေမယ့် တစ်ဖက်သားက လက်ခံအောင်ပြောဆိုနိုင်တာဟာ ပြောသူရဲ့အရည်အချင်းတစ်ရပ်ပါပဲ။ လုပ်ငန်းအောင်မြင်ဖို့ စကားပြောဆိုရာမှာ စကားအခြေခံအချက်တွေဖြစ်တဲ့ စိတ်ထားဖြူစင်ခြင်း၊ မေတ္တာစိတ်ရှိခြင်း၊ သည်းခံတတ်ခြင်း၊ သဘာဝယုတ္တိ မှန်ကန်စွာစီစဉ်တတ်ခြင်း၊ မိမိကိုယ်မိမိ ထိန်းချုပ်ကွပ်ကဲနိုင်ခြင်း၊ လောကဝတ်နှင့် ယဉ်ကျေးမှုရှိခြင်း၊ ကိုယ်ချင်းစာနာစိတ်ရှိခြင်း၊ မှန်ကန်သော သမာဓိရှိခြင်း၊ မှန်ကန်သော သတိရှိခြင်းနဲ့ အကောင်းမြင်ဝါဒရှိခြင်း စတာတွေကို လိုက်နာပြောဆိုနိုင်ရင် မိမိပြောတဲ့ စကားဟာ ထိရောက်အောင်မြင်မှုကို ရပါလိမ့်မယ်။ ဒီအခြေခံတွေကို အသုံးမပြုဘဲ စကားကိုပြီးစလွယ်၊ လက်လွတ်စပယ်ပြောမိရင်တော့ အမှားတွေနဲ့ ကြုံတွေ့ရတတ်ပါတယ်။

ပြောဆိုဆက်ဆံရာမှာ ပြောတဲ့သူရဲ့စကားအပေါ်မူတည်ပြီး ကောင်းကျိုးနဲ့ ဆိုးကျိုးတွေ ခံစားရတတ်ပါတယ်။ နှုတ်ကတော့ စကားတစ်ခွန်းပြောလိုက်တာပါပဲ၊ ပြောမယ့်စကားက မိမိမှာ အကျိုးဖြစ်မလား၊ မိမိအကျိုးတော့ဖြစ်ပေမယ့် တစ်ဖက်သားရဲ့ အကျိုးကိုထိခိုက်သွားမှာလား၊ မိမိရောသူတစ်ပါးပါ အကျိုးဖြစ်မှာလား၊ မိမိရော သူတစ်ပါးပါ အကျိုးမဲ့သွားနိုင်သလားဆိုတာကို မပြောခင်ကတည်းက ကြိုတင်စဉ်းစားပြီး မိမိရောသူတစ်ပါးပါ အကျိုးဖြစ်ထွန်းမယ့် စကားမျိုးတွေကိုသာ ပြောဆိုသင့်ပါတယ်။ ဒုစရိုက် ၁၀ ပါး ရှိပါတယ်။ ဒုစရိုက် ၁၀ ပါးမှာ ကာယဒုစရိုက် သုံးပါး၊ ဝစီဒုစရိုက် လေးပါးနဲ့ မနောဒုစရိုက် သုံးပါးတို့ဖြစ်ပါတယ်။ ဝစီဒုစရိုက် လေးပါးမှာမုသာဝါဒဆိုတဲ့ မုသားပြောဆိုမှု၊ ပိသုဏာဝါစာဆိုတဲ့ ချောပစ်ကုန်းတိုက်မှု (ချစ်သူနှစ်ဦးကွဲသွားအောင် သို့မဟုတ် မိမိအားချစ်လာအောင် ချစ်သူနှစ်ဦးကို ရန်တိုက်ပေးမှု)၊ ဖရုသဝါစာဆိုတဲ့ ကြမ်းကြမ်းတမ်းတမ်း အယုတ်တမာဆဲဆိုမှုနဲ့ သမ္ဖပ္ပလာပဆိုတဲ့ ပြိန်ဖျင်းသောစကားကို ပြောဆိုမှုတွေဖြစ်ပါတယ်။ စကားတွေ များများပြောတဲ့သူတွေဟာ ဝစီဒုစရိုက်တွေနဲ့ကင်းအောင် ဆင်ခြင်ပြောဆိုသင့်ပါတယ်။

> ❝မိမိတို့နိုင်ငံမှာ နိုင်ငံတော်ကို ကိုယ်စားပြုထားတဲ့ ဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေ ဖွဲ့စည်းထားပြီး အချို့ဝန်ကြီးဌာန၊ အဖွဲ့အစည်းတွေဟာ ပြည်သူတွေအတွက် ဝန်ဆောင်မှုပေးတဲ့အလုပ်တွေ လုပ်ကြရပါတယ်။ ဝန်ဆောင်မှုပေးတဲ့အခါ ဆက်ဆံရေးလုပ်ငန်းရဲ့ သဘောသဘာဝတွေကို နားလည်သဘောပေါက်ကြပြီး အဂတိတရားကင်းကင်းနဲ့ ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို ချောချောမောမောနဲ့ ဝန်ဆောင်မှုပေးနိုင်ဖို့ အရေးကြီးပါတယ်။ ဆက်ဆံရေးက မပြေပြစ်၊ ပြောဆိုလုပ်ကိုင်တာက မောက်မာပြီး ပြည်သူတွေအပေါ် မထီမဲ့မြင်ပြုမိတာမျိုး၊ ဆက်ဆံရေးမပြေလည်တာမျိုးတွေ ပြုလုပ်မိရင် ကိုယ့်ရဲ့ ထမင်းရှင်ကို စော်ကားမှုပြုမိတာနဲ့တူပါတယ်။ ပြည်သူတွေနဲ့ ဆက်ဆံတဲ့အခါ အလေးအနက်ထား သတိပြုဆက်ဆံကြဖို့ လိုအပ်ပါတယ်။ မိမိရဲ့လုပ်ဆောင်ချက်ကြောင့် မိမိဌာနကိုပါ သက်ရောက်မှုရှိသွားတယ်ဆိုတာ သတိမူကြရ❞

### ကိုယ်ပိုင်အသိဉာဏ် စဉ်းစားတွေးခေါ်မှု

ဝစီဒုစရိုက် လေးပါးမှာ တစ်ပါးဖြစ်တဲ့ မုသာဝါဒဆိုတဲ့ လိမ်ညာပြောဆိုတဲ့အပြစ်ဟာ အင်မတန်ကြီးလေးတဲ့အပြင် တစ်ဖက်သားကို ထိခိုက်နစ်နာပါတယ်။ ဒီနေ့နည်းပညာခေတ်မှာ လူမှုကွန်ရက်စာမျက်နှာတွေ၊ ရုပ်/သံထုတ်လွှင့်မှုတွေအသုံးပြုပြီး နိုင်ငံတော်ကို မတည်ငြိမ်အောင်၊ ပြည်သူတွေကြောက်လန့်တုန်လှုပ်အောင် သတင်းတုတွေ၊ သတင်းမှားတွေ၊ ကောလာဟလတွေ၊ ဝါဒဖြန့်ချိတာတွေ၊ လှုံ့ဆော်တာတွေ၊ သွေးခွဲသပ်လျှိုတာတွေ၊ လုပ်ကြံသတင်းတွေကို တွင်တွင်ကျယ်ကျယ် အသုံးချနေကြတာကြောင့် ပြည်သူအများ စိုးရိမ်သောကတွေ ခံစားနေကြရပါတယ်။ ကိုယ်ပိုင်အသိဉာဏ်နည်းပါး၊ စဉ်းစားတွေးခေါ်မှုတွေ အားနည်းပြီး ပြောသမျှ နားထဲရောက်လာသမျှတွေကို အလွယ်တကူနဲ့ယုံလွယ်ကြတာကြောင့် မဖြစ်သင့်တာတွေ ဖြစ်ပျက်ခံစားနေကြရတာ လက်တွေ့ပဲဖြစ်ပါတယ်။

ဝစီဒုစရိုက်တွေထဲ ဖရုသဝါစာနဲ့ပတ်သက်တဲ့ ဇေနိပါတ်၊ ကုရုဝဂ်၊ နန္ဒိဝိလာသ ဇာတ်တော်လာ ဖရုသဝါစာအပြစ်နဲ့ ဖရုသဝါစာဝိရတိ သုစရိုက်အကျိုးပြနန္ဒိဝိလာသဝတ္ထုကို အလျဉ်းသင့်သလို့တင်ပြလိုပါတယ်။ လွန်လေပြီးသောအခါက နန္ဒိဝိလာသအမည်ရှိတဲ့နွားကြီးကို ပိုင်ရှင်ပုဏ္ဏားကြီးကလည်း သားအရင်းလိုချစ်ခင်လို့ ကောင်းကောင်းမွန်မွန် ပြုစုမွေးမြူတော့ ခွန်အားကလည်း ပြည့်စုံတယ်။ ပိုင်ရှင်ပုဏ္ဏားကြီးက သူ့နွားရဲ့ခွန်အားကို ယုံကြည်ပြီး ဝန်အပြည့်တင်ထားတဲ့ လှည်းအစီးတစ်ရာကို ရုန်းနိုင်၊ မရုန်းနိုင် ငွေတစ်ထောင်ကြေး အလောင်းအစားပြုတယ်။ ပုဏ္ဏားကြီးက အနိုင်ရလိုစိတ်နဲ့ သူ့နွားကြီး နန္ဒိဝိလာသကို နှင်တံနဲ့လည်းရိုက်၊ ကြမ်းတမ်းတဲ့ စကားတွေနဲ့ဆဲလည်းဆဲပြီး ရုန်းခိုင်းတော့ နွားကြီးက မရုန်းတော့ဘဲ ရပ်တန့်နေတာကြောင့် ပုဏ္ဏားကြီးက ငွေတစ်ထောင်ရှုံးသွားတယ်။ ဒါကြောင့် စိတ်ပျက်ပြီး မှိုင်တွေနေတော့တယ်။

### လှည်းအစီးတစ်ရာကို ရုန်းပြနိုင်

ဒါကို နန္ဒိဝိလာသနွားကြီးက သူ့သခင်ကို ဘာဖြစ်လို့လဲမေးတော့ ပုဏ္ဏားကြီးက ငွေတစ်ထောင်ရှုံးလို့ မှိုင်တွေနေကြောင်း ပြောပြတယ်။ အဲဒီအခါမှာ နွားကြီးက ကျွန်ုပ်ကို နားမချမ်းသာဖွယ်ရာ စကားတွေနဲ့ ကြမ်းတမ်းစွာပြောဆိုတာကြောင့် တမင်မရုန်းတာဖြစ်ကြောင်း၊ နောင်မှာ ဖရုသဝါစာ ကြမ်းတမ်းတဲ့စကားကို မပြောပါနဲ့။ သခင့်အကျိုးကို သယ်ပိုးပါမယ်။ ပြန်လောင်းပါ ငွေနှစ်ထောင်ရစေရပါမယ်လို့ပြောတော့ ထပ်ပြီးလောင်းပြန်တယ်။ နောက်တစ်ကြိမ်မှာတော့ ပုဏ္ဏားကြီးက ကြမ်းကြမ်းတမ်းတမ်းတွေမပြောတော့ဘဲ အားမာန်တက်အောင် ချိုချိုသာသာပြောပြီး ခိုင်းစေတာကြောင့် နန္ဒိဝိလာသနွားကြီးဟာ ဝန်အပြည့်တင်ထားတဲ့ လှည်းအစီးတစ်ရာကို ရုန်းပြနိုင်တဲ့အတွက် ငွေနှစ်ထောင် ပြန်ရခဲ့ပါတယ်။ ဒါဟာ ဖရုသဝါစာဆိုတဲ့ ကြမ်းကြမ်းတမ်းတမ်း အယုတ်တမာဆဲဆိုမှု အကျိုးနဲ့အပြစ်ကို ဇာတ်တော်မှာ ဖော်ပြခြင်းဖြစ်ပါတယ်။

နေ့စဉ် လူနေမှုဘဝတွေမှာ လူအချင်းချင်း ဆက်သွယ်ဆက်ဆံကြတဲ့အခါ ဖြစ်လေ့ဖြစ်ထရှိတဲ့ ကိစ္စမျိုးတွေကိုလည်း ကြုံဖူးကြမှာပါ။ ဈေးဝယ်တဲ့အခါ ဆက်ဆံရေးကောင်းတဲ့ ဈေးဆိုင်နဲ့မကောင်းတဲ့ဆိုင်ကို ယှဉ်ကြည့်ပြီးမှ ဝယ်ယူတတ်ကြပါတယ်။ အဲဒီ ဆိုင်ကိုသွားဝယ်လိုက်၊ ဈေးလည်းသက်သာတယ်၊ ပစ္စည်းအရည်အသွေးလည်း ကောင်းတယ်၊ ဆက်ဆံရေးလည်း ကောင်းတယ်ဆိုတဲ့ နာမည်ကောင်းတစ်ခုကို ပိုင်ဆိုင်တဲ့အတွက် အဲဒီဆိုင်ကို ရွေးချယ်ဝယ်ယူတတ်ကြပါတယ်။ ပစ္စည်းကို တန်ရာတန်ကြေး၊ ကာလပေါက်ကြေးနဲ့ ရောင်းတာ၊ ကြိုက်ရင်ဝယ်၊ မကြိုက်ရင်မဝယ်နဲ့ဆိုပြီး ဆက်ဆံရေးမကောင်းတဲ့ဆိုင်မျိုးကျတော့ ရေရှည်မရပ်တည်နိုင်ဘဲ ကျရှုံးသွားတတ်ကြပါတယ်။

ဒါကြောင့် ရှေးလူကြီးတွေ၊ ပညာရှိကြီးတွေက စကားပြောဆိုဆက်ဆံကြတာနဲ့ ပတ်သက်ပြီး စကားနောက်တရားပါ၊ စကားလွန် ကျွန်ဖြစ်၊ မုသားမပါ လင်္ကာမချော၊ နှုတ်ချိုသျှိုတစ်ပါး၊ နှုတ်ကောင်းလျှင် ပြည်စိုး၊ ဆိုခဲစေမြဲစေဆိုတဲ့ဆိုစကားတွေနဲ့ ဆုံးမသွန်သင်ခဲ့ပါတယ်။

ဆက်ဆံရေးနယ်ပယ်မှာ အပြောအဆို နှုတ်မှု (ဝစီကံ) တွေနဲ့ဆက်ဆံရေးအပြင် ကိုယ်ဖြင့်ပြုလုပ်မှုဆိုတဲ့ ကာယကံမြောက်ဆက်ဆံရေးကလည်း အရေးကြီးပါတယ်။ လူ့သဘာဝအရ လူတွေဟာ တစ်ဦးတစ်ယောက်တည်းနေ၍ မဖြစ်တာကြောင့် လူအချင်းချင်းဆက်ဆံရေးတွေကို နေ့စဉ်ထိတွေ့ပြုလုပ်နေကြရပါတယ်။ မိဘနဲ့ သားသမီး၊ ဆရာနဲ့ တပည့်၊ လုပ်ဖော်ကိုင်ဖက်အချင်းချင်း၊ ဦးဆောင်သူနဲ့နောက်လိုက်၊ ဌာနဆိုင်ရာတွေမှာဆို ဌာနအကြီးအကဲနဲ့ လက်အောက်ဝန်ထမ်းဆိုတဲ့ အထက်အောက်ဆက်ဆံရေး၊ တန်းတူဆက်ဆံရေးတွေရှိပါတယ်။ ဆက်ဆံရေးအဆင်ပြေပြီး လုပ်ငန်းခွင်တွေအောင်မြင်ဖို့ ဒူးနေရာဒူး၊ တော်နေရာတော်ဆိုစကားလို လုပ်ကိုင်ဆက်ဆံကြရမှာ ဖြစ်ပါတယ်။

ဒီလိုဆက်ဆံကြရာမှာ ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနားဆိုတဲ့ ဆိုရိုးစကားကို လိုက်နာဆောင်ရွက်ကြရင် လုပ်ငန်းခွင်မှာ အဆင်ပြေချောမွေ့စေပါတယ်။ ဒီလိုမဟုတ်ဘဲ ကြီးတဲ့သူက ငယ်တဲ့သူကို ရာထူးအရှိန်အဝါကိုသုံးပြီး ဖိနှိပ်တာမျိုး၊ တန်းတူဆက်ဆံရေးမှာ လုပ်ငန်းခွင်အတွင်း မညီမညွတ်ဖြစ်တာမျိုး၊ တစ်ဦးကြောင့် အခြားတစ်ဦး လုပ်ငန်းခွင်မှာ နစ်နာရတာမျိုးတွေ ဖြစ်ပေါ်လာပြီဆိုရင်တော့ လုပ်ငန်းခွင်မှာ ပျော်ရွှင်တက်ကြွမှုတွေ ဆိတ်သုဉ်းပြီး လုပ်ငန်းခွင်အကျိုးကိုပါ ထိခိုက်စေပါတယ်။

တစ်ဦးနဲ့ အများဆက်ဆံလုပ်ကိုင်ကြရတဲ့ လုပ်ငန်းတွေမှာတော့ ဈေးရောင်းသူနဲ့ စားသုံးသူ သဘောမျိုးဖြစ်လာပါတယ်။ ဥပမာအနေနဲ့ပြောရရင် အနုပညာရှင်တစ်ယောက်ရဲ့ ဖျော်ဖြေမှုမှာ အောင်မြင်မှုရရှိလာအောင် ပရိသတ်ရဲ့အားပေးမှုကို ရအောင် အရင်ဆုံးကြိုးပမ်းရပါတယ်။ လက်ခံအားပေးတဲ့ ပရိသတ်တွေများလာပြီဆိုရင် အဲဒီအနုပညာသည်ဟာ အောင်မြင်မှုကို ရသွားပါတယ်၊ နာမည်ထင်ပေါ်ကျော်ကြားလာပါတယ်။ အောင်မြင်မှုတွေ ရလာတဲ့အချိန်ကျတော့မှ ပရိသတ်ကို အောက်ခြေလွတ်ပြီး ပရိသတ်အပေါ် စော်ကားတဲ့ ဆက်ဆံရေးမျိုးတွေပြုမိရင် ကျရှုံးမှုတွေနဲ့ ရင်ဆိုင်သွားတတ်ပါတယ်။ ဖောက်သည်အများကြီးနဲ့ ဈေးရောင်းကောင်းတဲ့ ဈေးဆိုင်ကြီးက ဖောက်သည်တွေ ပျက်သွားသလိုပါပဲ။

### ပြုပြင်သွန်သင်ပေးမှုတွေ နည်းပါးလာနေတာကို ကြားသိမြင်တွေ့နေကြရ

မျက်မှောက်ခေတ် လူငယ်တွေရဲ့ဆက်ဆံရေးနယ်ပယ်ကို ပြန်ကြည့်ရင် မြန်မာလူမျိုးတွေရဲ့ အစဉ်အဆက်က လိုက်နာကျင့်သုံးခဲ့ကြတဲ့ ဓလေ့ထုံးတမ်းစဉ်လာတွေ၊ ယဉ်ကျေးမှုတွေ၊ လောကနီတိတွေ၊ ဆုံးမစာတွေနဲ့ အလှမ်းဝေးလာနေကြပါတယ်။ မိဘကို မိဘလို၊ ဆရာကို ဆရာလို၊ သက်ကြီးရွယ်အိုတွေ၊ ရိုသေထိုက်သူတွေကို ဘယ်လိုဆက်ဆံရမယ်ဆိုတဲ့ ပြုပြင်သွန်သင်ပေးမှုတွေ နည်းပါးလာနေတာကို ကြားသိမြင်တွေ့နေကြရပါတယ်။

နောက်တစ်ချက်ကတော့ လူနဲ့ပတ်ဝန်းကျင် ဆက်ဆံရေးနယ်ပယ်ဆိုတာ အရင်ကတည်းက ရှိခဲ့တာမှန်ပေမယ့် လက်ရှိကာလမှာ အရင်လို မဟုတ်တော့ဘဲ ပြောင်းလဲလာပါတယ်။ ရုပ်ဝတ္ထုပစ္စည်းတွေ တိုးတက်လာမှုကလည်း ကောင်းကျိုးတွေရှိသလို ဆိုးကျိုးတွေလည်း ဖြစ်ပေါ်စေပါတယ်။

တိုးတက်လာတဲ့ ရုပ်ဝတ္ထုပစ္စည်းတွေနဲ့ နည်းပညာတွေဟာ စာနယ်ဇင်း၊ ရုပ်ရှင်၊ သဘင်၊ ဂီတ၊ ဗွီဒီယို၊ ရုပ်မြင်သံကြား၊ တရားပွဲ၊ ဟောပြောပွဲ၊ ဆွေးနွေးပွဲ၊ သင်တန်း၊ ဓာတ်ပုံ၊ ကွန်ပျူတာ၊ လက်ကိုင်ဖုန်း စတာတွေကတစ်ဆင့် တွင်တွင်ကျယ်ကျယ်အသုံးပြုလာကြတာဖြစ်ပါတယ်။ 

စာမျက်နှာ ၁၉ သို့ ✻

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ညောင်လေးပင်ခရိုင်အတွင်း စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ပဲခူး နိုဝင်ဘာ ၂

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ညောင်လေးပင်ခရိုင်အတွင်း စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ညောင်လေးပင်မြို့နယ် ဝဲဝန်းကျေးရွာအုပ်စု၌ လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးခဲ့သည့် တစ်ကွင်းတစ်ဆက်တည်း ဆင်းသုခ မိုးစပါး ၂၅၈ ဧက ရိတ်သိမ်းနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး နွေစပါး နှစ်သီးစိုက်ပျိုးနိုင်ရေးနှင့် စိုက်ပျိုးရေရှိရေး ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး တပ်ဖွဲ့ဝင်များအတွက် အခြေခံစားသုံးကုန်များ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်



အဖွဲ့သည် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာ လုပ်ငန်းဆောင်ရွက်လျက်ရှိသော ဒိုက်ဦးမြို့ အမှတ်(၅)ရပ်ကွက် ဖအောင်ဝဲလမ်းရှိ မဝေသီမွန် ရေချိုငါးရံ့ခြောက်၊ ငါး၊ ပုစွန်၊ ငါးပိရောင်းဝယ်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒိုက်ဦးမြို့ ဒေါ်ခင်မြင့်မြင့်စာကြည့်တိုက်သို့သွားရောက် ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်အတွင်းရှိ ပြည်တွင်း/ပြည်ပ စာအုပ်စာစောင်များ လေ့လာနိုင်သည့် e-Library System သုံး ကွန်ပျူတာများ ပြန်လည်ပြင်ဆင်ပေးရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားကာ စာကြည့်တိုက်အတွင်း သုတ/ရသ စာအုပ်စာစောင်များ ဝယ်ယူနိုင်ရေး ထောက်ပံ့ငွေများ ပေးအပ်သည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၅၇၃၀ ဖြင့် တည်ဆောက်လျက်ရှိသော ဒိုက်ဦးမြို့ နှစ်ထပ်မီးသတ်စခန်းနှင့် ဂါလန် ၂၀၀၀၀ ဆံ့မြေအောက်ရေသိုလှောင်ကန်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒိုက်ဦးမြို့ ပျဉ်းမလွင်ကျေးရွာ၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် နွေစပါး နှစ်သီးစိုက်ပျိုးနိုင်ရေး သွင်းအားစုဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ပြီး ပျဉ်းမလွင်ကျေးရွာအုပ်စု၌ ဆောင်းသီးနှံစိုက်ပျိုးနိုင်မှုမရှိသော စိုက်ပျိုးဧက ၅၀၀ ၌ နွေစပါး နှစ်သီးပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး Seeding Machine ဖြင့် ပျိုးဗန်းများဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# နတ်မောက်မြို့၌ သင်္ချာစွမ်းရည်နှင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ ကျင်းပ

နတ်မောက် နိုဝင်ဘာ ၂

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများ၏ သင်္ချာစွမ်းရည်နှင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

နတ်မောက်မြို့နယ်၌ အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၅၅ ဦး၊ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၄၈ ဦး စုစုပေါင်း ၁၀၃ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **လှဝင်း**

## စာပေမြင့်မှ လူမျိုးတင့်မည်

# ဟိုပုံးမြို့နယ်၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

ဟိုပုံး နိုဝင်ဘာ ၂

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ဒေသအဆင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို အောက်တိုဘာ ၃၀ ရက်တွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဟိုပုံး တပ်နယ်မှူးက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပနိုင်ရေးအတွက် ပေးအပ်သည့် ထောက်ပံ့ငွေကျပ် ၁၆ သိန်းကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက ပေးအပ်ရာ ဒေသအဆင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်အိအိသန်းက လက်ခံရယူသည်။

ယင်းနောက် ဟိုပုံးတပ်နယ်မှူး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဉာဏစွမ်းရည်ပြိုင်ပွဲများဖြစ်သည့် အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ အလယ်တန်းအဆင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ၊ မြန်မာစကားပုံပြိုင်ပွဲ၊ အထွေထွေဗဟုသုတပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ မူလတန်းအဆင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ မူထက်ဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် မူအောက်ဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲ စသည်ဖြင့် ဉာဏစွမ်းရည်ပြိုင်ပွဲ ၁၁ ပွဲ၊ ကာယစွမ်းရည်ပြိုင်ပွဲများ ဖြစ်သည့် ဆန်ကောရွက်၊ ခါးလှည့်၊ ဂုန်နီအိတ်စွပ်၊ မုန့်စား၊ ခုံဖိနပ်စီး၊ ကြိုးခုန်ပြေး၊ စကားပုံဆက်၊ အရုပ်ပေါက်နှင့် ရုပ်ပုံဆက်စသည့် စွမ်းရည်ပြိုင်ပွဲ ကိုးပွဲ၊ စာပေဟောပြောပွဲ၊ "လှပသာယာပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် တို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဟိုပုံးတပ်နယ်မှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရှမ်းပြည်နယ်ရုံးမှ ညွှန်ကြားရေးမှူး ဦးစိုးညွှန့်ရွှေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စာပေဟောပြောပွဲတွင် ဟောပြောပေးခဲ့သည့် စာပေပညာရှင်အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကာ ဉာဏစွမ်းရည်ပြိုင်ပွဲ ၁၁ ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ရရှိခဲ့သည့် ကျောင်းသားကျောင်းသူများအား ထူးချွန်ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ပအိုဝ်းဒေသ(ပြန်/ဆက်)**



❋ စာမျက်နှာ ၁၈ မှ

တစ်နည်းအားဖြင့်ပြောရရင် မီဒီယာဆက်ဆံရေးအဖြစ် ပြောင်းလဲလာပါတယ်။ မီဒီယာ (Media) ဆိုတာလူထုဆက်သွယ်ရေးနည်းစနစ်များ (Means of Mass Communications)လို့ အဓိပ္ပာယ်ရပါတယ်။ အများပြည်သူတွေ ထိတွေ့ခံစားနိုင်ဖို့နဲ့ ပြည်သူတွေဆီကို ပေးချင်တဲ့သတင်းစကားတွေကို ဆက်သွယ်နိုင်တဲ့ လူထုဆက်သွယ်ရေးနည်းပညာတွေ ဖြစ်ပါတယ်။

မီဒီယာဆိုတာ အပြုသဘောတွေကို ဖန်တီးရယူကြသလို အဖျက်အမှောင့်လုပ်ငန်းတွေမှာလည်း အသုံးချလာကြတာရှိပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနယ်ပယ်တွေမှာ ကောင်းမွန်တဲ့ဘက်က အသုံးချတာတွေရှိသလို မီဒီယာကို နိုင်ငံရေးလက်နက်တစ်ခုလို အသုံးချလာကြတာလည်း မြင်တွေ့နိုင်ပါတယ်။ ကောင်းကျိုး၊ ဆိုးကျိုးတွေကတော့ မီဒီယာကို အသုံးပြုကြတဲ့သူတွေရဲ့အပေါ်မှာပဲ မူတည်တယ်လို့ ဆိုရမှာပါ။

တစ်ဦးနဲ့တစ်ဦး ဆက်ဆံရေးနယ်ပယ်မှာ အများစုထိခိုက်မှုနည်းပေမယ့် တစ်ဦးနဲ့အများ ဆက်ဆံရတဲ့ ပြည်သူ့ဆက်ဆံရေးနယ်ပယ်မှာတော့ ကောင်းကျိုး၊ ဆိုးကျိုးတွေကို အများစုက ခံစားကြရပါတယ်။ ပြည်သူ့ဆက်ဆံရေးဆိုတာ မိမိနဲ့မိမိအဖွဲ့အစည်းရဲ့မူဝါဒလုပ်ငန်းစဉ်တွေကို ပြည်သူတွေ နားလည်လက်ခံလာအောင် ဆောင်ရွက်ပေးတာ၊ ပြည်သူတွေရဲ့သဘောထားအမြင်နဲ့ လိုအင်ဆန္ဒတွေကို သိရှိအောင်လုပ်ပြီး မိမိမူဝါဒ၊ လုပ်ငန်းစဉ်တွေနဲ့ ပြည်သူလူထု ဆန္ဒသဘောထားတွေကို ကိုက်ညီအောင်ဆောင်ရွက်ပေးရတာ ဖြစ်ပါတယ်။ ရေရှည်မှာ တာဝန်ယူမှုရှိပြီး အပြန်အလှန်နားလည်မှု ရယူကြိုးပမ်းရတာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းဟာ သိမ်မွေ့ပြီး ကျယ်ဝန်းနက်ရှိုင်းလှပါတယ်။

မိမိတို့နိုင်ငံမှာ နိုင်ငံတော်ကို ကိုယ်စားပြုထားတဲ့ ဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေ ဖွဲ့စည်းထားပြီး အချို့ဝန်ကြီးဌာန၊ အဖွဲ့အစည်းတွေဟာ ပြည်သူတွေအတွက် ဝန်ဆောင်မှုပေးတဲ့ အလုပ်တွေလုပ်ကြရပါတယ်။ ဝန်ဆောင်မှုပေးတဲ့အခါ ဆက်ဆံရေးလုပ်ငန်းရဲ့ သဘောသဘာဝတွေကို နားလည်သဘောပေါက်ကြပြီး အဂတိတရားကင်းကင်းနဲ့ ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို ချောချောမောမောနဲ့ ဝန်ဆောင်မှုပေးနိုင်ဖို့ အရေးကြီးပါတယ်။ ဆက်ဆံရေးက မပြေပြစ်၊ ပြောဆိုလုပ်ကိုင်တာက မောက်မာပြီး ပြည်သူတွေအပေါ် မထီမဲ့မြင်ပြုမိတာမျိုး၊ ဆက်ဆံရေးမပြေလည်တာမျိုးတွေ ပြုလုပ်မိရင် ကိုယ့်ရဲ့ထမင်းရှင်ကို စော်ကားမှုပြုမိတာနဲ့ တူပါတယ်။ ပြည်သူတွေနဲ့ ဆက်ဆံတဲ့အခါ အလေးအနက်ထား သတိပြုဆက်ဆံကြဖို့ လိုအပ်ပါတယ်။ မိမိရဲ့လုပ်ဆောင်ချက်ကြောင့် မိမိဌာနကိုပါ သက်ရောက်မှုရှိသွားတယ်ဆိုတာ သတိမူကြရပါမယ်။

ဆက်ဆံရေးဆိုတာ လူတိုင်းနေ့စဉ်ပြုလုပ်နေရတဲ့ အလုပ်တစ်ခုဖြစ်တာမို့ အပြောအဆို၊ အနေအထိုင်၊ အသွားအလာ ဘာအလုပ်တွေပဲလုပ်လုပ် ဆက်ဆံရေးကို အလေးအနက်ထား ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက်ဖြစ်ဖြစ်၊ တစ်ယောက်နဲ့အများဖြစ်ဖြစ် တူညီတဲ့သဘောထားအမြင်ရဖို့ ပေါင်းကူးဆက်စပ်ကြရမှာဖြစ်ပါတယ်။ နေ့စဉ်ပြုနေကြတဲ့လုပ်ငန်းတွေ ချောမွေ့ပြေပြစ်ဖို့အတွက် ဆက်ဆံရေးကို ပေါ့ပေါ့တန်တန် သဘောမထားဘဲ အလေးအနက်ထားလုပ်ကိုင်ကြရင် ကောင်းကျိုးတွေ လက်တွေ့ခံစားကြရမှာဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

ဝတ္ထုတို




## ❃ မောင်ကြည်လင် (ရွှေကြိုးကြာ)

ကျွန်တော်နှင့်ယု အိပ်ခန်းတံခါးဝတွင် ရပ်နေလိုက်ကြသည်။ တစ်လုံးတည်း ဖြစ်သွားသည့် နှစ်ယောက်အိပ်ခုတင်လေးကို ငေးကြည့်လျက် တစ်ယောက်မျက်နှာ တစ်ယောက် တည်ငြိမ်စွာလှည့်ကြည့်လိုက်ကြသည်။ ယခင်က အိပ်ခန်းတစ်ခုထဲတွင် တစ်ယောက်အိပ်ခုတင် နှစ်လုံးထားရှိခဲ့သည်မှာ နှစ်အတန်ကြာခဲ့လေသည်။

ကျွန်တော်တို့ လက်ထပ်ပြီးသည့် အချိန်မှစ၍ သည်အိပ်ခန်းတွင် နှစ်ပေါင်းများစွာ အိပ်စက်ခဲ့ဖူးသည်။ ထိုစဉ်က ခုတင်တစ်လုံးတည်းသာ ထားရှိခဲ့သည်။ ညစဉ်အိပ်စက်အနားယူချိန်တိုင်း ကျွန်တော့် ဘယ်ဘက်တွင် ယုရှိခဲ့၏။ ယု၏ညာဘက်တွင် ကျွန်တော်ရှိခဲ့သည်။

ဖြတ်သန်းခဲ့သော ရက်လနှစ်များတွင် သူနှင့်ကျွန်တော် ရန်လည်းဖြစ်ခဲ့ဖူးသည်။ မခေါ်ဘဲလည်း နေခဲ့ဖူးသည်။ ကြည်နူးမှုလည်း ရှိခဲ့ပြန်သည်။ အိမ်ထောင်ရေး၏ လှပသောသဘာဝကို သုခ၊ ဒုက္ခတစ်လှည့်စီဖြင့် ဖြတ်သန်းလာခဲ့သည်မှာ ယခုအခါ အသက်ခြောက်ဆယ်ကျော် အိမ်ထောင်သက်လည်း သုံးဆယ်ကျော်ခဲ့လေပြီ။

ကျွန်တော်နှင့်ယု၏ အိမ်ထောင်ရေးသည် ချမ်းသာသူများကဲ့သို့လည်း မခမ်းနားခဲ့ပေ၊ ဆင်းရဲသူများကဲ့သို့လည်း ဒုက္ခမကြီးမားခဲ့ပါ။ ဝန်ထမ်းဇနီးမောင်နှံဖြစ်သောကြောင့် ဝမ်းစိုပြည်ခဲ့ကြသည်။ ကျွန်တော်တို့နှစ်ဦးစလုံး အငြိမ်းစားယူခဲ့ကြသည်မှာလည်း ရှေ့ဆင့်နောက်ဆင့်ဖြစ်ကြပြန်သည်။ ကျွန်တော်သည် ယနေ့မှ ဆေးရုံက ဆင်းခဲ့ရသည့်အတွက် စိတ်ရောကိုယ်ပါ နွမ်းလျနေမိသည်။ထို့ကြောင့် စောစောအနားယူရန် အိပ်ခန်းဆီသို့ ရောက်လာခဲ့ခြင်းဖြစ်သည်။

အိပ်ခန်းဝတွင် ရပ်လျက် နှစ်ယောက်အိပ်ခုတင်လေးကို ကြည့်ကာ လွန်ခဲ့သည့် နှစ်များစွာဆီသို့ ကျွန်တော်၏စိတ်က လွင့်ပါးသွားခဲ့သည်။ အဖြစ်အပျက်တစ်ခုကလည်း ကျွန်တော်၏ရင်ထဲသို့ တိုးဝှေ့ လာခဲ့သည်။

(၂)

"ကိုစိုး ညက လေလည်တယ် မဟုတ်လား"

ရုပ်မြင်သံကြားသတင်း နားထောင်နေစဉ် ယု၏အမေးစကားကို ကြားလိုက်ရခြင်းဖြစ်၏။

"အင်းလေ၊ ဘာဖြစ်လို့လဲ"

"ဘေးမှာ ယုရှိနေတာ၊ နည်းနည်းပါးပါး သိဦးမှပေ့ါ၊ ခုတော့ ဘေးလူကိုမှ အားမနာဘူး"

ဇနီးသည်စကားကြောင့် ကျွန်တော်စိတ်ထဲတွင် မခံမရပ်နိုင်ဖြစ်သွားမိခဲ့သည်။

"နေပါဦး၊ ကျန်းမာရေးအရ လေလည်တာ အပြစ်လား ယု"

ကျွန်တော့်အသံ ဒေါသပါသွားသည်ကို သတိထားမိခဲ့သည်။ယု စိတ်ဆိုးသွားဟန်တူပါသည်။

"ယု ၊ ကိုစိုး တောင်းပန်တယ်၊ နောက်တစ်ခါ မဖြစ်စေရဘူး"

"ရပါတယ် ကိုစိုး၊ ယုတို့ အသက်ကြီးပြီလေ ၊ အနံ့ပြင်းပြင်းတွေဆို သိပ်ပြီးအဆင်မပြေနိုင်တော့ဘူးလေ"

"ကိုစိုး သတိထားပါမယ်"

"ကိုစိုးရဲ့ ကျန်းမာရေးကိုလည်း ယု နားလည်ပါတယ်၊ ကိုစိုး ကျန်းမာဖို့အတွက် တခြားသူကျန်းမာရေးကိုလည်း မထိခိုက်စေချင်ဘူးလေ၊ ယုက ကိုစိုးဇနီး၊ ကိုစိုးအပေါ် သည်းခံပေမယ့် တခြားသူတွေက ကိုစိုးအပေါ် အထင်သေးနိုင်တယ်လေ"

"ကိုစိုးလည်း ဆီး၊ ဝမ်း သိပ်မထိန်းနိုင်သလို ဖြစ်နေတာကြာပြီလေ၊ ကိုစိုး တောင်းပန်ပါတယ်ယု"

(၃)

အသက်ခြောက်ဆယ် ကျော်ပြီမို့ စိတ်သွားတိုင်း ကိုယ်မပါနိုင်သည့်အခြေအနေတွင် ဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာစွာ ချလိုက်သည်။

"ယု၊ ကိုစိုး ပြောစရာရှိတယ်"

"ပြောလေ ကိုစိုး"

"ကိုစိုးတို့ အိပ်ရာခွဲအိပ်မှ သင့်တော်မယ်ထင်တယ်"

ကျွန်တော့်စကားကို နားမလည်ဟန်ဖြင့် ဇနီးဖြစ်သူက ကြည့်နေသည်။

"ဒီလို ယု၊ ကိုစိုးတို့က အသက်အရွယ်ရလာပြီလေ၊ ညဘက်အိပ်ချိန်မှာ ကိုစိုးက နိုးလာပြီး သန့်စင်ခန်းသွားတာမျိုး ရှိတယ်၊ အဲဒီအခါ ယု ရုတ်တရက်နိုးလာရင် အိပ်ရေးပျက်ရတယ်လေ"

ကျွန်တော့်စကားကို ယု စဉ်းစားနေဟန်ဖြင့် ငြိမ်သက်နေ၏။

"နောက်ပြီး ကျန်းမာရေးကလည်း ရှိတယ်မဟုတ်လား ယု၊ ချောင်းဆိုးတာ၊ လေလည်တာ၊ ရေထသောက်တာက အစ တစ်ယောက်ကြောင့် တစ်ယောက်ကို အနှောင့်အယှက် မဖြစ်စေချင်လို့ပါ"

"ကိုစိုး ပြောတာလည်း မှန်ပါတယ်၊ ညဘက်ဆို ယုကြောင့် ကိုစိုးအိပ်ရေးပျက်ရတာလည်း ရှိတယ်"

"ကိုစိုးကြောင့်လည်း ယု အိပ်ရေးပျက်တာပါပဲ"

"ဘယ်လိုပဲအိပ်အိပ်၊ ကျန်းမာရေးအတွက် အရေးကြီးလိုအပ်ရင် ယုကို နှိုးလိုက်နော် ကိုစိုး"

ကျွန်တော် ယုကို ခေါင်းညိတ်ပြလိုက်သည်။

(၄)

ယနေ့ညသည် ကျွန်တော်နှင့်ယု နှစ်ဦးသဘောတူ အိပ်ရာခွဲအိပ်ကြခြင်း ပထမဆုံးညဖြစ်သည်။

"ကိုစိုးအတွက် အိပ်ရာပြင်ထားပေးတယ်"

ယုစကားကြောင့် ခုတင်နှစ်လုံးကို ကြည့်လိုက်သည်။ ခုတင်တစ်လုံးက မွေ့ရာအခင်း၊ ခေါင်းအုံး၊ ဖက်လုံး၊ စောင်တို့သည် အပြာရောင်အနုလေးဖြစ်သည်။ နောက်ခုတင်တစ်လုံးကို ကြည့်လိုက်သည်။ အဝါအနုလေးဖြစ်သည်။

"အထဲဝင်လေ ကိုစိုး"

အိပ်ခန်းဝတွင် နှစ်ဦးသား ရပ်နေရာမှ ယု၏စကားသံထွက်ပေါ်လာခဲ့သည်။

"ယု အရင်ဝင်လိုက်ပါ"

"ကိုစိုး အရင်ဝင်ပါ"

ယုစကားကြောင့် ကျွန်တော်အရင်ဝင်လိုက်၍ အဝါနုရောင်မွေ့ရာ ခင်းထားသည့်ခုတင်ပေါ်တွင် ဝင်ထိုင်လိုက်မိသည်။

"အဲဒါ ယုခုတင်ပါကိုစိုး၊ ကိုစိုးက ဟိုဘက်က အပြာရောင်အိပ်ရာခင်းနဲ့ခုတင်"

ယုစကားကြောင့် ကျွန်တော်ပြုံးလိုက်မိသည်။

"အရေးထဲ ယုက ခုတင်လာလုနေသေးတယ်"

"လုတာမဟုတ်ဘူး ကိုစိုး၊ ကိုစိုးက ညဘက် အပေ့ါအလေး ခဏခဏသွားတတ်လို့ အပေါက်ဝနီးတဲ့ဘက်ကို နေရာပေးထားတာပါ"

ယုစကားကြောင့် ယုစေတနာကို နားလည်စွာဖြင့် ကျွန်တော့်အတွက်ဟုဆိုသော ခုတင်သို့ နေရာရွှေ့လိုက်သည်။

"ယု ဆေးသောက်ပြီးပြီလား"

"အိုး ဟုတ်ပါရဲ့ မေ့နေတာ၊ ယုဆေးထုပ်က ကိုစိုးခုတင်ဘက် နံရံက စင်လေးပေါ်မှာ"

ယုစကားကြောင့် ဆေးထုပ်လေးကို ယူပေးလိုက်သည်။

"ခဏနေရင် မီးပိတ်တော့မယ်နော်"

ကျွန်တော့်စကားကြောင့်ဆေးသောက်နေရင်းဖြင့် ယု ခေါင်းညိတ်ပြသည်။ သို့နှင့် ကျွန်တော် မီးပိတ်လိုက်သည်။

"ကိုစိုး"

"ဘာဖြစ်လို့လဲ ယု"

"ခေါင်းရင်းက ပြတင်းပေါက် ပိတ်လေ၊ လေတိုက်တယ်"

"ဟုတ်သားပဲ၊ မေ့နေလိုက်တာကွာ"

တစ်ဦးနှင့်တစ်ဦး အမုန်းလည်း မရှိ၊ အချစ်လည်းမပြယ်။ သစ္စာလည်း မပျက်၊ ဂတိလည်း မကျိုးဘဲ ကျွန်တော်နှင့်ယု အိပ်ရာခွဲအိပ်ခဲ့ကြသည်။ ရက် လ နှစ်များသို့ပင် ရောက်လာခဲ့ကြသည်။

(၅)

လူတိုင်း သံသရာအကြွေး ပါလာတတ်ကြသည်။ကျွန်တော်၏ သံသရာအကြွေးသည် ယုထံသို့လည်း ကူးစက်ခဲ့ပြန်သည်။ ကျွန်တော် ကျန်းမာရေးအခြေအနေတစ်ခုကြောင့် ရန်ကုန်ဆေးရုံသို့ တက်ရောက်ခဲ့ရသည်။

ကျွန်တော့်ဘေးတွင် ယုထိုင်နေသည်။ ယုမျက်နှာသည် အိုစာသွားခဲ့သလားဟု ကျွန်တော်ထင်မိသည်။ ယုသည် အနေအေးသူတစ်ဦးဖြစ်သည်။ ယခင်က အပြောအဆိုလည်း နည်းပါးခဲ့သည်။ ယခုအခါ အသက်အရွယ်ကြောင့် ထင်ပါသည်။ ယခင်ကထက် စကားများများပြောလာခဲ့သည်။

ကျွန်တော့်ကို ပြုစုရသည်မှာ ယု ပင်ပန်းနေပါလိမ့်မည်။ အရွယ်လွန်မှ အိမ်ထောင်ကျခဲ့သဖြင့် သားသမီး မထွန်းကားခဲ့သော ကျွန်တော်နှင့်ယုတို့ တစ်ဦးကိုတစ်ဦး အပြန်အလှန်ကူညီခဲ့ကြသည်။

"ကိုစိုး နေရတာအဆင်ပြေရဲ့လား"

"ပြေပါတယ် ယု၊ ပင်ပန်းနေပြီလား"

"ပင်ပန်းတယ်လည်း မဟုတ်ပါဘူး ကိုစိုးရယ်၊ ဒီအလုပ်တွေကို ယုမှ မလုပ်ရင် ဘယ်သူလာလုပ်ပေးမလဲ"

ယုစကားကြောင့် ကျွန်တော်ငြိမ်နေမိသည်။

သူနာပြုဆရာမ ရောက်လာသဖြင့် လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်ကာ ညွှန်ကြားချက်ရှိနေသည်။

"လူနာရှင်"

"ကျွန်မပါ ဆရာမ"

"မနက်ဖြန် ဦးစိုးရဲ့သွေးအဖြေ သိရမယ်နော်"

"ဟုတ်ကဲ့ဆရာမ"

သူနာပြုဆရာမ လှည့်ထွက်သွားချိန်တွင် ကျွန်တော့်လက်ကလေးကို ယု လာကိုင်သည်။ ကျွန်တော် ယုကို ပြုံးပြလိုက်သည်။ယုလည်း ကျွန်တော့်ကို ပြန်ပြုံးပြသည်။ ယု၏အပြုံးတွင် ကြင်နာမှုနှင့် အားပေးမှုများပါနေကြောင်း ကျွန်တော့်နှလုံးသားက အလိုလိုသိနေခဲ့သည်။

ယုက ဆေးစစ်ချက်စာရွက်လေးကို ကိုင်ထားသည်။ ယုမျက်နှာလည်း အရောင်ဖျော့နေသည်။

"ယု၊ ဘာဖြစ်လို့လဲ"

ယုနှုတ်ခမ်းတွေက တုန်ရီနေသည်ကို ကျွန်တော်မြင်ခဲ့သည်။ ယုမျက်လုံးများက မျက်ရည်မကျအောင် ထိန်းသိမ်းထားဟန်တူပါသည်။

"ကိုစိုး"

ယုလက်ကလေးကို ကျွန်တော် လှမ်းကိုင်လိုက်သည်။ နားလည်သည် ဟူသောသင်္ကေတဖြင့် ကျွန်တော်ခေါင်းညိတ်ပြလိုက်သည်။ ကြိုတင်ပြင်ဆင်ထားသည့် အရာမို့ ခံနိုင်ရည်ရှိသော်လည်း ကျွန်တော့်ဝမ်းနည်းစိတ်ကို ယုမမြင်အောင် အားတင်းလျက် ကျွန်တော်ကြိုးစားပြုံးပြခဲ့သည်။

ကျွန်တော် အူမကြီးကင်ဆာ ဖြစ်ခဲ့သည်။ လိုအပ်သည့်စစ်ဆေးမှုများ ပြုလုပ်သည်။ အူမကြီးကို ဖြတ်တောက်မှု ပြုလုပ်ခဲ့ရသည်။ ကင်ဆာဆေး အကြိမ်ကြိမ်သွင်းခဲ့သည်။ ဓာတ်ကင်မှုအဖန်ဖန်ဆောင်ရွက်သည်။ ဝမ်းအိတ်ကိုလည်း အပြင်ထုတ်ခဲ့ရပြန်သည်။ ဝန်ထမ်းဘဝက စုဆောင်းခဲ့သမျှ ကျွန်တော့်ဆေးကုသစရိတ်ဖြစ်သွားခဲ့သည်။ ယုကို ကျွန်တော် များစွာအားနာခဲ့မိသည်။

"ကိုစိုး ကြက်ပြုတ်ရည်လေး သောက်ပါဦး"

"ဆေးအရှိန်ကြောင့် ထင်ပါတယ်၊ ကိုစိုး အစာမစားချင်ဘူး ယု"

"မစားချင်လည်း အားရှိအောင် စားပါ ကိုစိုးရယ်၊ ကိုစိုးနေရာမှာ ယုသာ ဖြစ်လိုက်ချင်ပါတယ်"

ခုတင်ရှေ့ ထိုင်ခုံလေးတွင် ထိုင်နေသည့် ယုမျက်နှာတွင် သနပ်ခါးနံ့ ကင်းပခဲ့သည်မှာကြာခဲ့လေပြီ။ ယု စိတ်ကျေနပ်စေရန် ကြက်ပြုတ်ရည်လေးကို ကျွန်တော်သောက်ဖြစ်ခဲ့ပါသည်။

(၆)

ဒီနေ့ ကျွန်တော် ဆေးရုံမှ ယာယီဆင်းခွင့်ရသည်။ ကင်ဆာဆေးသွင်းခြင်းနှင့် ဓာတ်ကင်ခြင်းကို နှစ်ပတ်ခန့်ခြား၍ ပြုလုပ်ရမည်ဖြစ်သောကြောင့် ကျွန်တော်တို့ ဇာတိမြို့ အိမ်ကလေးဆီသို့ ပြန်လာခဲ့ကြသည်။ ကင်ဆာဆေး၏ ပြင်းအားကြောင့် ခွန်အားနည်းနေသော ကျွန်တော်သည် ခရီးဆောင်အိတ်ကိုပင် သယ်မနိုင်ခြင်းမရှိခဲ့ပေ။

အိမ်ကလေး၏ ခြောက်သွေ့မှုသည် ကျွန်တော့်ရင်ကို တုန်လှုပ်စေခဲ့သည်။ အိမ်ရှေ့ပန်းပင်လေးများလည်း ညိုးဖျော့နေသည်။ သစ်ခွပင်လေးများက ဖယိုဖရဲနှင့် အုန်းခွံစများ ပြုတ်ထွက်နေသည်။

"ကိုစိုး ခဏနားဦး ယုကော်ဖီဖျော်ပေးမယ်"

"ပင်ပန်းပါတယ် ယုရယ်၊ ရှိတဲ့မုန့်လေးပဲစားမယ်၊ ညနေမှ ချက်ပြုတ်စားကြတာပေ့ါ"

ယုနှင့် ကျွန်တော် ရန်ကုန်က ဝယ်လာသည့်မုန့်များကို စားကြသည်။ အိမ်ရှေ့ခန်းလေးတွင် အမောဖြေကြသည်။ ည၏ အရိပ်က တဖြည်းဖြည်းကြီးမှူးလာခဲ့သည်။ ယုက ညစာပြင်ပေးသည်။ ကျွန်တော်နှင့်ယု ထမင်းလက်ဆုံ မစားခဲ့ရသည်မှာ ဆေးရုံတက်စဉ် ကာလတစ်လျှောက်လုံးဖြစ်သည်။ ယခု ညစာသည် ယုနှင့် ကျွန်တော့်အတွက် တစ်ဖန်ပြန်လည်၍ ထမင်းလက်ဆုံစားကြရမည်ဖြစ်သည်။

ကျွန်တော်နှင့်ယု ထမင်းစားပွဲတွင် ထိုင်လိုက်ကြသည်။ ယုမျက်နှာ ကြည်လင်နေသည်။ ပျောက်ဆုံးခဲ့သော အပြုံးများလည်း ပြန်ပေါ်လာသည်။ ထို့အတူ ယု ပါးပြင်တွင် သနပ်ခါးအနှစ်ဝါဝါလေးများလည်း နေရာယူထားကြပြန်သည်။

(၇)

"ဝင်လေ ကိုစိုး၊ ဘာတွေစဉ်းစားနေတာလဲ"

ယု၏ သတိပေးစကားသံကြောင့် အတွေးကမ္ဘာမှ ကျွန်တော် လန့်နိုးခဲ့သည်။

"ခုတင်က ဘယ်လိုဖြစ်သွားတာ ယု"

"ယု တို့က သူစိမ်းတွေ မဟုတ်ကြဘူးလေ၊ ကိုစိုးက ယုရဲ့အိမ်ဦးနတ်၊ ယုက ကိုစိုးရဲ့ပါရမီဖြည့်ဖက်၊ တစ်ယောက်လဲရင် တစ်ယောက်ထူမပေးကြရမှာပေ့ါ ကိုစိုးရယ်၊ ကိုစိုးအားငယ်နေမှာ၊ ကိုစိုးကြောက်နေမှာကို ယုမလိုလားဘူး၊ ညမှောင်မှောင်မှာ ကိုစိုးတစ်ယောက်တည်း စမ်းတဝါးဝါး ဖြစ်နေမှာလည်း ယုမကြည့်ရက်ဘူး၊ ကိုစိုး အတွက် ယုက ခွန်အားတစ်ခုဖြစ်စေချင်တယ်လေ"

"ကိုစိုး အားနာလို့ပါ၊ ဝမ်းအိတ်က လည်း အပြင်ထုတ်ထားရတော့ ယု အတွက် အဆင်မပြေမှာ စိုးရိမ်မိတယ်"

"ယုနဲ့ ကိုစိုးတို့က ပထမအရွယ်က တဏှာရမက်ကြောင့် ချစ်ခဲ့ကြတာဖြစ်လိမ့်မယ်၊ ဟောဒုတိယအရွယ်မှာ စီးပွားရေး၊ လူမှုရေးတွေနဲ့ သောကတွေ၊ ဒေါသတွေနဲ့ လောဘတွေတက်ပြီး ရှာဖွေခဲ့ကြတယ်၊ အခုတတိယအရွယ်မှာ ယုတို့စိတ်အေးချမ်းအောင် နေတတ်ခဲ့ကြပြီလေ၊ ကိုစိုးနဲ့ ယု တစ်ချိန်က အိပ်ရာခွဲအိပ်ကြတယ်၊ တစ်ယောက်ရဲ့အပြုအမူကို တစ်ယောက်က သည်းမခံနိုင်ခဲ့ကြဘူး၊ အခု ယုတို့ ခုတင်တစ်လုံးတည်းအတူ ပြန်အိပ်ကြတာ တဏှာရမက်တွေကြောင့်မဟုတ်ဘူး ကိုစိုး၊ အေးမြတဲ့မေတ္တာတရားတွေနဲ့ လောကဓံရဲ့ ကောင်းကျိုးဆိုးကျိုးတွေ မျှဝေခံစားတတ်ကြတဲ့ စိတ်ကြောင့်ပါ"

"ကျေးဇူးတင်ပါတယ် ယုရယ်"

ညသည် ခပ်ဆိတ်ဆိတ် ငြိမ်သက်နေသည်။ အိမ်အပြင်ဘက်တွင် မှောင်နေသည်။ အသက်ခြောက်ဆယ်ကျော်ပြီဖြစ်သော ကျွန်တော့်ရင်ထဲတွင် အမှောင်ကိုဖြိုခွင်းပြီး အလင်းရောင်ခပ်ရေးရေးကို မြင်လာရသည်။ ထိုအလင်းရောင်သည် ကား----။

## နှင်းမှုန်တွေလွှမ်း ဆွမ်းလှူဒါန်း

❂ ဆောင်းအရုဏ် နှင်းစက်ကျ
ချမ်းအေးလှ နံနက်ပါ။
သပိတ်ကို လွယ်ကာပွေ့
သိမ်မွေ့သံဃာ။
ဆွမ်းခံဖို့ ကြွအလာ
နှင်းမှုန်မှာ ဝိုးတဝါး။
ဆွမ်းချက်ပြင် လောင်းလှူဒါန်း
ရွှင်လန်းခွန်အား။

❂ ဆောင်းရာသီ နှင်းမှုန်ကြား
ကုသိုလ်ပွား ဒါနထူ။
ကိုယ်စိတ်ကို သန့်ရှင်းပြု
သာစုခေါ်ယူ။
ဆွမ်းလောင်းခြင်း ကုသိုလ်အလှူ
စေတနာဖြူ ဆက်ကပ်မနှေး။
ဆောင်းဟေမန် မနက်ခင်းက
သတင်းထုံမွှေး။

❂ ငွေနှင်းတွေ ရင်မှာအေး
စိုစွတ်ထွေး အေးပါစေ။
ကြေးစည်သံ အသံကြားတော့
အားသစ်တို့ဝေ။
မြန်မာဓလေ့ ဘုံဆွမ်းတွေ
လောင်းလှူနေ ဝတ်မပျက်။
မြတ်သံဃာ ရည်မျှော်မှန်းတဲ့
လှူဒါန်းနေ့ရက်။ ။

မောင်ခဲတံ(ပညာရေး)

---

## လှုဂုဏ်တင့်စေ

❖ မေတ္တာတရား အမွှမ်းတင်ကာ
လူမှုဝန်းကျင်မှာ၊
ချစ်ခင်ကြင်နာ ပြုံးမပျက်
ညီညာလက်ချင်းယှက်။
ဘဝရှေ့ဆက် အောင်ဖွယ်စေ
ကြိုးစားမောင်မယ်ဆွေ၊
ခက်ခဲမှုတွေ မကြောက်တမ်း
ရင်ဆိုင်ကာလျှောက်လှမ်း။

❖ သာယာမြေချမ်း ထာဝစဉ်
လန်းဆန်းပြုံးပျော်ရွှင်၊
လူလူချင်းပင် မခွဲခြား
အမှန်မလွဲမှား။

❖ သိသတိထား တုပဖွယ်
ဗဟုသုတကြွယ်၊
သိပညာဝယ် တတ်မှုတွေး
စာပေဖတ်ရှုပေး။

❖ ဇွဲ လုံ့လလေး ထားရှိလို
ဝီရိယပိုမို၊
ကိုယ့်ဘဝကို တန်ဖိုးမြှင့်
အလှုဂုဏ်တွေတင့်။ ။

ကိုရွှေတောသား(ဆင်ကူး)

---

ဆောင်းပါး

# လူတိုင်းသင်ယူထားသင့်သော လျှပ်စစ်ပညာ

## ■ ထက်အောင်လူ(နံ့သာမြေ)

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

လျှပ်စစ်ဓာတ်အားနှင့် လက်တွေ့အသုံးချ လျှပ်စစ်ဓာတ်အားကိုမူ ၁၉ ရာစုနှောင်းပိုင်းတွင်မှ ကျယ်ကျယ်ပြန့်ပြန့်တွေ့ရှိခဲ့ကာ လူနေအိမ်နှင့် စက်မှုလုပ်ငန်းများတွင် အသုံးပြုခဲ့ကြသည်။ တစ်ဟုန်ထိုးတိုးတက်ခဲ့သော လျှပ်စစ်နှင့်သက်ဆိုင်သည့် နည်းပညာများကြောင့် လူ့အဖွဲ့အစည်းများ၏ လူနေမှုအဆင့်အတန်းများနှင့် စက်မှုလုပ်ငန်းများလည်း များစွာဖွံ့ဖြိုးတိုးတက်ခဲ့သည်။ လျှပ်စစ်စွမ်းအားဆိုသည်မှာ အချိန်တစ်ခုအတွင်း လျှပ်စစ်ပတ်လမ်းတစ်ခုမှ လျှပ်စစ်စွမ်းအင်ပြောင်းလဲနှုန်းဖြစ်သည်။

မီးသည် အသေအချာကိုင်တွယ်ပါလျှင် ဆေးပမာဖြစ်၍ ပေါ့လျော့ကာအသုံးပြုပါမူ ဘေးဖြစ်တတ်ပေ၏။ ထို့အတူ လျှပ်စစ်သည်လည်း အသေအချာအသုံးပြုသူတို့အတွက် လူ့လောကကောင်းကျိုးများ စက်မှုဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုပ်မြစ်ဖြစ်သကဲ့သို့ သတိလက်လွတ်အသုံးပြုပါမူ အန္တရာယ်နီးကပ်လှပေ၏။ လွန်ခဲ့သောလက ကျေးလက်ဇာတိမြေ၌ အစိုးရလျှပ်စစ်မီးရရှိ၍ ဝမ်းမြောက်ဝမ်းသာဖြစ်ရသည်။ ထို့အတူ အကောင်းတို့နှင့် ဒွန်တွဲပါလာတတ်သော လျှပ်စစ်အန္တရာယ်မဖြစ်ပွားရန် အသိ၊ သတိရှိရှိကာကွယ်ပြုလုပ်သင့်ကြောင်း အတွေးဝင်မိပါ၏။ ကျေးလက်နေပြည်သူအများစုတွင် စာအုပ်စာပေဖတ်ရှုမှုနည်းပါးခြင်းနှင့် အခြေခံအသိပညာနည်းပါးတတ်ပါ၍ လျှပ်စစ်ကို စနစ်တကျအသုံးပြုတတ်ရန် လေ့လာလိုက်စားသင့်၏။ သို့မှသာ အချိန်ကုန်လူသက်သာ၍ လုပ်ငန်းတို့ အလျင်အမြန်ပြီးမြောက်လျက် လျှပ်စစ်အန္တရာယ်ကင်းကာ ကျန်းမာပျော်ရွှင်သောဘဝတို့ ပိုင်ဆိုင်ရပေမည်။

### လျှပ်စစ်ကို လိမ္မာပါးနပ်စွာအသုံးပြုတတ်ရန်

မီးဘေးရှောင် မလောင်ခင်တား ဆိုသကဲ့သို့ လျှပ်စစ်အန္တရာယ်မဖြစ်ပေါ်မီ ကြိုတင်ကာကွယ်ကြရမည်။ လျှပ်စစ်ကာကွယ်ရေးပစ္စည်းများ အသုံးပြုရမည်။ လျှပ်စစ်ကို လိမ္မာပါးနပ်စွာ အသုံးပြုတတ်ရန်မှာ ပထမဦးဆုံးအနေဖြင့် လျှပ်စစ်တွင် AC နှင့် DC ရှိကြောင်း၊ ကြိုးဆိုဒ်တို့နှင့် အသုံးပြုသောဝန်အားတို့ သင့် မသင့်၊ မျှတမှု ရှိ မရှိ သိရမည်။ ထို့အတူ ကြိုးအဆက်နှင့် ဝိုင်ယာပေါက်ပြဲမှု၊ လျှပ်ကူးနှင့် ရေစိုစွတ်မှုတို့အား ဂဃနဏ သိရှိရမည်။ လျှပ်ကာပစ္စည်းတို့နှင့် ကိုင်တွယ်အသုံးပြုခြင်း၊ ဓာတ်လိုက်မှုမရှိရေးအစရှိသည်တို့အား ယေဘုယျအားဖြင့် စီမံခန့်ခွဲနိုင်ရမည်။ လျှပ်စစ်ဓာတ်အားတို့သည် လျှပ်ကူးပစ္စည်းအတွင်း စီးဆင်းနေသော်လည်း မျက်စိနှင့် အလွယ်တကူမမြင်နိုင်ပါ၍ အန္တရာယ်အား ကြိုတင်ကာကွယ်တတ်ရမည်။

ထိုင်းနိုင်ငံ၏ မူကြိုကျောင်းတစ်ကျောင်းတွင် လျှပ်စစ်ဓာတ်လိုက်ခြင်းသရုပ်ပြကာ အကယ်၍ မိမိပတ်ဝန်းကျင်၌ ဓာတ်လိုက်မှုဖြစ်ပေါ်နေပါက မည်သို့လုပ်ဆောင်ရမည်ကို အဆင့်ဆင့် သင်ကြားနေပေသည်။ ကလေးနှစ်ဦး ပလပ်ခုံကို ကိုင်မိကာ ဓာတ်လိုက်သောကြောင့် မြေပြင်၌လဲ၍ တွန့်လိမ်နေချိန်၌ တခြားသူငယ်ခြင်းများသည် ပလပ်ခုံအား တံမြက်စည်းရိုးဖြင့် ဖယ်ရှားစေသည်။ ကလေးငယ်နောက်တစ်ဦးသည် ပလပ်ကိုဖြုတ်ကာ ခလုတ်ကို ပိတ်နေကြသည်။ ဤသည်မှာ ငယ်စဉ်အခါ ကတည်းက ကလေးသူငယ်များအား လျှပ်စစ်အကြောင်း သင်ကြားပေးခြင်းပင် ဖြစ်သည်။

### ကျွမ်းကျင်သူတို့နှင့် သွယ်တန်းလုပ်ဆောင်သင့်

မိမိတို့အိမ်၌ လျှပ်စစ်သွယ်တန်းမှု ပြုလုပ်ပါလျှင် အတွေ့အကြုံရှိသော ကျွမ်းကျင်မှုလက်မှတ်ရသူတို့နှင့် သွယ်တန်းပြုလုပ်သင့်သကဲ့သို့ ရပ်ကွက်ထဲမှ ကျွမ်းကျင်မှုမရှိသူများဖြင့် မပြုမိရန် အထူးလိုအပ်၏။ အသုံးပြုလိုသောဝန်အား၊ လျှပ်စစ်ဝိုင်ယာကြိုးဆိုဒ်နှင့် လျှပ်စစ်ပတ်လမ်းကာကွယ်မှုပစ္စည်းတို့အား မတွက်ချက်တတ်သော ရပ်ကွက်ထဲမှ ဆရာဆိုသူများနှင့် လျှပ်စစ်သွယ်တန်းမိပါမူ အန္တရာယ်အားလက်ယပ်ခေါ်သကဲ့သို့ ဖြစ်ပေမည်။ မြွေကိုက်လျှင် ဆေးရှိသော်လည်း ဓာတ်လိုက်လျှင် ဆေးမရှိပါ၍ အထူးသတိပြုသင့်ပေ၏။

### ဓာတ်လိုက်ခဲ့လျှင်

"ဓာတ်လိုက်တဲ့လူတိုင်းက အရေးပေါ် စောင့်ရှောက်မှု လိုအပ်တာမဟုတ်ပါဘူး။ ဒါပေမဲ့ ဓာတ်လိုက်ပြီးရင် ဆရာဝန်နဲ့ ပြဖို့တော့လိုပါတယ်။ ကိုယ်တွင်းအင်္ဂါတွေ ထိ မထိဆိုတာ အပြင်ကနေ ကြည့်ရုံနဲ့ မသိနိုင်ပါဘူး။ ဓာတ်လိုက်ရင် ဘယ်လိုမျိုးတွေ ခံစားရမှာလဲ။ ဓာတ်အားနည်းရင်တော့ သာမန်ကျဉ်တာ၊ ပူတာ၊ နီတာလောက်ပဲ ခံစားရမှာပါ။ ဒီထက်ပိုဆိုးရင်တော့ သတိလစ်တာ၊ ကြွက်တက်တာ၊ ထုံတာ၊ ကျဉ်တာ၊ အသက်မရှူနိုင်တာ၊ ခေါင်းကိုက်တာ၊ အမြင်၊ အကြားထိခိုက်တာ မီးလောင်သလိုဖြစ်တာ၊ တက်တာ၊ နှလုံးခုန်မမှန်တာတွေ ဖြစ်တတ်ပါတယ်။ တစ်ခါတလေ compartment syndrome လို့ခေါ်တဲ့ ကြွက်သားတွေပျက်စီးပြီး ခြေတွေလက်တွေ ရောင်ရမ်းတာ ဖြစ်တတ်ပါတယ်။ ဒီလိုရောင်ရမ်းတာတွေကြောင့် သွေးကြောတွေကို ဖိမိတဲ့အခါ ဆိုးရွားတဲ့ နောက်ဆက်တွဲတွေ ဖြစ်လာမှာပါ။ ပြီးတော့ ဒါက ဓာတ်လိုက်ပြီးပြီးချင်း မသိနိုင်ပါဘူး။ နောက်မှ တဖြည်းဖြည်း ပေါ်လာတဲ့အတွက် ဓာတ်လိုက်ပြီးရင်လည်း ခြေတွေလက်တွေကို ဂရုစိုက်ကြည့်ရမှာပါ။ ဓာတ်လိုက်ရင် အရေးပေါ်ဘာလုပ်ကြမလဲ။ တစ်ယောက်ယောက် ဓာတ်လိုက်ပြီဆိုရင် အရင်ဆုံးလုပ်ရမှာက ဓာတ်လိုက်တဲ့ဒဏ်ကို နည်းနိုင်သမျှနည်းအောင် လုပ်ရမှာပါ။ ကိုယ်ကိုယ်တိုင် ဓာတ်လိုက်ရင်တော့ လုပ်ရကိုင်ရခက်မှာပါ။ ဒါပေမဲ့ ဓာတ်လိုက်ပြီလို့ သိတာနဲ့ အောက်ပါအတိုင်း လိုက်လုပ်ပါ။

ဓာတ်လိုက်စေတဲ့ပစ္စည်းကို ချက်ချင်း လွှတ်လိုက်ပါ။ ပြီးရင် ဆေးရုံကား ချက်ချင်းခေါ်ပါ။ ကိုယ်တိုင်မခေါ်နိုင်ရင် သူများကို အကူအညီတောင်းပါ။ ဓာတ်လိုက်တဲ့နေရာကနေ ဝေးဝေးနေပါ" ဟု ကျန်းမာရေးဝန်ကြီးဌာနက လမ်းညွှန်ထားပေသည်။

### လူတိုင်း အခြေခံလျှပ်စစ်ပညာ သင်ယူထားသင့်

လွန်ခဲ့သောရက်ပိုင်းက ရန်ကုန်မြို့ လျှပ်စစ်ပစ္စည်းဆိုင်၌ DC ဝိုင်ယာရှိပါသလားဟု စာရေးသူက မေးသောအခါ လျှပ်စစ်အရောင်းဝန်ထမ်းသည် DC ဝိုင်ယာဟာ ဘယ်လိုဟာလဲဟု ပြန်လည်မေးမြန်းနေပေသည်။ ကျွန်တော်တို့က DC လည်း ဒီဟာပဲ သုံးတယ်၊ အတူတူပါပဲဟုဖြေ၏။ အမှန်တကယ်တွင် လျှပ်စစ်ရောင်းနေသော ဝန်းထမ်းသည်ပင် လျှပ်စစ်အသိပညာနည်းပါးနေခြင်းမှာ လျှပ်စစ်သင်တန်းများ မတက်ဖူးကြောင်း သိသာနေပေသည်။ လျှပ်စစ်ပစ္စည်းဆိုင်တွင် နှစ်ပေါင်းကြာရှည်စွာနေသော်လည်း လျှပ်စစ် အခြေခံသီအိုရီ သဘောတရားများအား လေ့လာသင်ယူထားခြင်းမရှိကြောင်း သက်သေပြနေသည်။ တကယ်တမ်းတွင်ဝယ်သူထက် လျှပ်စစ်ပစ္စည်းများအကြောင်း သိနေတတ်နေသင့်ပြီး လမ်းညွှန်ပြောပြရပေမည်။

သင်ယူခြင်းများ၌ စာအုပ်များဖတ်၍ သင်ယူခြင်း၊ သင်တန်းများတက်၍သင်ယူခြင်း အစရှိသဖြင့် သင်ယူရမည်။ စာအုပ်စာပေ၊ ဗီဒီယိုတို့မှတစ်ဆင့် စိတ်ပါဝင်စားစွာ သင်ကြားနိုင်သည်။ သင်တန်းများ တက်ရောက်ပါမူ အခြေခံပညာ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်ရှိသူများအတွက် နိုင်ငံတော်မှ ဖွင့်လှစ်သော နည်းပညာသင်တန်း၊ လျှပ်စစ်သင်တန်း အစရှိသော ကျောင်းများရှိသကဲ့သို့ ပုဂ္ဂလိကကျောင်းပေါင်းများစွာလည်း ရှိပေသည်။ ပုဂ္ဂလိကကျောင်းများတွင်မူ "အခမဲ့နှင့် အခနဲ့"ဟူ၍ နှစ်မျိုးရှိနိုင်ပေသည်။ ယခုခေတ်သည် လျှပ်စစ်နှင့်ကင်းသောအရာ မရှိသလောက်ရှားသွားပေပြီ။ လျှပ်စစ်ပညာကို သင်ယူမှသာ လျှပ်စစ်၏ သဘောသဘာဝနှင့် ဘဝလမ်း၌ လျှပ်စစ်လုပ်ငန်းတို့တွေ့ပါမူ မကြောက်မရွံ့ သူတစ်ပါးထက်သာလွန်သော သတ္တိတို့ရှိပါပေမည်။ ထို့ကြောင့် လူတိုင်း လျှပ်စစ်ပညာကို သင်ယူသင့်လှပေသည်။

မိမိတို့သည် လျှပ်စစ်ပညာကို အလုံးစုံသိရှိအောင် သင်ရန်မဟုတ်သော်လည်း လျှပ်စစ်အခြေခံကို သိကိုသိသင့်ပါပေ၏။ လျှပ်စစ်ပညာနှင့် ပတ်သက်၍ အခြေခံသိရှိထားသောကြောင့် ဆောင်သင့်သည်တို့အား ဆောင်နိုင်သကဲ့သို့ ရှောင်ရှားသင့်က ရှောင်ရှားနိုင်ကာ လျှပ်စစ်အန္တရာယ် ကင်းဝေးပေမည်။

အချုပ်ဆိုရသော် ခေတ်ကာလအနေအထား အရသိပ္ပံခေတ်ဖြစ်ပါ၍ အချိန်ကုန်လူသက်သာစေရန် လျှပ်စစ်နှင့် ပြုလုပ်ဆောင်ရွက်နေကြပေသည်။ ခလုတ်တစ်ချက်နှိပ်၍ အရာရာကို ဖန်တီးနေကြသော အမြန်ခေတ်ဟု ဆိုနိုင်ပါသည်။ စက်မှုလုပ်ငန်းတို့၌သာမက ကျေးလက်လူမှုဘဝများတိုင် လူမှုအသုံးဆောင်အားလုံးတို့သည် လျှပ်စစ် မပါမပြီးဖြစ်နေသည်။ လူတိုင်းကိုင်တွယ်နေသော ဖုန်းအားသွင်းရာ၊ ထမင်းဟင်းချက်ရာ၊ အဝတ်လျှော်ရာ၊ ရေပူရေအေးပြုလုပ်ရာ၊ ရေတင်ခြင်းပြုလုပ်ရာ၊ အထည်ချုပ်၊ ဆံညှပ်ပြုလုပ်ရာ၊ မီးပူတိုက်ခြင်းပြုလုပ်ရာ အစစအရာရာသည် လျှပ်စစ်ကို အသုံးပြုနေကြပါသည်။ မိမိတို့လူ့ဘဝသည် ရခဲလှပေ၏။ ထိုရခဲလှသော လူ့ဘဝတွင် လုပ်ငန်းခွင်၌ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးတို့အတွက် စီမံခန့်ခွဲမှု ပြုလုပ်ကြရပေမည်။ ထိုသို့ စီမံခန့်ခွဲနိုင်ရန်မှာလည်း အသိပညာ၊ အတတ်ပညာတို့နှင့် ထိန်းကျောင်းဆောင်ရွက်ခန့်ခွဲရ၏။ လျှပ်စစ်ကို အကျိုးရှိရှိ အသုံးပြုနိုင်ရန် ဘေးအန္တရာယ်မရှိရန်မှာ လျှပ်စစ် အခြေခံပညာကို သင်ယူတတ်မြောက်သင့်သောကြောင့် အခြေခံလျှပ်စစ်ပညာ သင်ယူထားသင့်ပါကြောင်း ရေးသားလိုက်ပါသည်။ ။

---

## ငွေနှင်းရည်ဖုံး တန်ဆောင်မုန်း

☆ ဗြိစ္ဆာရာသီ နှင်းတွေဖုံးလို့
တန်ဆောင်မုန်းလ အချိန်ခါ၊
ရပ်ရှစ်ခွင် မြူတွေဆိုင်း
မှိုင်းမှုန်ရီပြာ၊
ရာသီနက္ခတ် ကြတ္တိကာ
ကောင်းကင်မှာ ထွန်းတောက်ပ၊
ဟေမန်အခါ ကူးပြောင်းလို့
ဆောင်းဦးအစ။

☆ လရာသီ အေးမြလို့
ပန်းအလှတွေက စုံစုံလင်၊
ခဝဲပန်းတွေ ထူးတင့်လို့
ဖူးပွင့်လို့ပင်၊
စပါးပင်တို့ နေရောင်တွင်
ရွှေရောင်လွှင် အမြင်ထူး၊
မြိုင်ယံမှာ ကျေးငှက်တွေက
တေးဖွဲ့သီကျူး။

☆ မြတ်စိန္တေ ရည်စူးလို့
ကြည်နူးဖွယ် အလှူတော်၊
ရာသီချိန် ကထိန်ပွဲ
နွှဲကြတူပျော်၊
မသိုးသင်္ကန်း ကပ်လှူပူဇော်
မြင်းမိုရ်ပွဲတော် ကျင်းပကြ၊
အလှူပွဲတော်
အတူနွှဲပျော် ရွှင်ပြုံးကြသည့်
တန်ဆောင်မုန်းလ။ ။

မြင့်ဌေး(ရွှေပင်မြေ)

# မကွေးမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲ ကျင်းပ



**မကွေး နိုဝင်ဘာ ၂**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ မကွေးတိုင်းဒေသကြီးဥပဒေချုပ်ရုံးနှင့် မကွေးတိုင်းဒေသကြီး ပညာရေးမှူးရုံးတို့ ပူးပေါင်းဖွင့်လှစ်သည့် Grade 11 နှင့် Grade 12 တွင် သင်ကြားနေသော ကျောင်းသား ကျောင်းသူများအား ဥပဒေဘာသာရပ် သင်ကြားပေးနိုင်ရန် ဆရာ ဆရာမများအား ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ဆရာ ဆရာမများအနေဖြင့် ဥပဒေပညာနှင့် အလှမ်းဝေးသူများလည်း ပါဝင်နိုင်သော်လည်း ယခုသင်ကြားမည့် ဘာသာရပ်မှာ ဥပဒေအသိပညာသာ ဖြစ်သဖြင့် ဥပဒေ၏ ခက်ခဲနက်နဲသော အတွေးအခေါ်များကို သင်ယူရန် လိုအပ်မည် မဟုတ်ဘဲ ဥပဒေ၏ အခြေခံသဘောတရားများကို ကောင်းမွန်စွာ သိရှိနားလည်ပြီး အခြေခံပညာကျောင်းသားများကို ပြန်လည်သင်ကြားပြသနိုင်ရေးအတွက် ဦးတည်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ သင်တန်းတွင် သင်ကြားမည့် ဘာသာရပ် ခုနစ်ခုသည် ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ အမှန်တကယ် သိသင့်သိထိုက်သော ဘာသာရပ်များဖြစ်ပြီး မိမိတို့နိုင်ငံအတွင်းရှိ ဥပဒေအားလုံး၏ အခြေခံဥပဒေဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြစ်မှုဆိုင်ရာဥပဒေများဖြစ်သည့် ရာဇသတ်ကြီးနှင့် အထူးဥပဒေများကို အခြေခံအားဖြင့် သိရှိနားလည်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီးဥပဒေချုပ် ဦးတင့်ဝေက ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း ဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဥပဒေရေးရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်း Video Clip အား ပြသသည်။

**ဖွင့်လှစ်ပို့ချ**

သင်တန်းတွင် အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမ စုစုပေါင်း ၁၅၃ ဦး၊ ကိုယ်ပိုင်ကျောင်းများမှ ဆရာ ဆရာမ ခုနစ်ဦး စုစုပေါင်း ၁၆၀ တက်ရောက်မည်ဖြစ်ကာ ဥပဒေချုပ်ရုံးမှ လက်ထောက်တိုင်းဒေသကြီး ဥပဒေအရာရှိ ခုနစ်ဦးတို့က ရက်သတ္တ နှစ်ပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ မကွေးတိုင်းဒေသကြီးအတွင်း အခြေခံပညာအထက်တန်းကျောင်း ၉၁၃ ကျောင်းရှိပြီး တစ်ကျောင်းလျှင် ဆရာတစ်ယောက်နှုန်းဖြင့် ၉၁၃ ဦးအား သင်ကြားပေးမည်ဖြစ်သည့်အတွက် သင်တန်းတစ်ကြိမ်လျှင် ၁၅၀ ခန့်ဖြင့် စုစုပေါင်း သင်တန်းခြောက်ကြိမ် ဖွင့်လှစ်ပို့ချပေးမည် ဖြစ်ကြောင်း သိရသည်။

**မောင်ညီညာ**

---

# လှိုင်ကော်မြို့၌ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းဖွင့်ပွဲ ကျင်းပ

**လှိုင်ကော် နိုဝင်ဘာ ၂**

ကယားပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကယားပြည်နယ် ဥပဒေချုပ်ရုံးမှ ကျင်းပသည့် ဥပဒေအသိပညာ ပြန့်ပွားရေး သင်တန်းအမှတ်စဉ်(၂/၂၀၂၄)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက လှိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။



**ထောက်ပံ့ငွေများပေးအပ်**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အမှာစကား ပြောကြားပြီး သင်တန်းအတွက် ထောက်ပံ့ငွေများ ပေးအပ်ရာ ပြည်နယ် ဥပဒေအရာရှိ ဦးသိန်းထွန်းက လက်ခံရယူသည်။

ထို့နောက် ပြည်နယ် ဥပဒေအရာရှိက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကား ပြောကြားသည်။ သင်တန်းကာလမှာ သုံးရက်တာ ကြာမြင့်မည်ဖြစ်ပြီး ဥပဒေ ၁၇ မျိုးအား ပို့ချသွားမည်ဖြစ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်က မြို့အင်္ဂါရပ်နှင့်အညီ ဖြစ်စေရေးနှင့် သန့်ရှင်းသာယာလှပရေး အတွက် လှိုင်ကော်မြို့ အမှတ်(၄)လမ်းမကြီးတစ်လျှောက်၊ ကန်ပတ်လမ်းနှင့် အနော်ရထာလမ်းတို့တွင် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး ပါဝင်ဆောင်ရွက်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့သည်။

အဆိုပါ လမ်းတစ်လျှောက်ဝဲယာရှိ ဆိုင်ခန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ပလက်ဖောင်းများ၊ လမ်းလယ်ကျွန်းများ သန့်ရှင်းသပ်ရပ်စေရေးနှင့် ပန်းအလှပင်များစိုက်ပျိုးရေး၊ လမ်းဘေးဝဲယာအန္တရာယ်ရှိ သစ်ပင်များအား ခုတ်ထွင်ရှင်းလင်းရေး၊ ပျက်စီးနေသော ကတ္တရာလမ်းများ ပြုပြင်ရေးနှင့် မိမိတို့နေရပ်သို့ပြန်လည်ဝင်ရောက် နေထိုင်လိုသည့် ပြည်သူများအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

---

# တိုက်ကြီးမြို့နယ်၌ ကျောင်းသားများ ပါဝင်ဆောင်ရွက်မှုတိုးမြင့်ရန် အစပျိုးလှုပ်ရှားမှုများ အကောင်အထည်ဖော်ရေးဆွေးနွေးပွဲ ကျင်းပ

**တိုက်ကြီး နိုဝင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းသားများ ပါဝင်ဆောင်ရွက်မှုတိုးမြင့်စေရန် အစပျိုးလှုပ်ရှားမှုများ အကောင်အထည်ဖော်ရေးလုပ်ငန်း မြို့နယ်အဆင့် ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း (မြို့မ) ပညာရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုက်ကြီးခရိုင် ပညာရေးမှူး ဒေါ်စန္ဒာဦးက အဖွင့်အမှာစကား ပြောကြားပြီး အခြေခံပညာဦးစီးဌာန(ရုံးချုပ်)လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ထွေး္ဌခိုင်ခိုင်ဝင့်က ကျောင်းသားများ ပါဝင်ဆောင်ရွက်မှုတိုးမြင့်စေရန် အစပျိုးလှုပ်ရှားမှုများ အကောင်အထည်ဖော်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြင့်ဦး**



---

# အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ် ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။



**စုပေါင်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် အပါအဝင် မြို့နယ်လေးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့် တာချီလိတ်မြို့တို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အပါအဝင် မြို့နယ် ၁၆ မြို့နယ်တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ လည်းကောင်း တက္ကသိုလ်များ၊ စာသင်ကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ထိုသို့ တက္ကသိုလ်များနှင့် စာသင်ကျောင်းများ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံ တပ်မတော်သားများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အတူ စုပေါင်းဆောင်ရွက်ပေးကြသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့ရှိ ပြည်သူ့ဆေးရုံများ၌ နယ်မြေခံ တပ်မတော်သားများက ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ ဆေးရုံဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး လယ်ဝေးမြို့နယ်အတွင်း ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် စပါးစိုက်ကေများ ပြန်လည်စိုက်ပျိုးပြီးစီးမှု ကွင်းဆင်းစစ်ဆေး

လယ်ဝေး နိုဝင်ဘာ ၂

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းတွင် ပုံချီကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့သွားရောက်၍ ဆရာတော်အား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ လှူဒါန်းခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ပုံချီကျေးရွာတွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတတ်ရေးကော်မတီ ရန်ပုံငွေဖြင့် ဆောက်လုပ်နေသော သီရိအလင်းရောင်စာကြည့်တိုက် ပြီးစီးမှုအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ လယ်ဝေးမြို့နယ်အတွင်း သဘာဝဘေးကြောင့် ရေကြီးနစ်မြုပ်ပျက်စီးဆုံးရှုံးခဲ့သော စပါးစိုက်ကေများအတွက် ပြန်လည်အစားထိုးစိုက်ပျိုးနေသည့် အလယ်ကျွန်းကျေးရွာ ကွင်းအမှတ်-၁၇၄၃ နှင့် အင်ပင်ကျေးရွာအုပ်စုရှိ ကွင်းအမှတ်-၁၇၅၂ တို့တွင် ပြန်လည်အစားထိုး စိုက်ပျိုးပြီးစီးမှုအခြေအနေများနှင့် လိုအပ်သည့်သွင်းအားစုများ ထောက်ပံ့ပေးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကာ တောင်သူများအား ရွက်ဖျန်းဆေးဘူးများ ထောက်ပံ့ပေးအပ်ခဲ့သည်။



### ပြန်လည်အစားထိုးစိုက်ပျိုး

လယ်ဝေးမြို့နယ် အလယ်ကျွန်းကျေးရွာအုပ်စု ကွင်းအမှတ်-၁၇၄၃ တွင် သဘာဝဘေးကြောင့်ရေကြီးနစ်မြုပ်ကေ ၁၂၅၀ အနက် မိုးစပါးပြန်လည်အစားထိုးကုစားစိုက်ပျိုးပြီး ၁၃၆ ဧက၊ မတ်ပဲ ၆၃၄ ဧက၊ ပဲကြီးဧက ၂၇၀ နှင့် အခြားပဲဧက ၂၁၀ တို့ စိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် အင်ပင်ကျေးရွာအုပ်စုရှိ ကွင်းအမှတ်-၁၇၅၂ တွင် ထိခိုက်ပျက်စီးဧက ၂၀၅ ဧကရှိပြီး မိုးစပါးများ ပြန်လည်အစားထိုးစိုက်ပျိုးပြီးကြောင်း သိရသည်။

ဝေကြည်(ပြန်/ဆက်)

# ရေတာရှည်မြို့နယ်၌ ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှု နည်းပညာဆွေးနွေးပွဲနှင့် တစ်သျှူးကြံမျိုး စံပြကွက်သရုပ်ပြပွဲပြုလုပ်



ရေတာရှည် နိုဝင်ဘာ ၂

စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲမှ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ ၂၀၂၂ စီမံကိန်းဖြင့် ဆောင်ရွက်သည့် ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှုနည်းပညာဆွေးနွေးပွဲနှင့် တစ်သျှူးကြံမျိုးစံပြကွက် သရုပ်ပြပွဲကို ဆတ်သေမြောက်ကျေးရွာ တောင်သူဦးသီဟန်ထွန်း၏ကြံစိုက်ကေ သုံးဧက၌ ယမန်နေ့နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်ခင်မြင့်ကြွယ်က အဖွင့်အမှာစကားပြောကြားပြီး ရေတာရှည်မြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဥက္ကာသန်းက စိုက်ပျိုးရေးထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရန်အတွက် လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ရေတာရှည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ကြံသီးနှံစိုက်ပျိုးနည်းစနစ်များနှင့် သကြားထွက်သီးနှံဌာနခွဲမှ ကြံသီးနှံအထွက်တိုးနည်းပညာများကို ဆွေးနွေးပြောကြားပြီး ကြံသီးနှံစိုက်ပျိုးရေးအထောက်အကူပြုပစ္စည်း ခြောက်မျိုးကို ကြံစိုက်တောင်သူ ၅၅ ဦးထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❍ အာဆင်နယ်အသင်းမှ

အဲဒီပွဲစဉ်မှာ နယူးကာဆယ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပထမပိုင်းပွဲကစားချိန် ၁၂ မိနစ်မှာ ဂျော်ဒန်ရဲ့ ဖန်တီးပေးမှုကနေတစ်ဆင့် အလက်ဇန္ဒားအီဆက်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ အာဆင်နယ်အသင်းဟာ လက်ရှိပရီမီယာလိဂ်ပွဲစဉ်(၁၀)ယှဉ်ပြိုင်ကစားပြီးချိန်မှာ ငါးပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံး ရမှတ် ၁၈ မှတ်နဲ့ အမှတ်ပေးဇယားတတိယနေရာမှာ ဆက်လက်ရပ်တည်နေတာ ဖြစ်ပါတယ်။

နယူးကာဆယ်အသင်းကတော့ ပရီမီယာလိဂ်ငါးပွဲဆက် နိုင်ပွဲပျောက်ဆုံးမှုကိုလည်း အဆုံးသတ်နိုင်ခဲ့တာဖြစ်ပြီး ပရီမီယာလိဂ် ၁၀ ပွဲကစားပြီးချိန်မှာ လေးပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံး ရမှတ် ၁၅ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၈)နေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

ငွေကြယ်

# ဟသ်ာတမြို့၌ မြို့သန့်ရှင်းသာယာလှပစေရေး ဌာနဆိုင်ရာများစုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ဟသ်ာတ နိုဝင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ဟသ်ာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးနှင့်အဖွဲ့ဝင်များ၏ ဦးဆောင်မှုဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ဆန်းထွန်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ယနေ့နံနက် ၇ နာရီက ဟသ်ာတမြို့ တာကလေးရပ်ကွက် ဦးအောင်မြတ်ကျော်ဘုရားဝင်းအတွင်းအပြင်၌ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံသင်တန်းကျောင်း၌ ကျောင်းအုပ်ဆရာမကြီးနှင့် အတူနေဆရာမတစ်ဦးအား သတ်ဖြတ်လုယက်မှုကျူးလွန်သူ အမျိုးသားတစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ရွှေချီရပ်ကွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံသင်တန်းကျောင်းဝင်းအတွင်းရှိ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းရီ ၆၁ နှစ် (ဘ)ဦးညွန့်မောင်၏နေအိမ်၌ ယနေ့နံနက် ၄ နာရီ ၄၅ မိနစ်တွင် အဆိုပါကျောင်းတွင် တက်ရောက်နေသည့် ဒုတိယနှစ်ကျောင်းသားဖြစ်သူ မျိုးမင်းသူ ၁၉ နှစ်သည် နေအိမ်အတွင်း ဝင်ရောက်၍ ဆရာမကြီး ဒေါ်ဝင်းရီနှင့်အတူနေ ကျောင်းဆရာမ ဒေါ်အွန်စော ၂၂ နှစ် (ဘ)ဦးကျော်စွာထွန်းတို့အား ဓားဖြင့်ထိုးခုတ်၍ နေအိမ်အတွင်းရှိ စိန်တစ်လုံးပါ တစ်မတ်သားလက်စွပ်တစ်ကွင်း၊ ကာလတန်ဖိုးငွေကျပ် ၂၄ သိန်းခန့်နှင့် ငွေကျပ် ၁၂ သိန်းခွဲတို့အား လုယက်ယူဆောင်ထွက်ပြေးသွားသဖြင့် ဆရာမကြီး ဒေါ်ဝင်းရီတွင် ဓားဒဏ်ရာများရရှိခဲ့ပြီး ဆရာမဒေါ်အွန်စောတွင် ဓားဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သဖြင့် ပျဉ်းမနားမြို့မ ရဲစခန်း(ပ)၃၅၇/၂၀၂၄၊ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂/၃၉၄ ဖြင့် အမှုရေးဖွင့်၍ ပြစ်မှုကျူးလွန်သူအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့သည်။

### ဖမ်းဆီးရမိ

လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခဲ့ရာ ယနေ့နံနက် ၁၀ နာရီ ၅ မိနစ်တွင် ပျဉ်းမနားမြို့နယ် ဘောဂဝတီရပ်ကွက်ဘောဂသီရိကားဝင်းရှိ နေပြည်တော်မှ ရန်ကုန်သို့ထွက်ခွာမည့် "နေကြယ်မင်း"



ပျဉ်းမနားမြို့နယ်ရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေး သိပ္ပံသင်တန်းကျောင်း၌ ကျောင်းအုပ်ဆရာမကြီးနှင့် အတူနေဆရာမတစ်ဦးအား သတ်ဖြတ်လုယက်မှုကျူးလွန်သူ တရားခံအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

ခရီးသည်တင်ယာဉ်ပေါ်မှ သတ်ဖြတ်လုယက်မှုကျူးလွန်သူ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဇေယျာဝတီမြို့ မြို့မ(၁)ရပ်ကွက်နေ တရားခံ မျိုးမင်းသူ ၁၉ နှစ် (ဘ) ဦးမြင့်နိုင်အား ပြစ်မှုကျူးလွန်ရာမှ လုယက်ယူဆောင်လာသည့် သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ မျိုးမင်းသူအား စစ်ဆေးပေါ်ပေါက်ချက်အရ ၎င်းသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံသင်တန်းကျောင်း၌ ကျောင်းတက်နေသည့် ဒုတိယနှစ်ကျောင်းသားတစ်ဦးဖြစ်ပြီး ငွေကြေးအခက်အခဲများရှိနေခြင်း၊ ကျောင်းအုပ်ဆရာမကြီးက စိုက်ကွင်းများတွင် သင်ခန်းစာလက်တွေ့လုပ်ခိုင်းသည်ကို မကျေနပ်သဖြင့် သတ်ဖြတ်လုယက်ရန် နေအိမ်အတွင်းသို့ဝင်ရောက်ကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းရီနှင့် ဆရာမဒေါ်အွန်စောတို့အား ဓားဖြင့်ထိုးခုတ်၍ နေအိမ်အတွင်းရှိ စိန်တစ်လုံးပါ တစ်မတ်သားလက်စွပ်တစ်ကွင်း၊ ကာလတန်ဖိုး ငွေကျပ် ၂၄ သိန်းခန့်နှင့် ငွေကျပ် ၁၂ သိန်းခွဲတို့အား လုယက်ယူဆောင်ထွက်ပြေးခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် နေအိမ်အတွင်း ဝင်ရောက်၍ ကျောင်းဆရာမနှစ်ဦးအား သတ်ဖြတ်လုယက်မှုကျူးလွန်ခဲ့သူ မျိုးမင်းသူအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒုစရိုက်မှုကိုမလိုလားသည့် တာဝန်သိပြည်သူများ၏ ပူးပေါင်းကူညီမှုဖြင့် အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး တရားခံ မျိုးမင်းသူအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# နောင်တာလောရေလယ်ကျွန်းသဲသောင်ပြင်နှင့် မြစ်ကြီးနားမြို့ ဧရာဝတီမြစ်ကမ်းတစ်လျှောက် သဲသောင်ခုံပေါ်တွင် ဆောင်းသီးနှံများ တိုးချဲ့စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား နိုဝင်ဘာ ၂**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ယနေ့နံနက် ၇ နာရီခွဲက မြစ်ကြီးနားမြို့ ကမ်းနားလမ်းနှင့် ရုံးကြီးလမ်းထောင့် ဧရာဝတီမြစ်ဆိပ်မှ တစ်ဆင့် မီးသတ်ဦးစီးဌာန၏ အမြန်ရေယာဉ်များဖြင့် နောင်တာလောရေလယ်ကျွန်းပေါ်တွင် ဆီထွက်သီးနှံများအပါအဝင် ဆောင်းသီးနှံများ တိုးချဲ့စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းရေးအတွက် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေလယ်ကျွန်းပေါ်၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေကြသော တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က တောင်သူများအား မိမိတို့အစိုးရအဖွဲ့အနေဖြင့် ဒေသတွင်းစားရေရိက္ခာဖူလုံရေးအတွက် သီးနှံစိုက်ဧကစွမ်းအား တိုးမြှင့်လာစေရေးအတွက် ရိုးပြတ်မကျန်၊ မြေနေရာလွတ်မကျန် စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာ ရေလယ်ကျွန်း သဲသောင်ခုံပေါ်တွင် ဆီထွက်သီးနှံနေကြာစိုက်ပျိုးမည်ဖြစ်ကြောင်း၊ ထို့အပြင် တောင်သူများအနေဖြင့် ယခုနှစ်မှ စတင်၍ ဆောင်းသီးနှံစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်အောင် တိုးချဲ့စိုက်ပျိုးနိုင်ရေး လိုအပ်သည်များကို ပွင့်လင်းရင်းနှီးစွာ ဆွေးနွေးကြစေလိုကြောင်း တိုက်တွန်းမှာကြားပြီး တောင်သူများ၏ စိုက်ပျိုးရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်ရရှိရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အဆိုပါသဲသောင်ခုံပေါ်တွင် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် စက်မှုလယ်ယာဦးစီးဌာနက ထယ်ရေးထွန်ယက်ထားသည့် မြေဧရိယာ ၁၁ ဧကကျော်ပေါ်တွင် နေကြာမျိုးစေ့များကို ကြဲပက်စိုက်ပျိုးပေးခဲ့ကြကာ သဲသောင်ခုံတစ်လျှောက် နောင်တာလောကျေးရွာနေပြည်သူများ၏ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ဖရဲ၊ ဖရုံ၊ သခွား၊ ဘူးနှင့် မုန်ညင်း၊ မုန်လာဥ၊ ခရမ်းချဉ်သီး၊ ချဉ်ပေါင်စသည့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လောကမာန်အောင်ဆုတောင်းပြည့်စေတီတော် မြစ်ဆိပ်မှတစ်ဆင့် စီတာပူရပ်ကွက် အင်ဂျန်းချောင်းဆုံနေရာအထိ ဧရာဝတီမြစ် သဲသောင်ခုံဖြစ်ထွန်းမှုအပေါ် အဆိုပါ သဲသောင်ခုံတွင် ပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် စက်မှုလယ်ယာဦးစီးဌာနက လယ်ထွန်စက်များဖြင့် ထွန်ယက်ထားသည့် မြေဧရိယာ ၁၇ ဧကကျော်ပေါ်တွင် ရှစ်ဧကခန့်အား ဆီမုန်ညင်းကြဲပက် စိုက်ပျိုးထားရှိမှု၊ လယ်ထွန်စက်များဖြင့် ထပ်မံထွန်ယက်နေမှုနှင့် စက်ယန္တရားကြီးများဖြင့် မြေညှိခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# (၅၃)ကြိမ်မြောက် တောင်သူနည်းပညာ ဆွေးနွေးပွဲသို့ မကွေးတိုင်းဒေသကြီးမှ တိုင်းတောင်သူ ဖွံ့ဖြိုးရေးအဖွဲ့နှင့် မျိုးစေ့ကုမ္ပဏီကိုယ်စားလှယ်များ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂**

(၅၃)ကြိမ်မြောက် တောင်သူနည်းပညာပေးဆွေးနွေးပွဲကို "မျိုးစေ့ဥပဒေနှင့် မျိုးစေ့ မျိုးပွားသုတေသနများအကြောင်း" ခေါင်းစဉ်ဖြင့် ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သုတေသီများ၊ ပညာရှင်ဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူနည်းပညာပေး ဝန်ထမ်းများ၊ မကွေးတိုင်းဒေသကြီး တောင်သူဖွံ့ဖြိုးရေးအဖွဲ့မှ ကိုယ်စားလှယ်များနှင့် Golden Sunland ၊ Future Green၊ ပြည့်ဝ၊ ရတနာ၊ နှယ်မင်းလတ်မျိုးစေ့ ကုမ္ပဏီများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တောင်သူ ၁၉၉ ဦးတို့က အွန်လိုင်းစနစ်ဖြင့် တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက မိမိတို့အနေဖြင့် ပညာရှင်နှင့် တောင်သူကြား၊ လုပ်ငန်းရှင်နှင့် သုတေသနကြား ကွာဟမှုကိုလျှော့ချပေးနိုင်ရန်အတွက် ယခုကဲ့သို့ တောင်သူနည်းပညာဆွေးနွေးပွဲများကို ကျင်းပပေးခြင်းဖြစ်ကြောင်း၊ မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးစေ့ဥပဒေသည် အရေးကြီးကြောင်း၊ အဆိုပါ မျိုးစေ့ဥပဒေအား ဆက်စပ်ပတ်သက်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်အောင်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မျိုးစေ့လုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်နိုင်ရန်နှင့် ယင်းလုပ်ငန်းကိုစနစ်တကျ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မျိုးစေ့ဥပဒေအား ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း၊ တစ်ဖက်မှလည်း စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ပညာရှင်များအနေဖြင့် မျိုးစေ့မှတ်ပုံတင်သည့်အခါ မျိုးအမည်ပေးစနစ်အား တောင်သူများအကြား ခေါ်ရလွယ်မည့်၊ မှတ်မိလွယ်သည့် မျိုးအမည် ပေးရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစန်းကြည်နှင့်စိုက်ပျိုးရေး သုတေသနဦးစီးဌာန သုတေသနအရာရှိဒေါ်သိန်းသိန်းမော်တို့က စပါးမျိုးစေ့ပွားများ ထုတ်လုပ်ဖြန့်ဖြူးမှုနည်းစနစ်နှင့် မျိုးစေ့လုပ်ငန်းဆောင်ရွက်သူနှင့် ဝယ်ယူသုံးစွဲသူတို့အတွက် မျိုးစေ့ဥပဒေအကြောင်း သိကောင်းစရာများကို ဆွေးနွေးတင်ပြကြပြီး ဆွေးနွေးပွဲတက်ရောက်လာကြသူများ၏ မေးမြန်းချက်များအပေါ် ဖြေကြားဆွေးနွေးခဲ့ကြကာ ဒုတိယဝန်ကြီးက ဆွေးနွေးချက်များအပေါ် ဖြည့်စွက်ဆွေးနွေးခဲ့သည်။



ဆွေးနွေးပွဲအပြီးတွင် မကွေးတိုင်းဒေသကြီး တောင်သူကိုယ်စားလှယ်များနှင့် ပုဂ္ဂလိကမျိုးစေ့ကုမ္ပဏီများမှ ကိုယ်စားလှယ်များသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံ ဗဟိုဌာနတွင် စမ်းသပ်သုတေသနပြု စိုက်ပျိုးထားသည့် စားသုံးမှုကောင်း၍ အထွက်နှုန်းကောင်းမွန်သော မိုးရေသောက်လယ်စပါးများ မျိုးမွေးမြူရွေးချယ်ခြင်း သရုပ်ပြစမ်းသပ်စိုက်ခင်းနှင့် တောင်သူများ ပူးပေါင်းပါဝင်သော သားဆက်လိုင်းများ မွေးမြူရွေးချယ်ခြင်းအတွက် စိုက်ပျိုးထားရှိခြင်းများ၊ ဩဂဲနစ် သုတေသနဗဟိုဌာနအတွင်း ဆောင်ရွက်လျက်ရှိသည့် လေအေးပေး၍ မြေဆွေးစေခြင်း ဆောင်ရွက်နေမှုများကို လေ့လာခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# သမားရိုးကျမွေးမြူရေးမှ ခေတ်မီမွေးမြူရေးစနစ်ဖြင့် တိုးချဲ့မွေးမြူနိုင်ရေး အားပေးဆောင်ရွက်




**နေပြည်တော် နိုဝင်ဘာ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် တောင်ပြင်(၁)ရပ်ကွက်ရှိ မွေးမြူရေးတောင်သူ ဦးလှဝင်းအောင်၏ နို့စားနွားမွေးမြူရေးခြံ၌ ဒေသခံ နို့စားနွားမွေးမြူရေး တောင်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက မွေးမြူရေးကိုအခြေခံသည့် ခေတ်မီကုန်ချောထုတ်လုပ်မှု အားကောင်းလာစေရန် လုပ်ငန်းစဉ်ကွင်းဆက်တစ်လျှောက်တွင် ပါဝင်သူများအားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ တိရစ္ဆာန်အစာစိုက်ပျိုးကျွေးမွေးသည့် မွေးမြူရေးစနစ် ထွန်းကားလာစေရေး ပူးပေါင်းဆောင်ရွက်ကြရန်၊ အသေးစား အငယ်စားနှင့် အလတ်စား မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ ခိုင်မာသောဈေးကွက် ဖော်ဆောင်နိုင်ကြစေရန်၊ သမားရိုးကျ မွေးမြူရေးမှ ခေတ်မီမွေးမြူရေးစနစ်သို့ ကူးပြောင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားကာ နို့စားနွားမွေးမြူထားရှိမှု၊ နို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်နေမှု၊ သီးနှံဆွတ်ခူး ရိတ်သိမ်းပြီး ဘေးထွက် ကုန်ကြမ်းများဖြင့် မွေးမြူရေးအစာ ထုတ်လုပ်နေမှုများကို ကြည့်ရှုအားပေးသည်။

အလားတူ အောင်လံမြို့နယ် ဇေယျာဝတီရပ်ကွက်ရှိ ပုဂ္ဂလိက နို့စားနွား မွေးမြူရေးခြံများနှင့် ခေတ်သစ် ဒိန်ချဉ်လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ အကြံပြု ဆွေးနွေးမှာကြားကာ စိုက်ပျိုးရေးဦးစီးဌာန ဝါကြိတ်စက်ရုံ(အောင်လံ)သို့ ရောက်ရှိပြီး ဝါကြိတ်စက်များ ထိန်းသိမ်းထားရှိမှုနှင့် စက်များ၏ကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အောင်လံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောင်လံခရိုင် နို့စားနွားမွေးမြူရေးနှင့် ဥစားကြက်မွေးမြူရေး တောင်သူများနှင့်တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် နိုင်ငံတော်အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှု၊ ဈေးကွက်နှင့် ကိုက်ညီသော အရည်အသွေးပြည့်ထုတ်ကုန်များ ပိုမိုတိုးတက် ထုတ်လုပ်နိုင်စေရေး အတွက် ဝန်ကြီးဌာနကကူညီပံ့ပိုး ဆောင်ရွက် ပေးနေမှုများကို ရှင်းလင်းပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာသူများ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပုသိမ်တက္ကသိုလ်၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနား ကျင်းပ



ပုသိမ် နိုဝင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့သည် ပုသိမ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ပြုလုပ်သည့် ၂၀၂၄ ပညာသင်နှစ် ပုသိမ်တက္ကသိုလ်(အဝေးသင် သင်တန်း) တတိယအသုတ်(ဝိဇ္ဇာ) (၂၀၂၃)အောင် ပထမနှစ် ကျောင်းသား ကျောင်းသူများ မောင်မယ်သစ်လွင် ကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားပြီး ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

**ပြောကြား**

ထို့နောက် ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ်က ပညာရေးဝန်ကြီးဌာန၏ ပညာရေးကဏ္ဍအတွက် ဆောင်ရွက်ထားရှိမှုများနှင့် မောင်မယ်သစ်လွင်များအား ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်တက္ကသိုလ်အားကစားကွင်း၌ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်နေသည့် ဘောလုံးအားကစားအဖွဲ့၏ စခန်းသွင်းလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး စည်းစနစ်တကျ ဆောင်ရွက်ရေး၊ လေ့ကျင့်မှုမပျက် ဆောင်ရွက်ရေးနှင့် ကျန်းမာကြံ့ခိုင်မှုရှိရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် တောင်ကြီးမြို့၌ စနေနေ့တိုင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် စူဠာမုနိလောကချမ်းသာဘုရား ဘက်စုံမွမ်းမံပြုပြင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



တောင်ကြီး နိုဝင်ဘာ ၂

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ယနေ့နံနက် ၈ နာရီက အိမ်တော်နှင့် တောင်ကြီးဟိုတယ်ရှေ့ရှိ အများပြည်သူ အပန်းဖြေသည့်နေရာ၌ ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ကွင်းဆင်းကြည့်ရှုအားပေးကြသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာ ဘုရားအတက်လမ်းဘေးရှိ အများပြည်သူ အပန်းဖြေလေ့ကျင့်ခန်းဆောင်ရွက်သည့်နေရာ၊ စူဠာမုနိဘုရားအတွင်း၊ အပြင် ဘက်စုံမွမ်းမံပြုပြင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဝန်ကြီးချုပ်က မကြာမီ ၂၀၂၄ ခုနှစ် တောင်ကြီး တန်ဆောင်တိုင်ပွဲတော် ကျင်းပမည်ဖြစ်၍ ပွဲတော်အမီ ပြီးစီးနိုင်ရန်နှင့် ဘုရားအပြင်ဘက်ရှိ အုတ်တံတိုင်းနံရံ အဖြူရောင်အောက်ခြေအား ညစ်ပေခြင်းမရှိစေရန် အညိုရောင်ကာတင်ဆေးသုတ် ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ပြီး မသိုးသကၤန်းရက်လုပ်ပြိုင်ပွဲ ဆောင်ရွက်မည့်နေရာအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၂၄ ခုနှစ် တောင်ကြီး တန်ဆောင်တိုင်ပွဲတော်ကျင်းပမည့် အဝေရာ မီးပုံးပျံကွင်းအား သက်ဆိုင်ရာဌာနများမှ ပြုပြင်ဆောင်ရွက်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ဇေယျာသီရိမြို့နယ် ပြည်စံအောင်ရပ်ကွက်အပါအဝင် ဒေသခံများအား စားအုန်းဆီများ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

ဇေယျာသီရိ နိုဝင်ဘာ ၂

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ပြည်စံအောင်ရပ်ကွက်အပါအဝင် ဒေသခံများအား ကုန်ဈေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းအဖွဲ့၏ ကြီးကြပ်မှုဖြင့် စားအုန်းဆီများကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ရောင်းချမှုကို အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ နေပြည်တော် ရည်ညွှန်းဈေးဖြစ်သည့် စားအုန်းဆီတစ်ပိဿာလျှင် ၆၈၃၅ ကျပ်ဖြင့် ဒေသခံပြည်သူများအား လမင်းဆီစက်နှင့် စာအုန်းဆီကိုယ်စားလှယ် ဦးအောင်မိုးခိုင်က အိမ်ထောင်စုအလိုက် စားအုန်းဆီဝယ်ယူခွင့်စာအုပ်များ ထုတ်ပေးကာ စနစ်တကျ ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

ဇေယျာသီရိမြို့နယ်၌ ပြည်စံအောင်ရပ်ကွက်အပါအဝင် ဒေသခံပြည်သူများအားလက်ရှိအချိန်တွင် စားအုန်းဆီဝယ်ယူခွင့်စာအုပ်ပေါင်း ၄၄၀၀ ကျော် ထုတ်ပေးထားပြီး ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် စားသုံးဆီပြတ်လပ်မှုမရှိစေရေး စသည့်ရည်ရွယ်ချက်များဖြင့် ရောင်းချပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**ငွေကြယ်**



## MNL ပွဲစဉ်(၁၃)တွင် ဒုတိယနေရာမှ ဟံသာဝတီနှင့် တတိယနေရာမှ ရန်ကုန် ထိပ်တိုက်တွေ့ဆုံ

ရန်ကုန် နိုဝင်ဘာ ၂

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၃)ကို နိုဝင်ဘာ ၃ ရက်မှ ၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အမှတ်ပေးဇယား ဒုတိယနေရာမှ ဟံသာဝတီယူနိုက်တက်အသင်းနှင့် တတိယနေရာမှ ရန်ကုန်ယူနိုက်တက်အသင်းတို့ ထိပ်တိုက်တွေ့ဆုံနေသည်။

MNL အမှတ်ပေးပြိုင်ပွဲကို ရှမ်းယူနိုက်တက်အသင်း၏ AFC Challenge Cup ပြိုင်ပွဲကြောင့် တစ်ပတ်ရပ်နားခဲ့ပြီး ပြန်လည်ကျင်းပခြင်းဖြစ်သည်။ ပွဲစဉ်(၁၃)အဖြစ် နိုဝင်ဘာ ၃ ရက်တွင် သုဝဏ္ဏကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ နိုဝင်ဘာ ၄ ရက်တွင် သုဝဏ္ဏကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း၊ YUSC ကွင်း၌ မြဝတီအသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်း၊ နိုဝင်ဘာ ၅ ရက်တွင် သုဝဏ္ဏကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း၊ နိုဝင်ဘာ ၆ ရက်တွင် သုဝဏ္ဏကွင်း၌ ရတနာပုံအသင်းနှင့် သစ္စာအားမာန်အသင်း၊ နိုဝင်ဘာ ၇ ရက်တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် Dagon Port အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အမှတ်ပေးဇယားထိပ်ဆုံးတွင် ဦးဆောင်နေသည့် ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်း၌ကစားရမည်ဖြစ်ပြီး ဒုတိယနေရာမှ ဟံသာဝတီနှင့် တတိယနေရာမှ ရန်ကုန်အသင်းတို့ ထိပ်တိုက်တွေ့ဆုံမည့်ပွဲတွင် အနိုင်ရရှိသည့်အသင်းက ရှမ်းယူနိုက်တက်ကို ဆက်လက်ဖိအားပေးနိုင်မည်ဖြစ်ကာ သရေကျပါက အမှတ်ပိုပြတ်သွားနိုင်သည်။

ပွဲစဉ်(၁၂)အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၃၄ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး ဟံသာဝတီယူနိုက်တက်အသင်းက ၃၁ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၂၀ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၂၆ မှတ်၊ ရတနာပုံအသင်းက ၁၈ မှတ်၊ အား/ကာသိပ္ပံအသင်းက ၁၇ မှတ်၊ မဟာယူနိုက်တက်အသင်းက ၁၆ မှတ်၊ Dagon Port အသင်းက ၁၂ မှတ်၊ သစ္စာအားမာန်အသင်းက ၁၀ မှတ်၊ ဧရာဝတီယူနိုက်တက်အသင်းက ငါးမှတ်၊ မြဝတီအသင်းက လေးမှတ်၊ ရခိုင်ယူနိုက်တက်အသင်းက နှစ်မှတ် ရရှိထားသည်။

**ကိုညီလေး**

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့


## စာအုပ်စာပေ လှူ့မိတ်ဆွေ

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၁၁)ရပ်ကွက်၊ လမ်းသစ်အိမ်ရာ၊ Tower(A)၊ (၁၆)ထပ်၊ အခန်းအမှတ်(၁၆၀၄)၊ အခန်းအကျယ်အဝန်း(၈၀၅စတုရန်းပေ)ရှိ ကွန်ဒိုတိုက်ခန်း[ယခင်တိုက်အမှတ်(၈)၊ အခန်းအမှတ်(၁၄)၊ လမ်းသစ်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့]ရှိ ကွန်ဒိုတိုက်ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ဦးဝင်းမြင့်[၁၀/ဘလန(နိုင်) ၀၆၅၉၇၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် တစ်စိတ်တစ်ဒေသငွေပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများသည် ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောမူရင်းစာချုပ်စာတမ်း၊ မူရင်းစာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်စန်းစန်းဝင်း (တရားလွှတ်တော်ရှေ့နေ)(စဉ် -၂၁၇၂ )**
**B.A (LAW) LL.B (Advocate), D.B.L, D.M.L,**
**D.I.L, D.A.Psy. WIPO, DL (101), (201),(317)Switzerland(Geneva).**
**အမှတ်(၂၀၉/ဃ) ဘူတာရုံလမ်း၊ ကန်ဘဲ့၊ (၁၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်း၊ စုပေါင်းအဆောက်အအုံ၊ တိုက်အမှတ်(၄၉)၊ အခန်းအမှတ်(၁၁၀၁)၊ အထပ်(ကေဒဿမ)၊ ရေိယာ(၂၅ပေx၅၀ပေ)၊ (၁၂၅၀စတုရန်းပေ)ရှိ ကွန်ဒိုတိုက်ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလအမည်ပေါက် ဦးထိန်လင်း(PRE-၁၄၁၄၅၂)[၁၂/ဒပန(နိုင်)၀၃၀၈၈၂]၏ SPအမှတ်(၃၈၀၃/၂၀၁၈) အရလွှဲအပ်ခံရသူ တရားဝင်ကိုယ်စားလှယ် ဦးတင်မောင်သန်း[၁၂/ဥကတ(နိုင်)၁၃၁၅၅၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် တစ်စိတ်တစ်ဒေသ ငွေပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများသည် ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောမူရင်းစာချုပ်စာတမ်း၊ မူရင်းစာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်စန်းစန်းဝင်း (တရားလွှတ်တော်ရှေ့နေ)(စဉ် -၂၁၇၂ )**
**B.A (LAW) LL.B (Advocate), D.B.L, D.M.L,**
**D.I.L, D.A.Psy. WIPO, DL (101), (201),(317)Switzerland(Geneva).**
**အမှတ်(၂၀၉/ဃ) ဘူတာရုံလမ်း၊ ကန်ဘဲ့၊ (၁၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း၊ ပူတာအို၊ လှိုင်ကော်၊ ဘားအံ၊ ဟားခါး၊ တီးတိန်၊ မော်လမြိုင်၊ သံတွဲ၊ တောင်ကြီး၊ အင်းစိန်၊ ရွှေပြည်သာ၊ သန်လျင်၊ ကျောက်ပန်းတောင်း၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ မြင်းခြံ၊ မိတ္ထီလာ၊ ရမည်းသင်း၊ ကန့်ဘလူ၊ ခန္တီး၊ ချောက်၊ ရေနံချောင်း၊ သရက်၊ မကွေး၊ လက်ပံတန်း၊ တောင်ငူ၊ ပဲခူး၊ ဝါးခယ်မ၊ လပွတ္တာ၊ ကျိုက်လတ်၊ ထားဝယ်၊ နေပြည်တော်နှင့် ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း (Japan-Myanmar Aung San Vocational Training Institute) စုစုပေါင်း (၃၃)ကျောင်းတို့တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်သင်တန်းသားများကို ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-
- (က) နည်းပညာနှင့် သက်မွေးပညာလုပ်ငန်းသဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းနှင့် စက်ရုံ/ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။
- (ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ ဘာသာတွဲများပါဝင်သော မည်သည့်ဘာသာတွဲများဖြင့် အောင်မြင်သည်ဖြစ်စေ လျှောက်ထားနိုင်သည်။
- (ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင်ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့် သင်္ချာ စုစုပေါင်းရမှတ်အပေါ်မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ အစိုးရစက်မှုလက်မှုသိပ္ပံများအလိုက် ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-
- (က) မြို့ပြအင်ဂျင်နီယာ [အပိုဒ်(၁)ပါ ကျောင်းပေါင်း(၃၁)၊ ပြင်ဦးလွင်နှင့် ဂျပန်-မြန်မာအောင်ဆန်း သက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ]
- (ခ) အီလက်ထရောနစ်အင်ဂျင်နီယာ [အပိုဒ်(၁) ပါ ကျောင်းပေါင်း(၂၂)၊ ပူတာအို၊ ဘားအံ၊ တီးတိန်၊ သံတွဲ၊ တောင်ကြီး၊ သန်လျင်၊ မိတ္ထီလာ၊ ရမည်းသင်း၊ ပဲခူး၊ ထားဝယ်နှင့် ဂျပန်-မြန်မာအောင်ဆန်း သက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ]
- (ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ[အပိုဒ်(၁)ပါကျောင်းပေါင်း(၃၂)၊ ဂျပန်-မြန်မာအောင်ဆန်း သက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ]
- (ဃ) စက်မှုအင်ဂျင်နီယာ [အပိုဒ်(၁) ပါ ကျောင်းပေါင်း(၃၂)၊ ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း မပါဝင်ပါ)]
- (င) သုတနည်းပညာ [အစိုးရစက်မှုလက်မှုသိပ္ပံ (မိုးညှင်း၊ မြင်းခြံ၊ ကျောက်ဆည်၊ ပြင်ဦးလွင်၊ မကွေး၊ အင်းစိန်၊ နေပြည်တော်၊ ကန့်ဘလူ၊ မော်လမြိုင်)]
- (စ) စက်မှုလုပ်ငန်းအင်ဂျင်နီယာ [အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်၊ ပြင်ဦးလွင်)]
- (ဆ) စက်မှုလယ်ယာနည်းပညာ [အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်၊ ဝါးခယ်မ၊ ကျိုက်လတ်)]
- (ဇ) မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းမှုနည်းပညာ [အစိုးရစက်မှုလက်မှုသိပ္ပံ (ပြင်ဦးလွင်၊ ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း)]
- (ဈ) စက်မှုလုပ်ငန်းဆိုင်ရာ လျှပ်စစ်အင်ဂျင်နီယာ (ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်တန်းကျောင်း)

၄။ သင်တန်းကာလမှာ(၃)နှစ်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက ဒီပလိုမာလက်မှတ်ပေးအပ်မည်ဖြစ်သည်။ A.G.T.I (၃)နှစ်သင်တန်းများတွင် သတ်မှတ်အရည်အချင်းပြည့်မီပါက B.Tech နှင့် BE သင်တန်းများသို့ ပေါင်းကူးတက်ရောက်နိုင်ရေး လျှောက်ထားနိုင်သည်။

၅။ ဝင်ခွင့်လျှောက်လွှာများကို အစိုးရစက်မှုလက်မှုသိပ္ပံများ၌ ၁-၁၁-၂၀၂၄ ရက်တွင် စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၂၀-၁၁-၂၀၂၄ ရက် နောက်ဆုံးထား၍ မိမိတို့တက်ရောက်လိုသည့်ကျောင်းသို့ ပြန်လည်တင်သွင်းရမည်။

၆။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-
- (က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။
- (ခ) ကျန်းမာရေးကောင်းမွန်ကြောင်းထောက်ခံစာကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ထောက်ခံစာမူရင်း။
- (ဂ) သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် အမှတ်စာရင်း(မူရင်း)။
- (ဃ) လျှောက်ထားသူ၏အမည်ပါရှိသော အိမ်ထောင်စုစာရင်းဇယား (မိတ္တူ)။
- (င) ကျောင်းသား၊ ကျောင်းသူများ နေထိုင်ရာဒေသ သက်ဆိုင်ရာနယ်မြေရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာမူရင်း။
- (စ) ပတ်စပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အပိုဒ်(၁)ပါ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းများသို့ ဆက်သွယ်မေးမြန်းနိုင်သည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

---

## ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၉)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၀(က+ခ)၊ မြေကွက်အမှတ်(၄၅)၊ အကျယ်အဝန်း(၂၅ ပေ x ၅၀ ပေ)ရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၃)ထပ်ခွဲတိုက်၊ တိုက်အမှတ်(၂)၊ ဒုတိယထပ်(၃-လွှာ) (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂ ပေခွဲ x ၅၀ ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုလက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ရီရီဝင်းလှိုင် [၁၂/လမန(နိုင်)၀၀၈၁၇၂]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်သီတာမမ (LL.B, D.M.L,D.I.L)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၂၆)**
**ဒေါ်ခင်မျိုးလတ် (LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၇၅)**
**အမှတ်(၄၄)၊ ပ-ထပ်၊ အခန်း (၁၀)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၂၅၇၃၊ ၀၉-၂၅၄၁၃၀၀၇၄**

---


## ဆေးပဒေသာပင်လှူဒါန်းနိုင်

သာကေတမြို့နယ်၊ အောင်စကြာပရမေတ္တာစက္ခုဒါနဆေးရုံကြီး၌ အောင်စကြာဆရာတော် ဦးဆောင်၍ လူမျိုးဘာသာ ဆင်းရဲချမ်းသာမရွေး မျက်စိအခမဲ့ ခွဲစိတ်ကုသပေးလျက်ရှိရာ မိမိတို့၏ အသက်ရှည်ရာ အနာကင်းကြောင်း ကောင်းမှုဖြစ်သော (ဆေးပဒေသာပင်)တစ်ပင်လျှင် ကျပ်တစ်သိန်းဖြင့် ဆရာတော်နှင့်အတူ ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။ ဖုန်း-၀၉-၅၁၄၇၃၈၂၊ ၀၁-၅၄၇၀၂၈


---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ကျွန်းတောလမ်း၊ တိုက်အမှတ်(၁၄)၊ ပထမထပ်(A)ဘက်ခန်း၊ ခန့်မှန်းခြေ အကျယ်(၁၅x ၅၅)ပေရှိ တိုက်ခန်းကို ယခုလက်ရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်နီလာရွှေ [၁၂/စခန(နိုင်)၀၂၅၀၃၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်ထွန်း [၁၂/စခန(နိုင်)၀၀၄၈၉၆]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကိုပေးချေပြီးဖြစ်ရာ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး အမွေစား၊ အမွေခံမှစ၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ယခုကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေမီလှိုင်( LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၉၁)**
**အမှတ်(၁၈၇)၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်။**
**ဖုန်း-၀၉-၄၂၀၀၉၄၆၃၊ ၀၉-၇၉၈၄၀၆၃၇၇**

---

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၈)၊ ကျန်စစ်သား(၂) လမ်း၊ မြေကွက်အမှတ်(၁၈၃)ဟု ခေါ်တွင်သော ဦးကျော်လွင် (TKA -၀၂၄၀၈၅) အမည်ပေါက် (ပါမစ်မြေ)အမျိုးအစား အကျယ်အဝန်း(အလျား ၄၀ပေ xအနံ၆၀ပေ)ရှိမြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော ထောင့်ဘက်အခြမ်း(အလျား၂၀ပေ x အနံ၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးထွန်းစိုး [၁၁/မပတ(နိုင်)၀၈၉၃၈၃]နှင့် ဒေါ်လှလှမြိုင်[၁၁/ကဖန(နိုင်)၀၆၆၉၆၅]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးစံသိန်း[၁၁/ကဖန(နိုင်)၀၃၁၈၀၀]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ်(ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား (မူရင်းများ)ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးစံသိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်အေးသူဇာဦး (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၇၀)**
**အမှတ်(၉၀၂/ခ)၊ မာလာမြိုင်(၂)လမ်း၊ (၁၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၆၁၉၈၄၀၀၈**

---

## (၂၅-၉-၂၀၂၄) နေ့ထုတ် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ-၂၀ပါ ဒေါ်စောစန္ဒာ [၁၂/အစန(နိုင်) ၀၂၈၇၉၁]၏ ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးဝဏ္ဏဇော်၊ ဒေါ်စိုးစိုးနွယ်၊ ဒေါ်အေးမွန်သိန်း အထက်တန်းရှေ့နေ ဦးမင်းမင်း၊ ဦးဇာနည်အောင်၊ ဒေါ်နွေးနွေးအိ တို့ ကြေညာထားသော အများသိစေရန် သတိပေးကြေညာခြင်းအား ဖြစ်ရပ်မှန်အတိုင်း ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးလေးလွင် [၁၂/လမတ (နိုင်) ၀၂၄၁၂၉]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာပါသည်-

ကြေညာချက်ပါ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဌေးတောက်အိုင်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်(၉၃၇-စီ)၊ ကွင်း/အကွက် အမည်-ထောက်ကျန့်ကုန်း၊ ဦးပိုင်အမှတ်(၁) (၇. ၆၃)ကေနှင့်တကွ ယင်းမြေနှင့်ဆက်စပ်လျက်ရှိသော (နှစ်ရှည်ပင်စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့်ကုန်းမြေဧရိယာ(၃. ၀)ကေခန့် အပါဝင် စုစုပေါင်း(၁၀.၁၂)ကေ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မူလပိုင်ရှင်ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူ၍ ယနေ့တိုင်လက်ရှိထား အကျိုးခံစားပိုင်ခွင့်ရရှိထားသူဖြစ်သည်ဟု ဖော်ပြသော်လည်း မူလပိုင်ရှင်၏အမည်ကို ဖော်ပြထားခြင်းမရှိပါ။ ကြေညာချက်တွင် ချန်လှပ်ထားပါသည်။

အဆိုပါမြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများ ဒေါ်စောစန္ဒာ၏ လက်ဝယ်တွင်ရရှိထားသူဟု ဖော်ပြထားရာ မြေ၏အမျိုးအစားဖော်ပြထားခြင်းမရှိပါ။ (၇. ၆၃)ကေအကျယ်မြေကွက်သည်လယ်ယာမြေပုံစံ(၇)၊ မြေစာရင်းပုံစံ-၁၀၅ ရရှိထားသော မြေအမျိုးအစားဖြစ်ပါသည်။ လယ်ယာမြေပုံစံ(၇)မူရင်းစာရွက်သည် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးလေးလွင်၏ လက်ဝယ်၌ လွန်ခဲ့သော ၂၀၁၈ ခုနှစ်ကတည်းက ယနေ့တိုင်ရရှိထားပြီး မူရင်းကို ဒေါ်စောစန္ဒာ၏ လက်ဝယ်တွင်ရှိသည်ဟု မမှန်မကန် ကြေညာနေခြင်းဖြစ်ပါသည်။ နောက်နောင် မိမိ၏လက်ဝယ်၌ မူရင်းမရှိပါဘဲ ကြေညာခြင်းမပြုရန် ကန့်ကွက်တားမြစ်ပါသည်။ ဤကြေညာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း လယ်ယာမြေ (၇. ၆၃)ကေ၏ မူရင်းလက်ဝယ်ရှိသူ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးလေးလွင်နှင့် လာရောက်တွေ့ဆုံဖြေရှင်းရန်အတွက် ဖြစ်ရပ်မှန်အတိုင်း ရှင်းလင်းကြေညာပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးလေးလွင်** | **ဦးမောင်ကြီး(စဉ်-၁၇၇၇)** |
| **[၁၂/လမတ(နိုင်)၀၂၄၁၂၉]** | **တရားလွှတ်တော်ရှေ့နေ** |

**ဦးရွှေ (စဉ်-၅၅၉၃၈)** — **ဦးဝင်းမောင် (စဉ်-၅၀၄၅၈)**
**အထက်တန်းရှေ့နေများ**
**ဖုန်း-၀၉-၃၁၁၁၅၇၁၉**

---




---

## "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၃၊ မြေကွက်အမှတ်-၈၆၆၊** အကျယ်(၄၀ပေx၆၀ပေ)ရှိ **ဦးခင်မောင်ဦး** အမည်ပေါက် ပါမစ်မြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်(၂၀ပေx၆၀ပေ)ရှိ ခေါင်းရင်းခြမ်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အဆင့်ဆင့်သော အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုရှိသူ **ဦးအောင်ထွန်းမင်း [၁၂/သကတ(နိုင်)၁၄၁၃၈၃]**က ရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်မာစီလင်း [၄/မတပ(နိုင်) ၀၄၃၆၄၂]**က ဝယ်ယူရန်သဘောတူ၍ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဟန်နီငိုင်ဆာန့်** | **ဦးငိုင်ဆာန့်** |
| **အထက်တန်းရှေ့နေ(စဉ်-၅၁၄၇၀)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၂၂)** |

**အခန်း-၁၀၄(စီ)၊ ပထမထပ်၊ တိုက်-၁၀/၁၂၊ (၃၅)လမ်းတို၊ ကျောက်တံတားမြို့နယ်။ ဖုန်း-၀၉-၅၁၆၀၇၈၄**

---

## ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်ရှိ ရန်ကုန်မြို့သစ်စီမံကိန်း၊ ယာယီမြေပေးမိန့်အမှတ် (၅၄၅၀/၂၀၂၀)အရ ပြန်လည်နေရာချထားသည့်အုပ်စု (RA)(RA-2)၊ အကွက်အမှတ် (တ-၀၆)၊ မြေကွက်အမှတ် (၁၁၁၆/၂)၊ ဧရိယာ(၁၀၀' x ၁၀၀')ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်ညိမ်း [၁၂/တတန(နိုင်)၀၉၇၇၂၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထားစာရွက်စာတမ်းမူရင်းများ ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံဆက်သွယ်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ငြိမ်းငြိမ်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၁၁)**
**အမှတ်- ၁၅၊ ရတနာလမ်း၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၄၂၂၉၆**

---

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ ဗန္ဓုလလမ်း၊ မြေကွက်အမှတ်(၁၆၃)၏ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်အမျိုးအစား၏ စတုတ္ထထပ်၊ (၅)လွှာ၊ တိုက်မျက်နှာမူလျှင်(ညာ)ဘက်ခြမ်း၊ အကျယ်အဝန်း(၁၉x ၅၄)ပေရှိ လူနေတိုက်ခန်းအား တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူများဖြစ်သော ဦးအောင်စည်သူ [၁၂/ဒဂဆ(နိုင်)၀၅၅၃၉၇] နှင့် ဒေါ်ဇင်မေတင် [၁၂/ဗဟန(နိုင်)၀၀၀၃၉၅]တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြု လုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B, D.I.L)** | **(LL.B, D.B.L, D.I.L, WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

---

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ သထုံမြို့၊ အ.ထ.က(ကြာပန်း) ကျောင်း Grade-9(A)တွင်ပညာသင်ကြားနေသော မသီတာခိုင်၏ ဖခင်အမည်မှန်မှာ ဦးမောင်ကျော်ကျော် [၁၀/သထန(နိုင်)၁၇၂၈၅၈] ဖြစ်ပါကြောင်း။ **ဦးမောင်ကျော်ကျော် [၁၀/သထန(နိုင်)၁၇၂၈၅၈]**

---

## မူးယစ်ကိုပစ်
## ပန်းတိုင်သစ်
## စိတ်သစ်
## လူသစ်
## ဘဝသစ်

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-4E၊ မြေကွက်အမှတ်-၄၂၊ အိမ်အမှတ်(၁၀)၊ နတ်စင်လမ်း၊ ၆-ထပ်တိုက် အဆောက်အအုံ၏ မြေညီထပ် (ခေါင်းရင်းခန်း)၊ (အလျား ၁၂ ၁/၂ x အနံ ၄၈)ပေ ရှိ တိုက်ခန်းအား တရားဝင်ပိုင်ဆိုင်သူ ကန်ထရိုက်တာ ဦးခင်မောင်ထွေး ထံမှ ဒေါ်ဝင်းမော်(ခ)ထင်ထင် [၉/ခမစ(နိုင်)၀၁၂၆၅၃] ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူခဲ့ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးထက်အောင် [၃/ကကရ(နိုင်) ၁၅၈၄၆၉]နှင့် ဒေါ်မို့မို့စိုး[၇/တငန(နိုင်)၁၄၇၂၃၇]တို့မှ အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီသဖြင့် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုသည်ရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိခဲ့ပါက ဤတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သန်းသန်းဝင်း (LLB, PGDCA)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၈၂၀)**
**အမှတ်(၄၂၂)၊ ယာဉ်ငယ်(၂)လမ်း၊ (၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၁၈၈၆၄၂**

## အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)
## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့်
## အချိန်ပိုင်းအနုပညာဒီပလိုမာသင်တန်း
## ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် အချိန်ပိုင်းအနုပညာ ဒီပလိုမာသင်တန်းများ စတင်ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါအတိုင်း လျှောက်ထားနိုင်သည်-

(က) **ပညာအရည်အချင်းသတ်မှတ်ချက်**
အခြေခံပညာအထက်တန်း Grade 12 (သို့မဟုတ်) ဒသမတန်းတက်ရောက်ခဲ့သူဖြစ်ရမည်။

(ခ) **သင်ကြားမည့်ဘာသာရပ်များ**
- (၁) ဂီတပညာဌာန - စောင်း၊ ပတ္တလား၊ စန္ဒရား၊ တယော၊ အဆို
- (၂) သဘင်ပညာဌာန - မြန်မာ့ရိုးရာရုပ်သေးပညာ၊ မြန်မာ့ရိုးရာအကပညာ
- (၃) ပန်းချီပညာဌာန - အခြေခံပန်းချီပညာ၊ရေးဆေးပန်းချီရေးဆွဲနည်း၊ဆီဆေးပန်းချီရေးဆွဲနည်း
- (၄) ပန်းပုပညာဌာန - အခြေခံပန်းပုပညာ၊ မြန်မာ့ရိုးရာပန်းပု၊ ပန်းပုပုံဖော်နည်းပညာ
- (၅) ရုပ်ရှင်နှင့်ပြဇာတ်ပညာဌာန - ဓာတ်ပုံပညာ
- (၆) ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုပညာဌာန - ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုပညာ

(ဂ) **သင်တန်းကာလ** - Level (၁)ခုလျှင် (၃)လ၊ စုစုပေါင်း (၉)လ
- (၁) Level (I) - ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ တတိယပတ်မှ၂၀၂၅ ခုနှစ်၊ဖေဖော်ဝါရီလ တတိယပတ်အထိ
- (၂) Level (II) - ၂၀၂၅ ခုနှစ်၊ မတ်လ၊ မေလ မှ ဇွန်လ အထိ
- (၃) Level (III) - ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ မှ စက်တင်ဘာလ အထိ

(ဃ) **သင်ကြားချိန်**
- Level- I Section-I (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) - နံနက်(၀၇:၀၀)နာရီမှ (၀၉:၀၀)နာရီ
- Level- I Section- II(စနေ၊ တနင်္ဂနွေ) - နံနက် (၀၉ :၀၀)နာရီမှ (၁၂:၀၀)နာရီ
- Level- II (စနေ၊ တနင်္ဂနွေ) - နံနက် (၀၉ :၀၀)နာရီမှ (၁၂:၀၀)နာရီ

(င) **သင်တန်းသားဦးရေ**
- (၁) ဂီတ၊ သဘင်၊ ပန်းချီ၊ ရုပ်ရှင်နှင့်ပြဇာတ်၊ ယဉ်ကျေးမှုအမွေအနှစ်စီမံခန့်ခွဲမှုပညာဌာန - ဘာသာရပ်တစ်ခုလျှင် ၅၀ ဦး
- (၂) ပန်းပုပညာဌာန - ၂၀ ဦး

(စ) **သင်တန်းကြေး**
- (၁) Level (I) - ၂၀၀၀၀၀ိ/- (နှစ်သိန်းကျပ်တိတိ)
- (၂) Level (II) - ၂၅၀၀၀၀ိ/- (နှစ်သိန်းငါးသောင်းကျပ်တိတိ)
- (၃) Level (III) - ၃၀၀၀၀၀ိ/- (သုံးသိန်းကျပ်တိတိ)

(ဆ) **ပေးအပ်မည့်ဒီပလိုမာလက်မှတ်**
- (၁) အချိန်ပိုင်းအနုပညာဒီပလိုမာ(ဂီတ)/ (သဘင်) (ပန်းချီ)/ (ပန်းပု)/ (ဓာတ်ပုံ) - Part Time Diploma in Arts (Music)/(Dramatic Arts)/ (Painting)/ (Sculpture)/ (Cinematography)
- (၂) အချိန်ပိုင်းဒီပလိုမာ(ယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲမှု) - Part Time Diploma in Cultural Heritage Management

(ဇ) **လျှောက်လွှာပုံစံရယူခြင်းနှင့် တင်သွင်းခြင်း** - အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၊ သင်တန်းရေးရာဌာန၌ လျှောက်လွှာပုံစံများကို ၄- ၁၁ - ၂၀၂၄ ရက်နေ့မှ စတင်ရယူလျှောက်ထားနိုင်ပြီး ၁၃-၁၁-၂၀၂၄ ရက်နေ့နောက်ဆုံးထား လျှောက်ထားရမည်။ လျှောက်လွှာနှင့်အတူ အခြေခံပညာအထက်တန်းGrade - 12 (သို့မဟုတ်) ဒသမတန်း တက်ရောက်ခဲ့ကြောင်း (သို့မဟုတ်) အောင်မြင်ကြောင်း ထောက်ခံချက်မိတ္တူ၊ ပတ်စပို့အရွယ် ဓာတ်ပုံ (၅)ပုံတို့နှင့်အတူ ပူးတွဲလျက် လျှောက်ထားရမည်။

(ဈ) **လူတွေ့စစ်ဆေးမည့်ရက်** - ၁၄-၁၁-၂၀၂၄ရက်နေ့၊ နံနက် ၁၀:၀၀နာရီ၊ စွယ်တော်ဆောင်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)

(ည) **ဝင်ခွင့်ကြေညာမည့်ရက်** - ၁၉-၁၁-၂၀၂၄ ရက်နေ့

(ဋ) **သင်တန်းဖွင့်လှစ်ခြင်း** - ၂၁ - ၁၁ - ၂၀၂၄ ရက်နေ့၌ စတင်ဖွင့်လှစ်မည်ဖြစ်သည်။

၂။ ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်တွင် Level - I သင်တန်းပြီးမြောက်ကြောင်းလက်မှတ်ရရှိခဲ့သည့် သင်တန်းသားများအနေဖြင့် Level - II ကို စနေ၊ တနင်္ဂနွေ နံနက် (၀၉ :၀၀)နာရီမှ (၁၂:၀၀)နာရီ တန်းခွဲတွင် ဆက်လက်တက်ရောက်နိုင်ပါသည်။

၃။ Levelတစ်ခုပြီးမြောက်ပါကသင်တန်းပြီးမြောက်ကြောင်းလက်မှတ်ပေးအပ်မည်ဖြစ်ပါသည်။ Level သုံးခုလုံးပြီးမြောက်သူသည် အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ပါက ဒီပလိုမာလက်မှတ် အပ်နှင်းမည်ဖြစ်ပါသည်။

၄။ သင်တန်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက သင်တန်းရေးရာဌာန ဖုန်း၊ ၀၉-၄၂၁၀၁၂၈၀၈၊ ၀၉-၇၈၈၁၈၉၁၈၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး(သင်တန်းရေးရာ)**
**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)**

---

## အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)
## လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့်
## အချိန်ပိုင်းအနုပညာကွန်ပျူတာဒီပလိုမာသင်တန်း
## ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၌ အချိန်ပိုင်း အနုပညာကွန်ပျူတာဒီပလိုမာသင်တန်း ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါအတိုင်း လျှောက်ထားနိုင်ပါသည် -

(က) **ပညာအရည်အချင်းသတ်မှတ်ချက်**
အခြေခံပညာအထက်တန်းGrade - 12 (သို့မဟုတ်) ဒသမတန်းတက်ရောက်ခဲ့သူဖြစ်ရမည်။ ကွန်ပျူတာ အခြေခံတတ်ကျွမ်းရမည်၊

(ခ) **သင်ကြားမည့်ဘာသာရပ်များ**
- (၁) Computer Basic (Word, Excel, Powerpoint)
- (၂) Desktop Publishing (InDesign)
- (၃) Graphic Design (Photoshop, Illustrator)
- (၄) Additional Subjects(IPR, Color Theory, Typography, DBMS and GIS)
- (၅) Video Editing and Special Computer Effect(Premier Pro, After Effect)
- (၆) Audio Engineering (Recording, Creation, Mixing and Mastering)
- (၇) Additional Subjects(Fundamental DJ, LED Management Software(Vimix), Open Broadcaster Software(OBS Studio), Capcut Pro, Canva Pro, AI Tools)
- (၈) 3D,4D Modeling and Animation(Blander)
- (၉) Professional Color Grading and Correction(DaVinci Resolve)
- (၁၀) Additional Subjects (Digital Midia Encoding,AI Tools for Media, Digital Branding And Social Media Skill)

(ဂ) **သင်တန်းကာလ** - Level (၁)ခုလျှင် (၃)လ၊ စုစုပေါင်း (၉)လ
- (၁) Level(I) - ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ တတိယပတ်မှ၂၀၂၅ ခုနှစ်၊ဖေဖော်ဝါရီလ တတိယပတ်အထိ
- (၂) Level(II) - ၂၀၂၅ ခုနှစ်၊ မတ်လ၊ မေလ မှ ဇွန်လ အထိ
- (၃) Level(III) - ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ မှ စက်တင်ဘာလ အထိ

(ဃ) **သင်ကြားချိန်** - Level- I
- Section- I (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) - နံနက်(၀၇:၀၀)နာရီမှ (၀၉:၀၀)နာရီ
- Section-2 (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) - နံနက်(၁၀:၀၀)နာရီမှ (၁၂:၀၀)နာရီ
- Section- 3 (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) - နေ့လယ်(၁၃:၀၀)နာရီမှ (၁၅:၀၀)နာရီ
- Section- 4 (စနေ၊ တနင်္ဂနွေ) - နံနက် (၀၉ :၀၀)နာရီမှ (၁၂:၀၀)နာရီ
- Section- 5 (စနေ၊ တနင်္ဂနွေ) - နေ့လယ် (၁၃:၀၀)နာရီမှ (၁၆:၀၀)နာရီ

(င) **သင်တန်းသားဦးရေ**
Section (၁)ခုလျှင် သင်တန်းသားဦးရေ (၄၀)ဦး

(စ) ပေးအပ်မည့်ဒီပလိုမာလက်မှတ် - **Part Time Diploma in Computer Arts (Dip.CA)**

(ဇ) **လျှောက်လွှာပုံစံရယူခြင်းနှင့် တင်သွင်းခြင်း** - အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၊ သင်တန်းရေးရာဌာန၌ လျှောက်လွှာပုံစံများကို ၄- ၁၁ - ၂၀၂၄ ရက်နေ့မှ စတင်ရယူ လျှောက်ထား နိုင်ပြီး ၁၉-၁၁-၂၀၂၄ ရက်နေ့နောက်ဆုံးထား လျှောက်ထားရမည်။ လျှောက်လွှာနှင့်အတူ အခြေခံပညာအထက်တန်း Grade-12 (သို့မဟုတ်) ဒသမတန်းတက်ရောက်ခဲ့ကြောင်း (သို့မဟုတ်) အောင်မြင်ကြောင်း ထောက်ခံချက်မိတ္တူ၊ ပတ်စပို့အရွယ် ဓာတ်ပုံ (၅)ပုံတို့နှင့်အတူ ပူးတွဲလျက်လျှောက်ထားရမည်။

(ည) **ဝင်ခွင့်ကြေညာမည့်ရက်** - ၂၀ - ၁၁ - ၂၀၂၄ ရက်နေ့

(ဋ) **သင်တန်းဖွင့်လှစ်ခြင်း** - ၂၁ - ၁၁ - ၂၀၂၄ ရက်နေ့၌ စတင်ဖွင့်လှစ်မည်ဖြစ်သည်။

၂။ Level တစ်ခုပြီးမြောက်ပါက သင်တန်းပြီးမြောက်ကြောင်း လက်မှတ်ပေးအပ်မည်ဖြစ်ပါသည်။ Level သုံးခုလုံး ပြီးမြောက်သူသည် အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ပါက ဒီပလိုမာလက်မှတ် အပ်နှင်းမည်ဖြစ်ပါသည်။

၃။ သင်တန်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက သင်တန်းရေးရာဌာန ဖုန်း၊ ၀၉-၄၂၁၀၁၂၈၀၈၊ ၀၉-၇၈၈၁၈၉၁၈၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး(သင်တန်းရေးရာ)**
**အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ ဇောတိက အိမ်ရာ၊ မြေတိုင်းအမှတ် (၂၆)၊ မြေကွက်အမှတ်(1C)၊ တိုက်အမှတ် (T1C)ကို ဦးသန့်ဇင် [၁၄/မမန(နိုင်) ၁၃၇၃၃၃]နှင့် ဦးနေလင်းဇင် [၁၄/မမန(နိုင်) ၁၄၅၅၄၁]တို့ထံမှ စာချုပ်စာတမ်းဖြင့် ပြန်လည်ဝယ်ယူထားပြီးဖြစ်ပါသဖြင့် ၎င်းအမည်ဖြင့် မြေငှားစာချုပ် ပြုလုပ်ပေးပါရန် ဦးကိုကိုလေး [၅/ရဘန(နိုင်) ၀၀၀၇၃၇]နှင့် ဦးကျော်သက် [၁၁/သတန(နိုင်) ၀၄၆၀၀၂]တို့က ဌာနသို့ တင်ပြလျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာ**
**ဖွံ့ဖြိုးရေးဦးစီးဌာန**

---

# နိုင်ငံ
# သာယာ
# ဝပြောဖို့
# သာဘာဝ
# တောတွေ
# ထိန်းသိမ်းစို့

---

## အကြောင်းပြပေးရန် အကြောင်းကြားစာ
## သဃ်န်းကျွန်းခရိုင်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၈၃

ဒေါ်မျိုးအေးအေးငြိမ်း နှင့် ၁။ ရိုးမဘဏ်လီမိတက်(၎င်း၏ကိုယ်စား လက်ထောက်မန်နေဂျာ ဒေါ်နှင်းယုဝင်း)
၂။ ဦးသန်းထိုက်စိုး
၃။ ဒေါ်စိုးမြတ်မြတ်

**(လျှောက်ထားသူ)** **(လျှောက်ထားခံရသူများ)**

အထက်အမည်ပါ အမှုမှ အမှတ် (၂) (၃) လျှောက်ထားခံရသူများ ဖြစ်သော ဦးသန်းထိုက်စိုး၊ ဒေါ်စိုးမြတ်မြတ် အမှတ် (၆၂၄)၊ မြရတနာလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီးနေသူများ (ယခုနေရပ်လိပ်စာ မသိသူများ) သိစေရမည်။

အထက်အမည်ပါ ဒေါ်မျိုးအေးအေးငြိမ်းက ဤရုံးသို့ "သဃ်န်းကျွန်းခရိုင်တရားရုံး၏ ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၁၁၂ တွင် ချမှတ်ထားသော ဝရမ်းကပ်သည့် ပညတ်အမိန့်အား တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ- ၅၈ အရ ဝရမ်းခွာပေးပါရန် လျှောက်ထားမှု" လျှောက်ထားသည်ဖြစ်၍ ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့ (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၃ ရက်နေ့) နံနက် (၁၀:၀၀)နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ် ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင့်တင့်ဌေး)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ မင်္ဂလာသီရိလမ်း၊ တိုက်အမှတ်(၈၀)၊ အခန်းအမှတ်(A1)၊ မြေညီထပ်/ခေါင်းရင်းခြမ်း၊ အကျယ်အဝန်း(၁၂½'×၅၀')အကျယ်ရှိရေမီးစုံလင်စွာပါရှိသော တိုက်ခန်းနှင့်ယင်းတိုက်ခန်းရှိအကျိုးခံစားခွင့်အရပ်ရပ်တို့ကိုတရားဝင်ပိုင်ဆိုင်၍အပြီးအပိုင်လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူဒေါ်နှင်းရွှေစင်(၁၂/သကတ(နိုင်)၁၁၄၆၅၅)ထံမှကျွန်ုပ်ဦးကျော်ကျော်လင်း(၇/ပခန(နိုင်)၂၅၃၆၁၄)ကအပြီးအပိုင်ဝယ်ယူရန်အတွက်စရံငွေတစ်ချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်သည်။ သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးကျော်ကျော်လင်း
အမှတ်(၂၃၃)၊ကျောင်းလမ်း(၁)လမ်း၊မြို့သစ်ရပ်ကွက်၊
ဒေါပုံမြို့နယ်၊ရန်ကုန်မြို့၊ဖုန်း၀၉၄၃၁၁၄၇၂၇၊၀၉၇၈၅၀၉၁၈၄၅

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ် (၇)လမ်း ပိုင် (၄)၊ အမှတ်(၃၂၆)၊ ၄-လွှာ(A)၊ အကျယ်အဝန်း (၁၂ပေခွဲx ၅၀ပေ)ရှိ တိုက်ခန်း၊ ၎င်းတိုက်ခန်း၏ မီတာ၊ ရေစက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား **ဒေါ်ဝင်းဝင်းကြည် [၁၂/ ဥကတ(နိုင်) ၀၈၅၂၉၅]**မှ ပိုင်ဆိုင်ပါကြောင်း/ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံသဖြင့် **ဦးမောင်မောင်အောင် [၁၂/ရကန(နိုင်) ၀၅၁၆၄၈]**မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်မောင်အောင် [၁၂/ ရကန(နိုင်) ၀၅၁၆၄၈] ၏**
**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးနန္ဒာအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၄၃)**
**အမှတ် (၄၉၉)၊ ငမိုးရိပ် (၅)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၇၄၄၀၉၁၆၈**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၉)၊ လူနေရပ်ကွက်အမှတ်(-)၊ မြေကွက်အမှတ်(၈၂၂/၁)၊(P-6)၊အကျယ်အဝန်း(၂၀၄၃) စတုရန်းပေခန့်အကျယ်ရှိ ဦးစိန်အောင်မင်း အမည်ပေါက်သည့် နှစ် (၆၀) ဂရန်မြေကွက်နှင့် (အရပ်ခေါ်) အားဖြင့် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊(၄၉)ရပ်ကွက်၊ရွှေနှင်းဆီလမ်း၊(၈၂၂/၁)၊(P-6)၊ဟုခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် ဝယ်ယူ၍လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဖြူဖြူလွင်(၇/ပတန(နိုင်)၀၀၉၈၀၅) ထံမှကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဒေါ်ခင်မြင့်ဇော်(၇/သဝတ(နိုင်)၀၀၈၆၅၆)က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်ချို့ ပေးချေထားပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်းခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်သူဇာနေဝန်း(LL.B) — ဒေါ်လိမ္မာဦး(LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၈၀၇၅) — အထက်တန်းရှေ့နေ(စဉ်-၅၁၄၅၆)

09-400860081,09 - 458887918, 09 - 408098822, 09 - 5080073
အမှတ် (1/A2)၊ မြသီတာအိမ်ရာ၊ မြင်သာ (၁၁) လမ်း၊ (၁၄/၁) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း (က) ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ် (၅၇)၊ မြေညီ (B)၊ အကျယ်အဝန်း (၁၅'x ၆၀')ရှိ တိုက်ခန်း၊ ၎င်းတိုက်ခန်း၏ မီတာ၊ ရေစက်အပါအဝင် ၎င်းတိုက်တည်ရှိရာမြေ အကျယ်အဝန်း (၃၃'x ၆၀')ရှိ မြေနှင့် မြေရှင်ခံစားခွင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား **ဒေါ်အုန်းမြင့် [၁၂/သဃက(နိုင်) ၀၆၄၅၁၉]**မှ ပိုင်ဆိုင်ပါကြောင်း/ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံသဖြင့် **၁။ ဒေါ်သီတာပို [၁၄/ရကန(နိုင်) ၀၈၇၈၄၅]၊ ၂။ ဒေါ်အေးမြသီတာ [၁၂/ကမတ(နိုင်) ၀၆၂၈၉၅]**တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**၁။ ဒေါ်သီတာပို ၂။ ဒေါ်အေးမြသီတာတို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးနန္ဒာအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၇၄၄၃)**
**အမှတ် (၄၉၉)၊ ငမိုးရိပ် (၅)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၇၇၄၄၀၉၁၆၈**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **လူငယ်များသည် တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်များဖြစ်ပြီး နိုင်ငံတာဝန်ကို ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့်သူများဖြစ်...**

❖ **လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တများကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်များရရှိပြီး တိုင်းပြည်၏ ဂုဏ်ကိုမြှင့်တင်လိုစိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းလိုစိတ်များဖြစ်ပေါ်စေရေးအတွက် စနစ်တကျဖြင့် လေ့ကျင့်ပျိုးထောင်ပေးရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄) သို့တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)



သွေးလင်းထက်နှင့် ဘရာဇီးအာချက် ထိုးသတ်နေစဉ်။

## ONE Friday Fights 85
## ပြိုင်ပွဲတွင် သွေးလင်းထက် အရေးနိမ့်

ရန်ကုန် နိုဝင်ဘာ ၂

ONE Friday Fights 85 ပြိုင်ပွဲကို နိုဝင်ဘာ ၁ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပရာ မြန်မာဖိုက်တာ သွေးလင်းထက် ရှုံးပွဲကြုံတွေ့ခဲ့သည်။

သွေးလင်းထက်သည် ထိုင်းဖိုက်တာ ဘရာဇီးအာချက်နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရပြီး ယင်းတွဲဆိုင်းကို ယခင်က ပွဲစဉ်(၁၀)တွင် ကျင်းပရန် စီစဉ်ထားသော်လည်း ပွဲထိုးသတ်နေချိန်အတွင်း ပြောင်းလဲကာ နောက်ဆုံးပွဲအဖြစ် ပြောင်းလဲထိုးသတ်စေခဲ့သည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ■

## နယူးကာဆယ်အသင်းက အလက်ဇန္ဒားအီဆက်ရဲ့ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အာဆင်နယ်အသင်းကို အနိုင်ရရှိ

ပရီမီယာလိဂ်ပွဲစဉ်(၁၀)ရဲ့ နိုဝင်ဘာ ၂ ရက်ညပိုင်း အစောဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ နယူးကာဆယ်အသင်းနဲ့ အာဆင်နယ်အသင်းတို့ပွဲစဉ်မှာ နယူးကာဆယ်အသင်းက အလက်ဇန္ဒားအီဆက်ရဲ့ တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ပါတယ်။

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❍




အာဆင်နယ်အသင်းနှင့် နယူးကာဆယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

**ယနေ့ ဖတ်စရာ**

**ကန့်ဘလူမြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ပြီး ဒေသခံပြည်သူများအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း မဟုတ်မမှန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက်ရှိ**

စာမျက်နှာ » ၁၅

## AFC Challenge League ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း အုပ်စုပထမဖြင့် ကွာတားဖိုင်နယ် တက်ရောက်



ရှမ်းယူနိုက်တက်အသင်းအတွက် ဒုတိယဂိုးကို ရဲရင့်အောင် သွင်းယူရာ တိုင်နန်စီးတီးအသင်း ဂိုးသမားမကာကွယ်နိုင်ဘဲ ဂိုးဝင်သွားစဉ်။

ရန်ကုန် နိုဝင်ဘာ ၂

၂၀၂၄-၂၀၂၅ ရာသီ AFC Challenge League ပြိုင်ပွဲ အုပ်စု(D) နောက်ဆုံးနေ့အဖြစ် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းနှင့် တရုတ်(တိုင်ပေ)ကလပ် တိုင်နန်စီးတီးအသင်းတို့ နိုဝင်ဘာ ၂ ရက်က သုဝဏ္ဏကွင်း၌ယှဉ်ပြိုင်ကစားရာ နှစ်ဂိုးစီသရေကျခဲ့သည်။

ယခုပွဲမတိုင်မီကတည်းက နှစ်သင်းစလုံး ကွာတားဖိုင်နယ်တက်ရောက်ပြီး ဖြစ်သော်လည်း ရှမ်းယူနိုက်တက်အသင်းက သရေကစားကာ အုပ်စုပထမဖြင့် နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သည်။ အာရှဘောလုံးအဖွဲ့ချုပ်က တစ်ကျော့ပြန်ကျင်းပသည့် AFC Challenge League ပြိုင်ပွဲ(ယခင် AFC President's Cup ပြိုင်ပွဲ)တွင် ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုပထမဖြင့် ကွာတားဖိုင်နယ် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၁၅ ကော်လံ ၂ သို့ ❂